
ဟားခဲ့ရပေါ့ 4
ဟာသစာစုများ
ဇော်ကြည်တော်
ဆူဖြိုက်မွန်မွန်
အသည်းကွဲ ရူးမျိုးကြီး
မိုးဆက်လင်းထက်
ဥက္ကာမင်းဆက်
ပါစ်ခွန်းဆိုပါစ်ခွန်း
ကိုဆန်း
သမီးချော
နောင်နော်နော်

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး
-ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
-ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
-ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား
ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊
ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်
ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍
အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်
အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို
ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံးစိတ်ဓာတ်နှင့်
အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်
ပညာရည်မြင့်မားရေး


# အကြည်တော်

စီ စ ဉ် ၍

## ကိုဆန်း

တ ည် း ဖြ တ် သ ည် ။

**တာဝန်ခံအယ်ဒီတာ**

ဥက္ကာမင်းဆက်

**အယ်ဒီတာအဖွဲ့**

ဆူပရာနို၊ သမီးချော၊
မိုးမိုး(B,sc)

**Layoutနှင့်အတွင်းသရုပ်ဖော်**

KO SAN
Art work group

**ကွန်ပျူတာစာစီ**

ကေသီ

**ဖြန့်ချိရေးမန်နေဂျာ**

ကိုမိုး

**ဖြန့်ချိရေး**

စိုးမိုးစာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅



# ဟားခလုတ် 4


## ကဗျာခလုတ်

| | | |
|---|---|---|
| ပိုက္ကူ | ကောင်းကင်သစ် | ၆ |
| ပျော် | စိုးစိုးပိုင်ဝေး | ၇ |

## စာသုတ ခလုတ်

| | | |
|---|---|---|
| မြစ်ပြင်ပေါ်ထင်ကျန်နေသာ မြွေခြေရာများ | အကြည်တော် | 8 |

## ဝတ္ထု ခလုတ်

| | | |
|---|---|---|
| တစ်ခွန်းဆိုတစ်ခွန်း | ပြည့်ပိုင်မှုးအိမ် | ၆၂ |
| တစ်ခါတုန်းက ကေသရာဇာ | ဥတ္တမင်းဆက် | ၁၀၆ |
| ဘီလပ်နစ်ကူး | မိုးဆက်လင်းထက် | ၃၂ |
| တရားအစ်မများ ဥပုသ်သွားတော့ | ဆူပရာနီ | ၁၇၈ |
| မောင်သုညရဲ့ ချစ်သည်းညှာ | နောင်နော်နော် | ၉၂ |
| အောင့်သက်သက် | မျိုးကိုမျိုး | ၁၇၀ |
| အသည်းကွဲ လူပျိုကြီး | ဆုမြတ်မွန်မွန် | ၇၀ |
| လူဆိုး | လူဆိုး | ၁၁၆ |

## ရပ်ကွက်ထဲမှာ ရယ်စရာ ခလုတ်

| | | |
|---|---|---|
| ရပ်ကွက်ရစ်သမ် | သမီးချော | ၂၂ |

## ကြီးပွားရေး ခလုတ်

| | | |
|---|---|---|
| မိုးဘီး | ဗုံဗလုံး | ၁၂၈ |
| ပေါ်တင်ကြီးပွားရေး | အိုက်ဒီယာဘကျော် | ၁၅၈ |

## ရာဇဝင်ခလုတ်

| | | |
|---|---|---|
| ကြုတ်တွင်းသွင်းကာ ထားပါလည်း | အဂ္ဂသူရာစည်သူပါမွှား | ၁၈၄ |

## အိုက်ဒီယာ ခလုတ်

| | | |
|---|---|---|
| အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ် | ကိုဆန်း | |

## ဝတိုင်ရာ ခလုတ်

| | | |
|---|---|---|
| စစ်တတ်ကြရဲ့လား | ထိပ်တင်လက် | ၅၄ |

## အမှုမှု ဥပဒေ ခလုတ်

| | | |
|---|---|---|
| ရှေ့နေဘိုးစံကွားနှင့် နှစ်မှုတစ်မျက်ခွက် | အဆွေတော် | ၁၃၈ |

## ဒဿန ခလုတ်

| | | |
|---|---|---|
| ပိုင်ကြောင်းမျက်နှာစာ | မိုးမိုး(B,SC) | ၂၁ |

## ကပ်သီးကပ်သတ်ခလုတ်

| | | |
|---|---|---|
| ဆငွေမထပ် | ဗြိုလ်ကော် | ၁၆၆ |

## တိုထွာခလုတ်


| | | |
|---|---|---|
| ပဟေဠိ စာမျက်နှာ | စံမီမီ | 31 |
| ဦးဘတူ ကယ်ပေလို့ | လူလိမ္မော် | 67 |
| စော်ကားချက် | ကေတီ | 103 |
| လာထားကြက်တစ်ကောင် | ဇီဝနိုင် | 157 |
| ဟာသနှင့်နေ အသက်ရှည် | Mr.JoKE | 123 |
| ရန်များအောင်စကားပြောနည်း | ဆရာကြပ်ခိုး | 115 |


## အပတ်သင် ခလုတ်

### ဟာသ


| | | |
|---|---|---|
| ထားဝရအတွက်ဟာသတစ်ခွက် | မေမြန်မာ | 192 |


### ပုံပြင်


| | | |
|---|---|---|
| အများနှင့်သက်ဆိုင်သောသူ | လင်းမော်လင်း | 196 |


### ဉာဏ်စမ်း


| | | |
|---|---|---|
| ဘယ်သူအမိုက်ဆုံးလဲ | အုပ်လုကြီး | 201 |



အုပ်ရေ- ၅၀၀၊ တန်ဖိုး- ၁၈၀၀၊
အဖုံးပန်းချီဒီဇိုင်း- ကိုဆန်း၊ အဖုံးဖလင်- EAGLE
အတွင်းဖလင်- ဦးထွန်းဆိုင်၊
ထုတ်ဝေသူ- ဒေါ်မိုးသီတာ(စိုးမိုးစာပေ)(မြ-၀၃၈၅၁)
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်သူ- ဦးမြင့်သန်း(မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
စာအုပ်ချုပ်- ကိုသန်းငွေ၊
ပုံနှိပ်ခြင်း-၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ၊
စာမူခွင့်ပြုအမှတ်-၅၀၁၄၃၅၁၂၁၀
မျက်နှာဖုံးခွင့်ပြုအမှတ်-၅၀၀၀၁၂၀၁၁၁




# ဟာသခလုတ်


အယ်ဒီတာအဖွဲ့ရုံးခန်း

အမှတ်(၁၁၃)၊
ကန်သာယာလမ်း၊
၂၆ ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း- ၅၉၅၀၁၅


**အနယ်နယ်အရပ်ရပ်မှ**
**စာမူများကိုဖိတ်ခေါ်ပါသည်။**
**ရွေးချယ်ဖော်ပြခံရပါက ထိုက်တန်သောစာမူခကို**
**ချီးမြှင့်ပါမည်။**


၈၉၅. ၈၃

ကလောင်စုံ
ဟာသခလုတ်(၄)/ကလောင်စုံ။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၀၄-စာ၊ ၁၃. ၅× ၂၀. ၅ စင်တီ။
(၁) ဟာသခလုတ်(၄)။




## ဟိုက္ကူ

ဂျပိန်ဂျပု
တူနဲ့ထု
ပိုပု ပိုပု။

**ဘောင်းကင်သစ်**



## ဖျော်



ကေတီဗီ
မာဆတ်နှင့်
ဟတ္ထာဇာတ်
မအားလပ်ခဲ့။

လူ့ဗီဇ
လူပီပီသသ
မှားတတ်ရဲ့။

အိပ်ချိအိုင်ဗီ
အေအိုင်ဒီအက်(စ်)
ဇယားကပ်လဲ။

ဘဝညဥ့်နက်
မိုက်မှောင်ထဲ
အားပြတ်တယ်။

မအားလပ်
ဇယားကပ်
အားပြတ်လဲ
မှားတတ်ဆဲ။

စိုးစိုးပိုင်ဝေး



အကြည့်တော်
မြစ်ပြင်ပေါ် ထင်ကျန်နေသော
မြွေခြေရာများ
K K T . 2 0 1 0

ဆရာရှင့်

စကားကြီးဆယ်ခွန်းလား၊ စကားကြီးဆယ်မျိုးလား၊ အဲဒီအကြောင်းကို ကျောင်းမှာလည်းတို့တို့တိတိပဲ သင်ခဲ့ရဖူးတယ်၊ ဆရာ၊ ဆရာမတွေကလည်း စကားစပ်လို့ ရေစီးဖောင်ဆန်၊ ကောက်ပင်ရိတ်လှိုးစသည်ဖြင့် ကြုံကြိုက်ရင်ပြောပြတတ်ပေမယ့် တကယ့်အပြည့်အစုံကို တခါခါထဲရှင်းပြတာ တစ်ခါမှမကြုံခဲ့ဖူးပါဘူး။ လူကြီးမိဘတွေကို မေးတာလည်း ယီးတီးယောင်တောင်ပဲ ပြောနိုင်ကြတယ်။ ဆရာသိရင် ရှင်းပြပေးပါ။ မသိရင်လည်း သမီးမမေးခဲ့ဘူးလို့ပဲ သတ်မှတ်ပါ။ ကျေးဇူးတင်ပါတယ်ရှင့်။

မေပါရမီ

၁၁၃၊ ရွှေဝါထွန်းလမ်း၊

လမုတန်းရပ်၊ မော်လမြိုင်



သာကေအားဖြင့်-ရှေးအခါက လူငယ်လေးယောက်နှင့် လူအိုတစ်ယောက်တို့သည် ပြောစကားကို မယုံဟုဆိုသူကို ကျွန်ပြုစတမ်းဟု ချိန်းချက်သဘောတူ၍ ယုံတမ်းစကားပြောဆိုကြလေသည်။ ထိုအခါ ပထမလူငယ်က

"ငါသည် ငယ်စဉ်အခါက အမိဝမ်းတွင်း၌ ပဋိသန္ဓေနေစဉ်တွင် အမိဖြစ်သူသည် ချဉ်သီးစားချင်ကြောင်းသိသဖြင့် ဝမ်းမှထွက်၍ ချဉ်သီးရှာပေးခဲ့သည်။ ယုံကြသလော"

ဟုဆိုရာ ကျန်လူများက'ယုံသည်'ဟု ဆိုကြလေသည်။ ဒုတိယလူငယ်က

"ငါသည် မန်ကျည်းသီးစားချင်သောကြောင့် ခြေမကိုကိုင်ပစ်ကာ မန်ကျည်းပင်ပေါ်သို့တက်သည်။ မန်ကျည်းသီးတင်းပေါင်းများစွာကို ဆွတ်ခူးပြီးလျှင် မဆင်းနိုင်လျှင် အိမ်မှလှေကားကိုပြန်ယူ၍ ဆင်းခဲ့ရသည်။ ယုံကြသလော"

ဟုဆိုလျှင် 'ယုံပါ၏'ဟု ဆိုကြလေသည်။ တတိယလူငယ်က

"ငါသည် ငါးစားချင်သောကြောင့် ရေတွင်ငုပ်၍ ငါးဖမ်းပြီးလျှင် ရေထဲမှာပင် မီးဖုတ်၍စား၏။ ယုံကြသလော"

ဟုဆိုရာ'ယုံပါ၏'ဟု ဆိုကြလေသည်။ စတုတ္ထလူငယ်က

"ငါ၏ မိဘတို့အိမ်သည် အလွန်မြင့်၏။ အိမ်မှ ကျွန်မ၏ ဖွားမြင်စသားငယ်သည် ကြမ်းပေါက်မှာကျရာ ဆံပင်ဆွတ်ဆွတ်ဖြူမှ အောက်သို့ရောက်၏။ ယုံကြသလော"

ဟုမေး၏။ ကျန်လူများက 'ယုံပါ၏'ဟု ဆိုကြလေသည်။ နောက်ဆုံးတွင် သူအိုက

"ငါသည် ဝါပင်တစ်ပင်စိုက်ခဲ့၏။ ထိုဝါပင်မှ ဝါသီးလေးသီးသီး၏။ ထိုဝါသီးများမှာ လူငယ်လေးယောက်ပေါ် ပေါက်လာသည်ကို ယခုမှပင်တွေ့ရတော့သည်။ ထိုသူငယ်တို့ကား သင်တို့လေးယောက်ဖြစ်၍ ငါ၏ကျွန်များပင်တည်း။ ယုံကြည်သလော"

ဟုဆိုရာ လူငယ်လေးယောက်တို့မှာ 'ယုံပါ၏'ဟု ဆိုလျှင်လည်း သူအို၏ကျွန်၊ မယုံပါဆိုလျှင်လည်း သူအို၏ကျွန်သာဖြစ်ကြရလေတော့၏။

ဤသို့ သူ့စကားကို ပိတ်မိအောင်ပြောသောစကားသည် ရေစစ်ကရား စကားပြောနည်းဖြစ်၏။

**(၁၀) ခက်တင်မောင်းနင်း စကားပြောနည်း**

သူ့စကားကို 'ဟုတ်၏'ဟုလည်းမဆို၊ 'မဟုတ်'ဟုလည်းမဆိုဘဲ မတင်မကျ စကားပြောနည်းသည် ခက်တင်မောင်းနင်း စကားပြောနည်းဖြစ်၏။

သာဓကအားဖြင့်-ရှေးအခါ မင်းမှုထမ်းတစ်စုတို့က လူဆိုးတစ်ယောက်အား ဖမ်းဆီးပြီးလျှင် သတ်မည်ပြုရာ၌ လူဆိုးက

"ငါသည် တောင်ဘီလူးဆရာတော်၏ တူဖြစ်ပါသည်"

ဟု အသက်ဘေးလွတ်ရန်ဆိုရာ မှန်မမှန်မေးရန် ဆရာတော်ထံသို့ ခေါ်သွားကြရာ ဆရာတော်က

"မဟုတ်ဘူးဟုဆိုလျှင် ဤသူသေမည်၊ ဟုတ်၏ဟုဆိုလျှင်လည်း ငါမုသားရောက်မည်"

ဟုကြံ၍

"ဤသူ ငါ့တူမဟုတ်ဟု မည်သူပြောသနည်း"

ဟု မိန့်တော်မူ၏။ မင်းမှုထမ်းတို့လည်း ဆရာတော်အားထပ်မံ၍မလျှောက်ဝံ့သဖြင့် ပြန်သွားကြရလေသည်။ ဤသို့ဖြင့် လူဆိုးလည်း အသက်ဘေးမှလွတ်ကာ ချမ်းသာရာရခဲ့လေသည်။

ဤကဲ့သို့ မတင်မကျပြောဆိုသည်ကို ခက်တင်မောင်းနင်းပြောနည်းဟု ဆိုပါသည်။

လေး စား စွာ ကြိုး စားလျှက်
**အကြည်တော်**

# ဒိုင်ကြောင်

**မျ က် နှာ စာ**

ဖိုးဖိုး(B,Sc)

ပန်းသီးကြွေကျတာကိုမြင်တာတောင် ကောက်စားဖို့သတိမရှိအောင်တွေဝေနေတဲ့သူဟာ နယူတန်ဆိုပြီး သိပ္ပံပညာရှင်ကြီးဖြစ်သွားတယ်။ ကောင်းရော။

လူဟာ တိရစ္ဆာန်ထက်မိုက်မဲတယ်။ စဉ်းစားကြည့်ပါ။ လူတွေ မြေလက်နက်တွေကို တစ်နိုင်ငံထက်တစ်နိုင်ငံ တိုးတက်သာလွန်အောင် ကြိုးစားနေကြတယ်။ ကြွက်တွေကတော့ ခုထိကြွက်ထောင်ချောက်တစ်ခုတောင် မတီထွင်ကြသေးဘူး။

ရုံးခန်းထဲ အလုပ်ရှိလို့ဆိုပြီး မဆင်မခြင်မလုပ်နဲ့။ တခြားလူတွေ နိုးကုန်မယ်။

ထူးချွန်ထက်မြက်တဲ့လူတွေဟာ ကျွန်တော့်လိုပဲ။ ကိုယ်တော်ကြောင်း ဘယ်တော့မှမကြွေးကြော်ဘူး။

ဆေးပညာက အရမ်းတိုးတက်လာတော့ ရောဂါဖြစ်ရင် အရင်လို လက်လွှတ်စပယ် မသေကြတော့ဘူး။ မချိမဆန့်ခံစားပြီး အကြာကြီးနေနိုင်တယ်။

စိတ်ပညာရှင်ဆိုတာ မော်ဒယ်ရှိုးပွဲရှေ့မှာထိုင်ပြီး မိန်းမလှလေးတွေကိုမကြည့်ဘဲ တခြားလူတွေရဲ့မျက်နှာကို လိုက်ကြည့်နေတဲ့လူ။

မိန်းမတစ်ယောက် ပါးစပ်က ဟစီ ဟစီဖြစ်နေတယ်။ ဒါပေမယ့် ဘာစကားသံမှ မကြားရဘူးဆိုရင် ကောင်မတစ်ခုခုဝါးနေပြီ။

အလုပ်တွေအများကြီးလျှောက်ဖူးတယ်။ ဒါပေမယ့် အလုပ်တိုင်းက ဘာလုပ်တတ်လဲလို့ချည်းမေးနေကြတယ်။

■



သမီးချော
ရပ်ကွက်ရစ်သမ်

# ရပ်ကွက်ရစ်သမ်

'ဖွား'

'ဟေ'

'ရဲလေးနဲ့ စိုင်းစိုင်းကို သင်းလိုက်ပြီ'

'ဟုတ်လား ဘာဖြစ်လို့လဲ အောင်ရဲ့'

'ရဲလေးက တအားဆိုးတယ်လေဖွားရဲ့ အမေကို အမြဲတမ်းခံခံပက်တယ်၊ စိုင်းစိုင်းကတော့ မစိတ်မွှန်လို့ဆိုလား တအားပိန်နေတယ်လေ သင်းလိုက်မှ မစိတ်ပျောက်ပြီး အစာတွေဘာတွေစားပြီး ဝလာတာတဲ့ ဖွားရဲ့'

'ဟုတ်လား'

'ဟုတ်တယ်ဖွားရဲ့ အောင်ကတော့ သက်မွှန်မြင့်မကိုအကြိုက်ဆုံးပဲ။ ထုံပေပေကြီးနဲ့ အစားပဲစားတာ။ သူ့ခြေထောက်တစ်ချောင်းဆိုရင် အောင့်ကိုယ်လုံးလောက်တောင်ရှိတယ်'

'နောက်ပြီး ဟိုယွန်မီတို့ကရော'

'သူတို့လည်း ရှိတယ်ဖွားရဲ့ လှ,ဝလို့ပဲ။ ရဲလေးတို့ကိုသင်းတော့ သူတို့လည်း ကြောက်လို့ထင်တယ် ခြံထဲလိုက်ပတ်ပြေးနေကြတယ်'

'သြော်. . ဒါကြောင့် စောစောစီးစီး မခင်သန်းဦးတို့အိမ်ဘက်က ဝက်သံတွေ စီစီညံနေတာပေါ့'

'အောင့်ကို ဘုတလက်လာခေါ်လို့ အောင်လဲသွားကြည့်တာဖွားရဲ့။ ဝက်သင်းတဲ့ဦးလေးအောင်ကြီးဓားကလဲ ထက်မြနေတာပဲ၊ အောင်တို့ကိုတောင်



သင်းထားတဲ့ဝက်ဥကို ပေးသေးတယ်။ အောင်ကမစားရဲလို့ မယူလာဘူး။ ဘုတလက်ကတော့ အဲဒီဝက်ဥကို ငှက်ပျောဖတ်နဲ့အုံ မီးကျည်ခဲထဲပစ်ထည့်ပြီး '၃'မိနစ်စောင့်ရင် မွှေးကြိုင်ပြီး အင်မတန်အရသာရှိတဲ့ ဝက်ဥငှက်ပျောဖက်ထုပ်ကိုရတယ်တဲ့'

'ကြုံကြုံဖန်ဖန်ဟယ်'

'ဟုတ်တယ်၊ ဦးလေးအောင်ကြီးကလည်းပြောတယ် ဥစားရင် အားရှိတယ်တဲ့။ ဒါနဲ့ ဖွား,အောင်ခုမှ သတိရတယ်။ ဖွားကိုပြောဖို့ မေ့နေတာ'

'ဘာများလဲ လူကြီးမင်းရယ်'

အောင်သူရိန်က မှေးနေတဲ့မျက်လုံးလေးကို ပြူးယောင်ပြုလိုက်ပြီး

'အဲဒီ အန်တီမခင်သန်းဦးဆီမှာ ယောက်ျားရှိတယ်'

'ဟယ် ပေါက်ကရ မရှိပါဘူး။ ဖွားချောလဲ တစ်ခါမှမတွေ့ပါဘူး'

'ရှိပါတယ်ဆိုမှ ဖွားကလည်း အောင်မလိမ်ဘူး တကယ်ပြောတာ၊ သူ့ယောက်ျားကရှူးနေတာ လေလဲထိထားတယ်၊ အမြဲတမ်း အိမ်နောက်ဖေးမှာပဲနေတယ်၊ သူ့လုံချည်တောင်သူမနိုင်ဘူး ဖွားတို့က အိမ်ရှေ့ကနေပဲကြည့်တော့ မမြင်ရဘူးလေ၊ ခု အောင်တောင် နောက်ဖေးထိသွားခဲ့လို့မြင်ရတာ'

'သူ့ယောက်ျားလို့ မင်းကိုဘယ်သူပြောလဲ'

'ဘုတလက်ပြောတာ'

'ဟွန်း လူကြီးလူကောင်းတွေ'

'သြော်. . အောင်တို့က ပြောင်းလာတာမကြာသေးတော့ ဘယ်သိမှာလဲ၊ ဘုတလက်တို့က ဟိုး. . သူတို့မိဘတွေလက်ထက်ထဲက ဒီမှာနေတဲ့ ဒီရွာသားတွေဆိုတော့ သိကြတာပေါ့'

'ကဲပါ ဆက်စမ်းပါဦး အဲဒီ မခင်သန်းဦးယောက်ျားဆိုတာ'

ကျုလုကျခင်ဖြစ်နေတဲ့ နှပ်ချေးတွဲကြီးကို အောင်သူရိန်က တဝှီးတ်သွင်းလိုက်တယ်။ နှပ်ချေးတွဲကြီးက နှာခေါင်းကိုလွန်လို့ အာခေါင်ထဲကျသွားရုံရတယ်။ ကျဥလို့မြိုချလိုက်ပြီး

'အဲဒီလူကြီးနာမည်က စံစီဖိုးတဲ့ ဖွားချောရဲ့။ သူငယ်စဉ်က သိပ်နဲ့တာတဲ့၊ ကွမ်း။ ဆေးလိပ်ဝေးလို့ အရက်ဆိုရင် တစ်စက်တောင်မသောက်ဘူးတဲ့

သူတဲ့။ အလုပ်ဆိုလဲ ကြိုးစားလိုက်တာများ မိုးချုပ်တာကိုတောင် အပြစ်တင်တတ်တာတဲ့။ အရင် ဒီရပ်ကွက်တွေမပေါ်ခင် အိမ်ယာတွေမဖြစ်ခင် ဒီနေရာက ရွာကြီးဆိုလား ဖွားရယ်။ ရွာနာမည်က ဂျပန်ကုန်းဆိုလား'

အောင်သူရိန်က ပြောလက်စ,စကားကို ရပ်လိုက်ပြီး သူ့မေး

> ● အမှုစစ်တော့လည်း သူကြီးကို ဘယ်သူက ပါးစပ်ပေးပိတ်ထားမလဲ၊
> ညှိုကြခံကြပေါ့ ဖွားရယ်၊ မောင်စံစီဖိုးလည်း တစ်သက်လုံး
> မသောက်ဖူးတဲ့အရက်ကို
> သူကြီးဖြစ်မှ စမ်းသောက်ရင်း စမ်းသောက်ရင်းနဲ့ ●

ကောက်ကြီးပွတ်လို့ စဉ်းစားဟန်ပြနေပုံများ သီဟိုဠ်စေ့ကောက်ကောက်ကြီးကို ကလပ်ပေါ်တင်ထားသလို။

'အဲဒါ ဖွားရယ် ရပ်ရွာကလူတွေက စံစီဖိုးလေး သိပ်ရိုး၊ သိပ်တော်ဆိုပြီး ရွာသူကြီးတင်လိုက်တာ။ အဲဒီကစပြီး ရှုးတော့တာပဲ'

'ဟင် မင်းစကားကလဲ ရွာသူကြီးဖြစ်တာနဲ့ ရှုးရောလား'

'ဩော်. . ဖွားချောရယ် ရွာလူကြီးဆိုတော့ အလုပ်ကများတယ်လေ၊ ဟိုအမှုစစ်ရ၊ ဒီအမှုစစ်ရ၊ ဟိုသွားရ ဒီသွားရ တစ်ချက်မှမနားရဘူး၊ သူကြီးလာတယ်ဆိုတော့လည်း ညှိခံကြ ကျွေးမွေးကြပေါ့။ အမှုစစ်တော့လည်း သူကြီးကို ဘယ်သူက ပါးစပ်ပေးပိတ်ထားမလဲ။ ညှိုကြခံကြပေါ့ ဖွားရယ်။ မောင်စံစီဖိုးလည်း တစ်သက်လုံးမသောက်ဖူးတဲ့အရက်ကို သူကြီးဖြစ်မှ စမ်းသောက်ရင်း စမ်းသောက်ရင်းနဲ့ နောက်ဆုံး အရက်အိုးထဲပါ ဒိုင်ဗင်ပစ်တော့တာတဲ့။ နေ့မှန်းမသိ ညမှန်းမသိ သောက်လိုက်တာ ခုလိုရူးပြီး လေဖြတ်တဲ့ထိပဲတဲ့'

'သူကြီးအလုပ်ရော ပြုတ်ရောလား'

'ပြုတ်ရောပေါ့ ဖွားရယ်'

ဖွားချောတို့မြေးအဘွားနှစ်ယောက်စကားကောင်းနေတုန်း မခင်သန်းဦးတစ်ယောက် အိမ်ရှေ့က ဘောက်ဆတ်ဘောက်ဆတ်နဲ့ဖြတ်သွားတယ်။ ဖွားချောဘက်လှည့်ပြီး

'လိုက်မလားဟေ့ မိချောရော၊ ဩော်. . ညည်းပုံစံနဲ့ကတော့ ရမှာမဟုတ်ပါဘူး။ ဖြူဖတ်ဖြူလျော် လေတိုးရင်ကျိုးမယ့်ရုပ်နဲ့ တို့ကတော့ ဒေါင်းသီမောင်းသီဆိုတော့ အလုပ်က လက်ကိုမလည်ဘူး'

ပြောလဲပြော လျှောက်လဲလျှောက်နဲ့ သွားလိုက်တာ စကားလဲဆုံးလူလဲပျောက်ပဲ။ ထဘီတိုတိုအောက်က လှစ်ခနဲလှစ်ခနဲပေါ်သွားတဲ့ အတွင်းခံဘောင်းဘီပန်းရောင်နဲ့ မျက်မှန်နက်ကိုကြည့်ပြီး မခင်သန်းဦးတို့ ပွဲကောင်းပြန်ပြီထင်တယ်။

* * *

'ဖွား'

'ပြော'

ဖွားချော တိုက်လက်စအိုးကို ပိုပြီးပြောင်လက်သွားအောင် အုန်းဆံနဲ့ဖိပွတ်ရင်း အောင်သူရိန်ကိုကြည့်လိုက်တယ်။

'အိမ်နောက်ဖေးမှာနေတဲ့ ကြီးမှုံကြီးယောကျ်ားက ကုမ္ပဏီအရာရှိမဟုတ်ဘူးတဲ့'

'မင်းဟာလေ. . လုပ်ပြန်ပြီ စပ်စပ်စုစုတအားနိုင်တာပဲ ဘယ်ကမျှောလိုက်တယ်မသိဘူး'

'ဖိုးနဲ့ဖွား တစ်ယောက်ယောက်ပဲဖြစ်မှာပေါ့'

'ဟေ့ ငါတော့ မဟုတ်ဘူး'

ဖွားချောတို့ အိမ်ရှေ့ကကျောက်ရုပ်ကြီး အသံထွက်လာတယ်။

'အေးပါ မကောင်းကျောင်းပို့ ကျုပ်အမျိုး၊ ကျုပ်အမျိုး ဘာဖြစ်လဲကဲပြောစမ်း ငါ့မြေးသိသလောက်'

ဖွားချော ကိုဖိုးထင်ကိုရှဲ့ပြီး အောင်သူရိန်ရဲ့အတင်းပဒေသာကို အားပေးလိုက်တယ်။

'အဲဒီလူကြီးက ဖွားရယ် မနက်ဆို သူဝတ်ထားတဲ့ကုတ်အင်္ကျီဘောင်းဘီနဲ့နက်ကတိုင်တွေကို ကုမ္ပဏီမရောက်ခင် အများသုံးအိမ်သာတစ်ခုမှာ ဝင်ချွတ်ပြီး သူကိုင်တဲ့အိတ်ထဲက အလုပ်သမားဝတ်စုံနဲ့လဲဝတ်တာတဲ့. .

'ဒါဆို သူက ကုမ္ပဏီမှာ ဘာဝန်ထမ်းလဲ'

'ကုန်ထမ်းတာလေ ဖွားရဲ့။ ပစ္စည်းတွေထမ်းပြီး ကားပေါ်တင်ချလုပ်ရတာတဲ့'

'ဟုတ်ရဲ့လား အောင်ရယ်၊ မမှိုကြီးပြောတော့ သူ့ယောက်ျားက

● လူတွေက အဲဒီအကြောင်း
ပြောမှာမဟုတ်ဘူး ဖွားချောတို့
မလုပ်တာတဲ့ မကိုင်တာတဲ့နဲ့ ဘာလုပ်လုပ်
အရုပ်ပြင်း အရှင်းပြုတ်နေတာကိုပဲ
ပြောမှာ သိလား ●

ကုမ္ပဏီအရာရှိတဲ့ ရပ်ကွက်လမ်းကမကောင်းတော့ ကားဝင်ထွက်မရလို့ ရပ်ကွက်ထိပ်မှာ ကားရပ်ခိုင်းပြီး ဒီကလမ်းလျှောက်သွားတာဆိုလားပဲ'

'ဘာမှမဟုတ်ဘူး၊ အဲဒါအလကားညာနေတာ အောင်ဘယ်ကသိလဲလို့မမေးနဲ့ အောင်တို့က သိကိုသိနေတာ'

'မြေးအဘွားနှစ်ယောက် ဘာတွေတွတ်ထိုးနေကြတာလဲ'

ပျစ်ချွဲချွဲကြီးပေါ်လာတဲ့ မမှိုကြီးအသံ။ သူ့ဘေးမှာ သူ့ယောက်ျား ကုမ္ပဏီအရာရှိကြီး ကိုမြင့်မောင်။ ခန့်လို့ သန့်လို့ အနောက်တိုင်းဝတ်စုံနဲ့ လယ်သာလက်ဆွဲအိတ်နဲ့။

'ဒီမှာလေ ဖွားချောရဲ့ ကိုမောင့်ကိုသွားပို့မလို့၊ သူ့ကားက ဒီလမ်းထဲဝင်လို့မရဘူးလေ. . ဟင်း. . ဟင်း'

ပျစ်ချွဲချွဲအသံ ဘတ်လဘိုင်လိုက်နေတဲ့ရုပ်ကြီးမှ အားမနာ။ မမှိုကြီးဆို နုလို့နွဲ့လို့။ အောင်သူရိန်ကတော့ ခုနကအတင်းတုတ်နေတာ သူမဟုတ်သလို ငြိမ်ချက်သားကောင်းနေတယ်။

* * *

'ဖွား'

'ဟေ'

'ဟိုနေ့က မီးလန့်တာ ဖွားသိလိုက်လား'



'အေး သိလိုက်တယ် ရပ်ကွက်လူကြီးမောင်ဖိုးတုတ်အိမ်ကဆိုလားပဲ မီးလုံးကြီးက အကြီးကြီးဖြစ်နေပြီ။ မင်းကလည်းပျောက်နေတော့ ဖွားတောင်စိတ်ပူပြီးလိုက်ရှာတာ'

'ဟုတ်တယ်ဖွားရဲ့၊ အောင်က အဲဒီအိမ်ရှေ့ရောက်နေ ဘာ ခုအဲဒါပြဿနာဖြစ်နေတယ် သိလား ဖွားရဲ့'

'ဘယ်လိုပြဿနာဖြစ်တာလဲ အောင်ရယ်'

'မီးက သူတို့နောက်ဖေးကစလောင်တာ ဖွားရဲ့။ နောက်ဖေးမှာ ထမင်းချက်ပြီး မီးမငြိမ်းခဲ့ဘူးထင်ပါတယ်။ မီးကထရံကိုဟပ်ပြီး ခေါင်ကိုတက်စွဲတာ။ သူတို့ခေါင်က နိမ့်နိမ့်လေးရယ် နောက်ပြီး ဓနိဖတ်တွေကလည်း ကျွတ်နေတာဆိုတော့ မီးကချက်ချင်းကြီး တက်လာတယ်လေ'

'အဲဒါကို သူတို့က မသိဘူးလား'

'သိတာပေါ့၊ ခိုးသတ်နေတာလေ မနိုင်ဘဲ မီးလုံးကြီးကပိုကြီးလာတော့မှ တခြားလူတွေသိပြီး မီးသတ်ဖို့ရောက်လာကြတယ်'

'အင်း. . အဲဒီတော့'

'အဲဒါကို ဦးလေးဖိုးတုတ်ကြီးက အိမ်ရှေ့တံခါးကို အတင်းပိတ်ပြီး တို့အိမ်လောင်တာမဟုတ်ဘူး သွားကြဆိုပြီးမောင်းထုတ်တာ မီးလုံးကလည်း တအားကြီးတော့ လူတွေကဖိုးရိမ်ပြီး နောက်ဖေးလမ်းကြားက ခြံစည်းရိုးကို အတင်းဖျက်ဝင်ပြီး မီးဝင်ငြိမ်းမှပဲ မီးကသေတော့တယ်။ ကိုကြီးမြတ်ကျော်တို့ ကိုကြီးနိုင်လင်းတို့ဆိုရင် နောက်ဖေးလမ်းကြားမှာ သံဇူးတဲ့လူရှူး ပုလင်းကွဲရှတဲ့လူကရှန်.'

'အေးဟယ် တော်ပါသေးရဲ့၊ နို့မဟုတ်ရင် တစ်ရပ်ကွက်လုံးကုန်မှာ နောက်တစ်ခါဆိုရင် ဖွားချောမှာထားမယ်နော်အောင်သူရိန် အရေးနဲ့အကြောင်းဆို ဘယ်မှမသွားနဲ့ ဖွားနားမှာနေ သိလား'

'အင်းပါ ဖွားရဲ့'

'မြေးအဖွားတွေ အေးဆေးနေ၁၊ ကျွန်တော်ကတော့ အလုပ်များတယ် ဖွားချောရယ် ဖွားချောတို့လို အေးရာအေးကြောင်းနေချင်တာ'

ရပ်ကွက်လူကြီး ကိုဖိုးတုတ်အသံ။ အောင်သူရိန် ဇက်လေးပုပြီးကြည့်နေတယ်။ ဖွားချောကတော့ အလိုက်သင့်ရယ်လို့ပြုံးလို့ပေါ့။

'ဖွား'

'ဟိုလေ'

'ကဲ တော်ပါတော့ လူကြီးမင်းရယ် မင်းရဲ့အတင်းပဒေသာ ခုလောက်ရှိရပ်ကွက်ထဲလည်း မင်းနဲ့ဘုတလက်တို့အဖွဲ့ ဘယ်လောက်သောင်းကျန်းတယ်ဆိုတာ ပြောနေလောက်ပြီ'

'ဟွန်း လူတွေက အဲဒီအကြောင်းပြောမှာမဟုတ်ဘူး ဖွားချောတို့မလုပ်တတ် မကိုင်တတ်နဲ့ ဘာလုပ်လုပ် အရုပ်ပြင်း အရင်းပြုတ်နေတာကိုပဲ ပြောမှာသိလား'

'အမလေး ငါ့ကိုပြောဖို့ထက် အိမ်ရှေ့ကငုတ်တုတ်၊ မီးဖုတ်သုတ်စားလို့လဲမရတဲ့ မင်းအဖိုးကိုပြောမှာ သိလား'

ဒီတော့မှ ကျောက်ရုပ်က စကားထပြောတယ်။

'မင်းက ဒီကျောက်ရုပ်တန်ဖိုးမှမသိတာ တခြားယောက်ျားတွေနဲ့ယှဉ်ကြည့်စမ်းပါ ဘယ်လောက်ဒုက္ခအေးလဲဆိုတာ သေရင်တောင် နိဗ္ဗာန်ရောက်မှာ'

'ဟွန်း သွားပါလား၊ နေ့တိုင်းအငုတ်တည်နေတာကို ပင်စင်ပေးရမယ်'

ဖွားချောမျက်စောင်းက အချက်တစ်ထောင်မက ကိုဖိုးထင်ပေါ်ကို ကျသွားပြီ။

ဘာပဲဖြစ်ဖြစ် ဖွားချောတို့ရပ်ကွက်လေးကတော့ စည်းချက်မှန်မှန်လေးလှုပ်ရှားလို့နေပါတယ်။ ဟောဟိုမှာ အောင်သူရိန်တို့တီးဝိုင်းစနေပါပြီ။ ပန်းကန်စုတ်၊ ခွက်စုတ်၊ အိုးမှုတ်ခွက်၊ သံပုံးပြတ်တို့ကို အသံမြည်ရုံမက ကျယ်လောင်အောင် တီးခတ်နေကြပြီ။ ကိုယ့်မြေးဆရာကြီးက ဝါးခြမ်းဆွေးပိုင်းကြီးကို မိုက်လုပ်ပြီး သံကုန်ဟစ်လို့။

'ငါ့ကိုချစ်ရင် ဖုန်းမဆက်ပါနဲ့။ ငါ့လင်သိမှာ စိုးလို့ပါကွယ်၊ ဒီလိုဖုန်းဆက်နေမယ့်အစား အချိန်ကိုအကျိုးရှိအောင် အသုံးချပါလား၊ အိမ်ကဟာကြီး အပြင်သွားနေတုံး နောက်ဖေးပေါက်က တက်ခဲ့ပါလား ငါ့ကိုချစ်ရင် ဖုန်းမဆက်ပါနဲ့. . ငါ့ကိုချစ်ရင် ဖုန်းမဆက်ပါနဲ့'

● သမီးချော



ဝိမိမိ တ င် ဆ က် သ ည် ။

# ပဟေဠိ

လူသားတို့ စိတ်လိုက်မတ်တပ်တိုးတက်လာကြခြင်းမှာ တွေးခေါ်ခြင်းကြောင့်ဖြစ်သည်။ လူသည် တိရစ္ဆာန်ထက်သာသော အချက်ထဲတွင်ရယ်မောခြင်းနှင့် တွေးခေါ်ခြင်းသည် အထင်ရှားဆုံးအချက်များဖြစ်သည်။ ပဟေဠိများသည် တွေးတောရသည်။ အဖြေသိလျှင် ပြုံးရွှင်ရယ်မောရသည်။ ထို့ကြောင့် ပဟေဠိသည် လူတို့၏အခွင့်ထူး လူပီသစေသော ကစားနည်းဖြစ်ပါသည်။

တွေးတောခြင်းအလေ့အကျင့်ရကြပါစေ။

(၁) အသီးမသီး။
အရွက်မပါ၊ အကိုင်းအခက်လည်းမပေါက်။
အမြစ်လည်းမရှိ။
မြေကြီးမှာလည်းမပေါက်။
အသားနဲ့လည်းမထိတာ
ဘာပင်ပါလဲဗျာ။

(၂) လူတစ်ယောက်ဟာ ဆိုင်တစ်ဆိုင်ထဲကို လူအဖြစ်နဲ့ပဲဝင်သွားတယ်။ ပြန်ထွက်လာတော့ ခွေးအဖြစ်နဲ့ပြန်ထွက်လာတယ်။ အဲဒါဘာဆိုင်လဲ။

(၃) သူဌေးကြီးရဲ့သမီးဟာ ငိုရင်ပုလဲထွက်တယ်။ ရယ်ရင် ရွှေထွက်သတဲ့။ ဘေးအိမ်က သူဆင်းရဲရဲ့သမီးက ငိုရင် ပုတီးထွက်သတဲ့။ ရယ်ရင်ဘာထွက်မယ်ထင်သလဲ။

(၄)မြန်မာလူထုဟာ အမြဲတန်းသေတာနဲ့ရင်ဆိုင်နေရတယ်။ ဘာသေတာလဲ။

ပဟေဠိအဖြေမှန်ကို မိမိဉာဏ်နှင့်စဉ်းစားသုံးသပ်ပါ။ ရရှိသောအဖြေနှင့် ကျွန်တော်တို့၏အဖြေမှန်ကို ဤစာအုပ်၏တစ်နေရာတွင် တိုက်ဆိုင်စစ်ဆေးကြည့်ပါ။ ■



မိုးဆက်လင်းထက်

# ဘီလပ်နှစ်ကူး

"ငါတို့မြန်မာတွေမှာ သင်္ကြန်ရှိသလို သူတို့ဘီလပ်တွေမှာလည်း သင်္ကြန်ဆိုတာရှိတယ်ကွ"

နွားစာစဉ်းနေရင်းမှ ချက်ကြီးတစ်ချက်လှည့်ကြည့်ကာ သူ့အလုပ်သူပြန်လုပ်သည်။ သာဂိ ထန်းလျက်ခဲတစ်ခဲကို ကိုက်ကာ. .

"သူတို့ဘီလပ်သင်္ကြန်ဆိုတာ ငါတို့လိုရေပက်တာမဟုတ်ဘူးကွ၊ လူတွေစုပြီး ဝိုင်းအော်ရတာတဲ့၊ အဲဒါမှ သူတို့နှစ်သစ်ကကူးသွားတာလို့ ပြောတယ်"

ချက်ကြီး နည်းနည်းတော့စိတ်ဝင်စားသွားသည်။ သာဂိကို လှည့်ကြည့်ပြီးလှမ်းလာ၏။ နောက်တော့ သာဂိဘေးတွင်ထိုင်ကာ. .

"ဘယ်လိုဝိုင်းအော်ရတာလဲကွ"

သာဂိက ချက်ချင်းမပြောသေး၊ ရေနွေးကြမ်းကို ဇိမ်ခံမှုတ်နေလိုက်သေး၏။ ချက်ကြီးမှာဖြင့် ပါးစပ်အဟောင်းသားလေးနှင့် သာဂိကိုငေးကြည့်



နေသည်။ သာဂိက ချက်ကြီးရဲ့စိတ်ဝင်စားမှုအရှိန် အမြင့်ဆုံးရောက်မှ စကားကိုဆက်၏။

"သူတို့ဘာသာစကားနဲ့ အော်တာပေါ့ကွ၊ ဘာတဲ့. . ဟက်ပီးအရှူးကြီးယားဆိုလား. . ဟက်ပီးတိုးနီးယားဆိုလား"

"ဟက်ပီးအရှူးကြီးယားဟုတ်လား၊ ဟာ. . မဖြစ်နိုင်ပါဘူးကွ မင်းတလဲ အင်း. . တိုးနီးယားဆိုတာတော့ ဖြစ်နိုင်တယ်၊ ငါတို့မြန်မာတွေမှာလည်း တိုးနီးယားဆိုတာရှိသေးတာပဲ တိုးနီးယားကတောင် ရှိသေးတယ်လေ၊ ဒါဆို အင်္ဂလိပ်တွေလည်း တိုးနီးယားအကနဲ့ကြိုတာပေါ့"

သာဂိ အတိအကျမသိသော်လည်း သိက္ခာကျမည်စိုး၍ခေါင်းညိတ်ပြလိုက်၏။

"ဒါနဲ့ သူတို့နှစ်ကူးက ဘယ်တော့လဲဟင်"

"အဲ. . ဟို"

သာဂိ အကျပ်ရိုက်သွားသည်။ သူလည်း ဘီလပ်နှစ်ကူးဘယ်နေ့မှန်း အတိအကျမသိ၊ မြို့က ဘုရားကျောင်းဆောင်တွေရောင်းတဲ့ဆိုင်ကကောင်လေး ပြောလိုက်တော့ လတစ်လရဲ့နောက်ဆုံးလိုလို . . နှစ်တစ်နှစ်ရဲ့ နောက်ဆုံးနေ့လိုလိုသာသိထား၏။ ရက်အတိအကျမသိ၊ သို့သော် ချက်ကြီးရှေ့မှာတော့ နည်းနည်းလေးမှ သိက္ခာကျခံလို့မဖြစ်၍. .

"ဟိုဟာကွာ. . ဟို. . သူတို့အင်္ဂလိပ်လရဲ့ နောက်ဆုံးနေ့တဲ့ကွ၊ အဲဒီ. . သူတို့နှစ်ရဲ့နောက်ဆုံးနေ့လို့ ပြောတယ်"

ချက်ကြီး ဘာမှန်းညာမှန်းမသိ ခေါင်းတဆတ်ဆတ်ညိတ်၏။ ပြီးတော့ အဝေးတစ်နေရာသို့ ခပ်တွေတွေလေးကြည့်ကာ. .

"အေးကြည်မကို သတိရလိုက်တာကွာ"

"ဟာ. . . ဘာဆိုင်လို့လဲကွ"

သာဂိ ရေနွေးကြမ်းသောက်နေရင်းမှသီးသွားကာ ချက်ကြီးကို ကြောင်တောင်တောင်နှင့်ကြည့်တော့ ချက်ကြီး ဆွေးဆွေးမြည့်မြည့်လေးနှင့် သူ့စကားသူဆက်သည်။

"အေးကြည်မက ငါ့ကို သုံးနှစ်သုံးမိုးစောင့်ကြည့်နေတာ ဒီနှစ်သင်္ကြန်

ဆို သုံးနှစ်ပြည့်ပြီကွ"

"အဲဒါနဲ့ ဘီလပ်နှစ်ကူးနဲ့ ဘာဆိုင်လို့လဲ ချက်ကြီးရာ"

"ဆိုင်တာပေါ့ကွ၊ တကယ်လို့သာ မင်းပြောသလို ဘီလပ်နှစ်ကူးနဲ့ဆို သုံးနှစ်သုံးမိုးက အမြန်ပြည့်ရင်ပြည့်သွားမှာကွ"

သူပြောတော့လည်း ဟုတ်သလိုလိုဟု သာဂိတွေးမိသည်။ သင်္ကြန်က လေးငါးလလောက်တောင်လိုသေးကာ ဘီလပ်နှစ်ကူးက မကြာမီရောက်လာတော့မည်ဆိုတာလောက်တော့ သိထား၏။ သို့သော် ဟုတ်ဟုတ် မဟုတ်ဟုတ် သာဂိတို့ ခွင်ဝင်သွားလေပြီ။ သူက ထိုဘီလပ်နှစ်ကူးကို အလွန်ကျင်းပချင်နေသည်။ အခုတော့ သူ့ဘက်ကအဖွဲ့ဝင်တစ်ယောက်ရပြီ။ သူ ချက်ကြီးကိုအသုံးချလိုက်လျှင် မျက်ပြူးတို့ ခွေးပုတို့၊ ကြက်ဖတို့ကို စည်းရုံးရတာ သိပ်ခက်တော့မည် မဟုတ်ဟု တွေးလိုက်ကာ. . .

"မင်းပြောတာမှန်တယ် ချက်ကြီး. . ဘာပဲဖြစ်ဖြစ် နှစ်ကူးတာချင်းအတူတူ ဒီဘီလပ်နှစ်ကူးမှာသာ မင်း အေးကြည်မကို စည်းရုံးနိုင်ရင်ပြီးပြီကွ"

"ဟုတ်တာပေါ့ကွာ. . ဒါပေမယ့်. . အင်း"

ချက်ကြီး ဘာကိုတွေးမိလို့လဲမသိ၊ သက်ပြင်းကြီးချကာ ငြိမ်ဆင်းသွားသည်။သာဂိ နည်းနည်းလန့်သွားပြီး ချက်ကြီး ဒီကိစ္စမှာ စိတ်ပျက်သွားလို့ မဖြစ်မှန်း သဘောပေါက်လိုက်ကာ. . .

"ချက်ကြီး မင်းယောကျ်ားမဟုတ်ဘူးလား၊ ဘာကိုစိတ်ညစ်သွားတာလဲ"

"အေးကြည်. . အေးကြည်မက ဘီလပ်နှစ်ကူးကို လက်ခံပါ့မလား သာဂိရာ. . အဲဒါတွေးမိလို့ပါ"

"ဟာ. . ချက်ကြီးရာ. . မင်းကွာ အ,ရန်ကော သူ့ကို မသိ,သိအောင် စည်းရုံးရမှာပေါ့ကွ၊ ဒီမှာ ချက်ကြီး အဲဒါငါ့တာဝန်ထား"

ချက်ကြီး သူ့ကို မယုံတစ်ဝက်ယုံတစ်ဝက်နှင့် လှည့်ကြည့်၏။ ချက်ကြီးကို သူနည်းနည်းထပ်စည်းရုံးရင်ပါလာပြီဆိုတာ သာဂိသဘောပေါက်လိုက်၍. .

"ချက်ကြီး ငါ့မျက်နှာကို သေချာကြည့်စမ်း၊ မပိုင်ရင် ခြင်တောင်



မရိုက်ဘူး၊ ပိုင်ရင် ဆင်တောင်ပိုက်ကွန်နဲ့ဖမ်းရဲတဲ့ကောင်ကွ"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ သာဂိစကားကြောင့် ချက်ကြီး အားတက်သွားကာ သာဂိကိုယုံပြီး သူ့ဘဝတစ်ခုလုံးပုံအပ်လိုက်ပါတော့သည်။ ချက်ကြီး၏ ခေါင်းညိတ်မှုအပြီး သာဂိ နောက်အစီအစဉ်ကိုဆက်၏။

"အင်း. . တကယ်တော့ ဒီလောက်ပျော်ဖို့ကောင်းတဲ့ပွဲမှာ ငါတို့နှစ်ယောက်တည်း ဆင်နွှဲလို့မကောင်းဘူးကွ၊ ဟိုကောင်တွေကိုလည်း အသိပေးတာကောင်းမယ်ထင်တယ်"

ချက်ကြီး သာဂိ ဘာကိုဆိုလိုမှန်းသိသည်။ ဒါကြောင့် အားတက်သရောပင်. . .

"ဟုတ်တာပေါ့ကွ၊ တော်ကြာ ကြက်ဖကြီးတို့က သူတို့ကိုအသိမပေးလို့ စိတ်ကောက်နေဦးမယ်"

ဒီအချိန်မှာ သာဂိဘာလုပ်လုပ် သူလိုက်ဖို့အဆင်သင့်ပင်၊ သူ့အတွက် အရေးကြီးဆုံးကအေးကြည်မ. . အေးကြည်မအတွက်ဆို သူကြီးအိမ်ကထိပ်တုံးတောင် ထင်းဆိုက်ပစ်ရဲသည့် အနေအထားမှာရှိသည်။ အဲဒီလောက်ချစ်၏။ နောက်ဆုံး သူတို့နှစ်ယောက်တိုင်ပင်ပြီး ကာလသားတွေ အစုံဆုံးနေရာဖြစ်သည့် ကြက်ဖကြီးထန်းရည်တဲသို့ သုတ်ခြေတင်ခဲ့ပါတော့သည်။

× × × ×

"ဟင်. . . ဘာရယ်"

"ငါ. . ငါလည်း အတိအကျမသိဘူး ဒီကောင်ပြောတာ"

ကြက်ဖကြီးကို နားလည်အောင် သူမပြောပြတတ်တော့၍ ချက်ကြီးသာဂိဘက်သို့ လွှဲချလိုက်ရတော့၏။ ကြက်ဖကြီး ထန်းရည်သောက်ရင်းမှ ချက်ကြီးစကားကြောင့် ချာလပတ်လည်သွားကာ အူလည်လည်နှင့် သာဂိကိုကြည့်စဉ်. . . "

"ကြက်ဖကြီး ဒီလိုကွ၊ ငါတို့ရွာမှာလည်း ပွဲဆိုလို့ ဘုရားပွဲရယ် သင်္ကြန်ရယ် ဒါပဲအဓိကထားပြီး ကျင်းပကြတာကလား အဲဒီတော့ ငါတစ်ခုစဉ်းစားမိတယ်၊ တကယ်လို့ ငါတို့လူငယ်တွေစုပြီး ပွဲလေးတစ်ခုတိုးပြီးကျင်းပလိုက်ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိလို့ပါ"

ကြက်ဖကြီး ယခင်အူလည်လည်ဖြစ်နေရာမှ ယခုပိုရှုပ်သွား၏။ သို့သော် အစည်းအဝေးကြီးတစ်ခုမှာ အရေးကြီးသောမိန့်ခွန်းကိုပြောနေသလို ပုံဖမ်းထားသော သာဂိကြောင့် အနည်းငယ်ရှိန်သွားကာ ဘာမှန်းညာမှန်း မသိဘဲ ငြိမ်ပေးနေရ၏။

သို့သော်
အစည်းအဝေးကြီးတစ်ခုမှာ
အရေးကြီးသောမိန့်ခွန်းကို
ပြောနေသလို
ပုံဖမ်းထားသောသာဂိကြောင့်
အနည်းငယ်ရှိန်သွားကာ
ဘာမှန်းညာမှန်းမသိဘဲ
ငြိမ်ပေးနေရ၏။

"အဲဒီတော့ ငါတို့တွေစုပေါင်းပြီး မကြာသေးခင်အချိန်ကာလအတွင်းမှာ ပွဲလေးတစ်ခု ကျင်းပဖို့ ငါစီစဉ်ထားတယ်၊ အဲဒါ မင်းတို့ကို ငါလာတိုင်ပင်တာ"

သူ့ကို တကူးတက လာတိုင်ပင်သည်ဆို၍ ကြက်ဖကြီး နည်းနည်းတော့ ခါးမတ်သွား၏။ ထို့ကြောင့် ဒီစကားဝိုင်းတွင် သူလည်းပါဝင်ပတ်သက်နေကြောင်းသိလိုက်ရ၍. . .

"ဘာ. . ဘာပွဲလဲ သာဂိ"

"ဘီလပ်နှစ်ကူး"

"အန်"

ကြက်ဖကြီးမျက်လုံး ချာလယ်ချာလယ်ဖြစ်သွားကာ 'ဘီလပ်နှစ်ကူး' ဆိုတဲ့ စကားလုံးကို အသေအလဲစဉ်းစားသွားသည်။ သို့သော် တော်တော်ကြာသည်အထိ အဖြေက အတိအကျထွက်မလာ။



"ဘာ. . . ဘာ. . . ဘီလပ်နှစ်ကူးလဲ"

သာဂိက အရန်ကောဆိုသည့်အကြည့်နှင့် ကြက်ဖကြီးကို ခပ်နှိမ်နှိမ်ကြည့်ကာ. .

"အင်္ဂလိပ်တွေလုပ်တဲ့ နှစ်သစ်ကူးပွဲတော်ကွ. . ပွဲတော် အင်း. . မင်းနားလည်အောင် အရှင်းဆုံးပြောရရင် ငါတို့နှစ်ကူးမှာရေကစားသလို. . သူတို့လည်းကျင်းပတဲ့ပွဲ"

"ဘာလဲ သူတို့လည်းရေပက်ကြတာလား ဟာ. . ဒါတော့ မဖြစ်ဘူးထင်တယ်. . သူကြီးကပြောမှာပေါ့ သင်္ကြန်ကျမှရေပက်ရတဲ့ဟာကို"

"ကျွတ်. . ဘယ်ကလာရေပက်ရမှာလဲကွ၊ အော်ရမှာ အော်ရမှာ"

"ဟေ. . အော်ရမှာ ဘယ်လိုအော်ရမှာလဲ"

သူတို့စကားဝိုင်းကို တခြားဝိုင်းမှလူများပါ စိတ်ဝင်စားလာကြပြီး 'ဘီလပ်နှစ်ကူး' ဆိုတဲ့ စကားလုံးစိမ်းစိမ်းကြောင့်လည်းကောင်း 'ပွဲ'ဆိုသော စကားပါနေသောကြောင့်လည်းကောင်း အားလုံးအာရုံစိုက်လာကြ၏။ သာဂိကဒါကိုသိ၍ ခုနကထက် အသံကိုအရှိန်ထပ်မြှင့်ကာ. .

"အေး. . မင်းမသိရင်မှတ်ထား၊ သူတို့နှစ်ကူးက ငါတို့တွေရေပက်သလိုပဲ လူတွေစုပြီးဝိုင်းအော်မှ နှစ်သစ်ကိုကူးတာကွ၊ အဲ. . ဘာအော်ရသလဲဆိုတာတော့ ငါနောက်မှပြောပြမယ်၊ အရေးကြီးတာက ငါတို့ရွာမှာ တစ်ခါမှမလုပ်ဖူးတဲ့ ဒီပွဲလေးကိုလုပ်လိုက်ရင် ဘာပဲဖြစ်ဖြစ် လူတွေက ငါတို့ကို အထင်ကြီးလာကြမှာပဲကွ၊ သူတို့တွေ ငါတို့ကိုအထင်သေးထားသမျှ ဒီပွဲတစ်ခုထဲနဲ့တင် ဒီကောင်တွေအမြင်ကျယ်ပါလားဆိုပြီး ချက်ချင်းအထင်ကြီးလေးစားသွားမှာအသေအချာပဲ"

အားလုံး၏မျက်လုံးများ သာဂိပေါ်ကျရောက်ကုန်ကြပြီ. . တော်တော်လေးလည်း စိတ်ဝင်စားလာကြပြီး သူတို့တွေလည်း ဒီပွဲမှာပါဝင်ချင်ကြ၏၊ တစ်ရွာလုံးအထင်ကြီးလေးစားမယ့်ကိစ္စကို တစ်ယောက်မှလက်မလွှော်ချင်ကြတော့၊ နောက်ဆုံးတော့ သာဂိနားသို့ တစ်ဆိုင်လုံးဝိုင်းအုံလာကြပါတော့သည်။

သာဂိကတော့ အချိုရှာ့သကာတွေ့လေပြီ။ သူမဟာအကြံအစည်

ကြီး အောင်မြင်တော့မည်ဆိုတာသိလိုက်ရပြီး ရောက်လာသူအားလုံးကို သူသိထားသမျှအကုန် အာပေါင်အာရင်းသန်သန်နှင့်ရှင်းပြလိုက်တော့၏။ တချို့ဟာတွေဆို လိုတာထက်ပိုပြီး ဟုတ်တာရော မဟုတ်တာရော ထည့်ပြောပြလိုက်သည်။

ထို့ကြောင့် နောက်ဆုံးတွင် သာဂိ၏ ဘီလပ်နှစ်ကူး အစီအစဉ်ကြီးသည် ကြက်ဖကြီးထန်းရည်တဲတွင် အားလုံးသဘောတူအထမြောက်သွားပါလေတော့သည်။

ကာလသားများအားလုံး တပျံ့ပျံ့နှင့် ထိုနေ့ညနေသည် ကြက်ဖကြီးထန်းရည်တဲ၏ အစည်ကားဆုံးနေ့ဆိုလည်း မှားမည်မထင်ပေ။

× × × ×

သာယာကုန်းရွာကလေး၏ နောက်တစ်နေ့ နေ့လယ်ခင်းတွင် ခေတ်အစားဆုံးအရာကို စာရင်းကောက်ကြည့်ပါက 'ဘီလပ်နှစ်ကူး'သည် ထိပ်ဆုံးကပါဝင်နေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘီလပ်နှစ်ကူးသည် လူတိုင်းပါးစပ်ဖျားတွင် သူကြီးနာမည်ထက်တောင် ရေပန်းစားနေသောကြောင့်ပင်ဖြစ်လေသည်။ တချို့ဆို ထိုစကားလုံးကို ဘာမှန်းညာမှန်းမသိသော်လည်း သူများပြောလို့ လိုက်မပြောနိုင်လျှင် သိက္ခာကျမည်စိုးသောကြောင့် အလွတ်ကျက်ထားကြသူတွေတောင်ရှိသည်။ ဤသို့ဖြင့် သူကြီးအိမ်မှ ထမင်းဝိုင်းမှအစ ဗိုက်ပူတို့ ကြက်ချီးတို့ကလေးဝိုင်းတွေအထိ ဘီလပ်နှစ်ကူးသည် ဟိုးလေးတစ်ကျော် ဖြစ်ခဲ့ရလေတော့သည်။ နောက်ဆုံး ဘီလပ်နှစ်ကူးကိုမသိလျှင် ခေတ်နောက်ကျနေသူပမာ အထင်အမြင်ခံရသည်အထိပါ ဖြစ်လာသောကြောင့် ရွာဦးကျောင်းဆရာတော်တောင် ဆွမ်းအုပ်လာယူသည့် သူကြီးကတော် ဒေါ်စိန်မြကို အနည်းငယ်မေးစမ်းရပါတော့၏။

"ဒကာမကြီး"

"ဘုရား. . ."

"အင်း. . လောကကီအရေးတွေကတော့ ဘုန်ကြီးနဲ့မဆိုင်ပေမယ့် ကျောင်းသားလေးတွေကမေးလာလို့ စုံစမ်းကြည့်တာပါ"

"တင်ပါ့ဘုရား. . ဘာများပါလိမ့်ဘုရား"



"တခြားတော့မဟုတ်ပါဘူး ဒကာမကြီးရဲ့ အဲ. . ဘီလပ်နှစ်ကူးဆိုတာဘာတုံး"

"အဲ. ."

ဒေါ်စိန်မြ မျက်လုံးလေးကလယ်ကလယ် ဖြစ်သွား၏။ သူလည်းကြားဖူးထားသော်လည်း အတိအကျဘာမှမသိ။ ဟိုနေ့ကတောင် အဲဒီကိစ္စသူ့ယောက်ျားကို မေးကြည့်သေးသည်။ သူ့ယောက်ျားကိုယ်တိုင်လည်း ယောင်ချာချာ။ သို့သော် တစ်ရွာလုံး ကြောက်ရွံ့လေးစားသော ဆရာတော်ကိုယ်တိုင်ကမေးတော့ ဒေါ်စိန်မြဘာဖြေရမှန်းမသိ၊ မသိပါဘူးဘုရားလို့ ဖြေလိုက်ရင်လည်း သူကြီးကတော်တစ်ယောက်လုံးလုပ်ပြီး ဗဟုသုတနည်းရသလားအထင်ခံရဦးမည်။ ထို့ကြောင့် ဒေါ်စိန်မြတစ်ယောက် ဆရာတော်ရှေ့တွင် ထိုင်ရမလို ထရမလိုဖြစ်သွားကာ. .

"အင်း. . အဲ. . ဘီလပ်နှစ်ကူး အဲ. . ဟို. . ဘီ. . ဘီလပ်နှစ်ကူးဆိုတာ. . ဟို. . . အင်း"

ဆရာတော် အဲဒီလောက်ဆို သဘောပေါက်သွားကာ ဒေါ်စိန်မြကိုပြန်လွှတ်လိုက်ရတော့၏။

"ကဲ. . ဒကာမကြီး အတိအကျမသိလဲ မပြောပါနဲ့ သွားတော့. . သွားတော့"

ဒေါ်စိန်မြ ကုပ်ကုပ်ကလေးထွက်သွားတော့ ဆရာတော်သက်ပြင်းချကာ ဘုရားခန်းထဲဝင်သွားပါတော့သည်။ ဒီကိစ္စကို သူကိုယ်တိုင်စုံစမ်းမှဖြစ်တော့မည်ဆိုတာကိုတော့ ဆရာတော်နားလည်လိုက်ပါသည်။

အဲဒီအချိန်တွင် သာဂိတို့အုပ်စုကတော့ ရွာအနောက်ဘက်က တန်ဘေးတွင် ရောက်နေကြ၏။ သာဂိ၊ ချက်ကြီး၊ ခွေးပု၊ မျက်ပြူး၊ ကြက်ဖကြီး၊ ကြက်ရိုး၊ ချက်စူ၊ အားလုံးလူစုံတက်စုံ လာရင်းအကြောင်းက ရေခပ်ဆင်းလာသည့် အေးကြည်မကို ချက်ကြီးက စကားလိုက်ပြောရန်။

"ချက်ကြီး ငါပြောတာမင်းမှတ်မိတယ်နော်၊ ဒီကိစ္စမျိုးဆိုတာ နည်းနည်းမှ အမှားခံတာမဟုတ်ဘူးနော် ဟေ့ကောင်"

"အေးပါကွာ၊ မင်းကလည်း ငါဒီလောက်တော့ဖြစ်ပါတယ်"

ချက်ကြီးက သူ့ကို အထင်သေးစကားပြောသောသာဂိကို မကျေမနပ်ပြန်ပြောရင်း ရွာလယ်လမ်းသို့မျှော်ကာကြည့်၏။ ခဏနေတော့ အေးကြည်မ ရေအိုးလေး ခါးပေါ်တင်ကာထွက်လာတာတွေ့လိုက်ရသည်နှင့်. . .

"ဟာ. . ဟော့ကောင် လာ. . လာနေပြီ"

သာဂိတို့လည်း ကြိုတင်တိုင်ပင်ထားသည့်အတိုင်း အလျှိုလျှို ပုန်းအောင်းနေလိုက်ကြပါတော့သည်။ ဒီကိစ္စမျိုးဆိုတာ လူများရင် ပွဲပျက်တတ်တာကိုး။

အေးကြည်မက ချက်ကြီးကိုအစောကြီးကတည်းကမြင်သော်လည်း မမြင်ချင်ယောင်ဆောင်ပြီး ဆက်လျှောက်လာလိုက်သည်။ သို့သော် ရင်ကအဆမတန်ခုန်လှုပ်နေသောကြောင့် တွေ့ရာသီချင်းတစ်ပုဒ်ကောက်ဆိုပြီး အိမ်ငြိမ်သိန်းထားလိုက်၏။ ခဏကြာတော့ ချက်ကြီး သူ့နားရောက်လာကာ. . .

"အေး. . ကြည်. . မ"

"ဘာတုံး"

ခပ်မာမာအသံကြောင့် ချက်ကြီးတွန့်ခနဲဖြစ်သွားပြီး အေးကြည်မမျက်နှာကို တစေ့တစောင်းလေ့လာလိုက်ကာ ပြောသင့်မပြောသင့် တစ်ချက်စဉ်းစား၏။ သို့သော် မပြောရင်လည်းမပြီးသည့်အတွက်ကြောင့် ရဲစိတ်တင်ကာ ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီး. . .

"အေးကြည်မ. . ဟိုဟာလေ. . နင်ဟာ. . ငါ့ကို. . ဟိုဟာ"

"ဘာတုံး ချက်ကြီးရဲ့ နင့်မလဲရှုပ်နေတာပဲ"

တကယ်တန်းကျ ချက်ကြီးတို့ ဘယ်ကစပြောရမှန်းမသိတော့ သာဂိပြောတဲ့စကားတွေကိုလည်း တချို့တစ်ဝက်သာ မှတ်မိတော့သည်။ ဘာပဲဖြစ်ဖြစ် လိုရင်းကတော့ ဘိလပ်နှစ်ကူးတွင် အေးကြည်မ သူ့ကိုအဖြေပေးဖို့ပင် ဒါပဲ သူ့ခေါင်းထဲမှာ အဓိကထားထား၍. .

"အေးကြည်မ. . နင်ငါ့ကို ဘိလပ်နှစ်ကူးကျ အဖြေပေးဟာ"

"ဘာ. . ဘယ်လို"

"ဘိလပ်. . ဘိလပ်နှစ်ကူးကျ နင့်. . နင့်အဖြေလေး"

"တော်တော့ ချက်ကြီး ဘာဘိလပ်နှစ်ကူးလဲ. . မသိဘူး. . သွား"



အေးကြည်မလှည့်ထွက်သွားတော့ ချက်ကြီးနောက်က အတင်းလိုက်ပြော၏။ သို့သော် ချက်ကြီး ဘယ်လောက်ပြောပြော အေးကြည်မက လက်မခံ။ နောက်ဆုံး နားပူနားဆာ အတင်းလုပ်နေသော ချက်ကြီးကို အေးကြည်မ နားငြီးလာကာ. .

"ဒီမှာ ချက်ကြီး ကျုပ်အဖြေကို သင်္ကြန်ရောက်မှ ပေးမယ် ပြောပြီးပြီပဲ၊ သင်္ကြန်ရောက်မှ ယူချင်ယူ မယူချင် ကျုပ်နဲ့ရှင် တစ်သက်လုံးဝေးပြီမှတ်"

> သူတို့ဒီညတစ်ရွာလုံး . ထူးဆန်းအံ့သြသွားရမည့် အင်္ဂလိပ်တွေကျင်းပတဲ့ပွဲမျိုးကို မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ထူးခြားစွာပြုလုပ်မည်ဖြစ်ကြောင်း ရွာရိုးကိုးပေါက် လျှောက်ပြောထားသောကြောင့်ဖြစ်သည်။

တစ်သက်လုံးဝေးရပြီဆိုတဲ့စကားကြောင့် ချက်ကြီး ငယ်ထိပ်ကနေ ခြေဖျားအထိ တုန်နေအောင် လန့်ကသွား၏။ ထို့ကြောင့် နောက်ထပ်စောဒက မတက်ရဲတော့ဘဲ ခေါင်းလေးပွတ်ကာ ပြန်လာခဲ့ရပါတော့သည်။

သာဂိတို့နဲ့တွေ့တော့ ချက်ကြီးကို ဝိုင်းဆူကြလေသည်။ ချက်ကြီး သာဂိတို့ကို ဘာမှပြန်မပြောပါ၊ ဆွေးမြည့်ရီဝေနေသည့်မျက်ဝန်းတွေနှင့်သာ ကောင်းကင်ပြာကြီးကို မော့ကြည့်ရင်း. . .

"အေးကြည်မ. . အေးကြည်မ နင်ဟာသိပ်လှသလောက် သိပ်မာနကြီးပါလား အေးကြည်မ အေး. . ချက်ကြီးဘာကောင်လည်းဆိုတာ နင်တစ်နေ့သိစေရမယ်ကွ သိစေရမယ်. . နောက်မှ ချက်ကြီးလိုအမြင်ကျယ်တဲ့ယောကျ်ား

တစ်ရွာလုံးလေးစားခံရမယ့် ယောကျ်ားမျိုးနဲ့မှ ပေါင်းချင်ပါတယ်ဆိုပြီး အရေးဆိုမလာနဲ့၊ ဟား ဟား. . တွေ့မယ် အေးကြည်မ. . တွေ့မယ်"

သာဂိတို့ကြောင်တောင်တောင်နှင့် ချက်ကြီးကို ငိုင်းကြည့်ကြ၏။ ပြီးတော့ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ လက်တို့ပြီးထွက်ခဲ့လိုက်တော့သည်။ ချက်ကြီးကတော့ ကောင်းကင်ကြီးကို မော့ကြည့်ပြီး ပြောလို့ဆိုလို့ကောင်းတုန်း။

ရွာကိုစပါးလာကောက်သည့် မြို့ပွဲစားကိုအောင်ဘုဆီက သိလိုက်ရတာက အင်္ဂလိပ်တွေရဲ့ ဘိလပ်နှစ်ကူးအချိန်အခါမှာ ဒီဇင်ဘာလ(၃၁)ရက်နေ့ဟု ဆိုခြင်းပင်၊ မြန်မာလနဲ့တွက်ရင် နတ်တော်လဆုတ်ထဲမှာ ဖြစ်ဖို့များသည်ဟုသာဂိတွေးကြည့်သည်။ ဒါဆို သိပ်မလိုတော့ အနည်းဆုံးတစ်ပတ်လောက်ပဲ အချိန်ရတော့မည်။ သူတို့တွေအားလုံး ကြိုတင်ပြင်ဆင်ရတော့မည်ဆိုတာတွေးမိလိုက်ချိန်တွင် ပထမဆုံးပြဿနာတွေ့ခြင်းမှာ ဘာကိုစပြီးပြင်ဆင်ရမှန်းလုံးလုံးမသိခြင်းပင်။

ဘုရားပွဲဆိုလည်း ဇာတ်ပွဲကိစ္စ၊ ဆိုင်းဝိုင်းကိစ္စ ကြိုတင်စီစဉ်ထားလို့ရသည်။ သင်္ကြန်ဆိုရင်လည်း ရွာလည်မဏ္ဍပ်အတွက် သစ်၊ ဝါးတွေ ကြိုတင်စီစဉ်၊ တောထဲဝင်ဝါးခုတ်၊ တစ်အိမ်တက်ဆင်းအလှူငွေကောက် စသည်ဖြင့်ကြိုတင်လုပ်ထားနိုင်၏။ အခုဘိလပ်နှစ်ကူးတွင် သူတို့ဘာတွေစလုပ်ရမှန်းမသိဖြစ်နေသည်။

မုန့်လုံးရေပေါ် ကျွေးပြီး ကြိုဆိုရကောင်းမလားဟု စတင်တွေးကြည့်သည်။ ဒါလည်းမဖြစ်သေး၊ အင်္ဂလိပ်တွေက မုန့်လုံးရေပေါ်ထဲ ထန်းလျက်ခဲဘယ်လိုထည့်သလဲဆိုတာတောင် သိတဲ့လူတွေမဟုတ်၊ ဒါကြောင့် အင်္ဂလိပ်တွေ သူတို့ရဲ့ဘိလပ်နှစ်ကူးမှာ မုန့်လုံးရေပေါ်လုပ်ပြီး ကြိုဆိုမှာမဟုတ်၍ ဒီအစီအစဉ်ကို လက်လျှော့ပစ်လိုက်သည်။ နောက်ထပ်တစ်ချက် ထပ်စဉ်းစားသည်။ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ရေချိုးပေးလိုက်ရင်ကော ပိုတောင်ဆိုးသွားသည် ဒီလောက်အေးတဲ့ရာသီမှာ ဒီကိစ္စကိုဘယ်လိုမှလုပ်လို့မဖြစ်၊ လူကြီးတွေဖျားနာကုန်လျှင် သူကြီးရဲ့ထိပ်တုံးက ဒီအတိုင်း လက်ပိုက်ကြည့်နေမည်မဟုတ်။ အခုတောင် သူကြီးက သူတို့အဖွဲ့ကို သိပ်ကြည့်မရတော့၊ ရွာထဲမှာ နေနိုင်သရွေ့ ဘိလပ်နှစ်ကူးကိစ္စကို ခေါင်းစဉ်တပ်ကာ လူတွေ့တိုင်းလိုက်ပြောနေသောကြောင့် အမြင်ကတ်နေသည်။ သို့သော် သူကြီးကိုယ်တိုင်လည်း ထိုကိစ္စ ဝေဝါးဝါးဖြစ်နေ၍ ဘာမှန်းမသိညာမှန်းမသိလွှတ်ထားခြင်းပင်။ ဟိုနေ့ကတောင် သူ့အိမ်ရှေ့ကဖြတ်သွားသော ကြက်ဖကြီးကို ခေါ်မေးသေးသည်။ ကြက်ဖကြီးလည်း သာဂိပြောသမျှတွေကို တတ်သလောက် မှတ်သလောက် ပြန်ပြောပြ၏။ သူကြီးခမျာ နားလည်သလိုလိုရှိသွားသော်လည်း နောက်ဆုံးတော့ ခေါင်းလေးတညိတ်ညိတ်လုပ်ကာ အူလယ်လယ်နှင့်ကျန်ခဲ့လေ၏။

"ငါတို့ဘိလပ်နှစ်ကူးဖို့ သာထွန်းကြီးဆိုင်းဝိုင်းငှားမယ်ကွာ၊ ပြီးတော့ တစ်နေ့လုံး တီးကြကကြပြီးကြိုမယ်ကွာ"

"ဟာဲ့ အမိပွာယ်မရှိတာ မျက်ပြူးရာ ဘိလပ်နှစ်ကူးဆိုတာ နေ့ခင်းကြိုရတာမဟုတ်ဘူးကွ၊ ညကျမှကြိုရတာ"

"ဟင် ညကျမှ ဟုတ်လား"

မျက်ပြူးမျက်လုံး အရင်ကထက် ပိုပြူးသွား၏။

"ဟုတ်တယ် ညကျမှကြိုရတာ၊ ဘာတဲ့ ဟိုသန်းခေါင်ကျော်တာနဲ့ အော်ရမှာတဲ့"

"မင်းဘယ်လိုလုပ်သိလဲ၊ ပထမ မင်းပြောတော့ အော်ရင်ပြီးရောဆို အခုသန်းခေါင်မှ ငါတို့ထအော်ရင် တစ်ရွာလုံးထွက်ရိုက်မှာပေါ့ကွ"

"ဟုတ်တယ်ကွ၊ ငါလည်း ပထမတော့ နေ့ခင်းဘက်လုပ်တယ်ထင်တာ ဟိုနေ့ကမှ ကိုအောင်ဘုထပ်ရောက်လာလို့ ငါသေချာစုံစမ်းကြည့်တော့မှ သိရတာ"

"မင်းဟာ သေချာလို့လားကွာ"

"သေချာပါတယ်ကွ၊ ကိုအောင်ဘုကအရင်တုန်းက မြို့ကအင်္ဂလိပ်အိုကြီးတစ်ယောက်အိမ်မှာ ခြံစောင့်လုပ်ဖူးတယ်ကွ၊ သူပြောတာသေချာပါတယ်"

မျက်ပြူး ငြိမ်ကာသွား၏။ ဘယ်လိုလုပ်ကြမလဲဆိုတဲ့သဘောနှင့် အားလုံးကို ဝေ့ကာကြည့်သည်။ သာဂိက မျက်ပြူးအခြေအနေကိုရိပ်မိလိုက်၍. .

"စိတ်မပျက်ပါနဲ့ မျက်ပြူးရာ၊ ငါ့မှာ အကြံရှိပါတယ်ကွ၊ ငါတို့ဘာ ပြဿနာမှမဖြစ်စေရဘူး စိတ်ချ"

အားလုံး သာဂီစကားကြောင့် အားတက်သွားကာ မျက်လုံးတွေ အရောင်တောက်လာသည်။ သူတို့တွေ ဒီဘီလပ်နှစ်ကူးဆိုတဲ့ပွဲကြီးကို အပျက်မခံချင်ပေ။ တစ်ရွာလုံးလည်းသိပြီးဖြစ်နေသောကြောင့် ဒီပွဲကြီးဖြစ်မလာရင် အရှက်ကွဲပေလိမ့်မည်။ အရင်ကတည်းက ဆန်ကုန်မြေလေးတွေဟု တစ်ရွာလုံးရဲ့သတ်မှတ်ချက်ကို ဒီပွဲကြီးနဲ့ အဖတ်ဆယ်ပြချင်တာလည်းပါလေသည်။ ဒါကြောင့် အဖွဲ့ဝင်များများစားစား ဘယ်သူမှတောင် ထပ်မခေါ်တော့၊ ဒီအဖွဲ့လေးနဲ့ပဲ လုပ်ပစ်လိုက်မည်ဟု ကျိတ်တွေးထားကြသည်။ ဒါကြောင့် သာဂီဆီက စကားတစ်ခွန်းသည် ဒီအချိန်မှာ သူတို့အတွက် ဘဝတစ်ခုမျှ အရေးကြီးနေပေသည်။

"ငါတို့အားလုံး ဘယ်သူ့ကိုမှ အနှောင့်အယှက်လည်းမဖြစ်ရအောင်၊ ဒီပွဲကြီးကို လွတ်လွတ်လပ်လပ်လည်း ကျင်းပလို့ရအောင် နေရာတစ်နေရာ တွေ့ထားတယ်"

"ဘယ်မှာလဲဟင်"

"ဘယ်နေရာလဲသာဂီ"

"ဟာ လုပ်စမ်းပါ သာဂီရာ"

သာဂီ အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး. . .

"ကြက်ဖကြီးထန်းတော"

ဒီဇင်ဘာ(၃၁)ရက်နေ့ည၏ အလင်းရောင်သည် လမိုက်ညလောက်နီးနီး မှေးမှိန်ပျောက်ကွယ်နေကာ ပတ်ဝန်းကျင်တစ်ခွင် မှောင်မိုက်တိတ်ဆိတ်နေ၏။ အရိုးကွဲမတတ်အေးစိမ့်လှသော ဆောင်းည၏ အအေးလှိုင်းသည် သာယာကုန်းရွာကလေးအနှံ့ ဖြန့်ကျက်နေရာယူထားပါသည်။ တစ်ရွာလုံး ခွေးဟောင်သံပင် မကြားရလောက်အောင် မှောင်အေးတိတ်ဆိတ်နေသည့် ထိုအကာလညအခါ၏ မှုန်ပြပြအလင်းရောင်အောက်တွင် လူတစ်သိုက်သည် ရွာတောင်ဘက်ထန်းတောရှိရာသို့ လှုပ်စိလှုပ်စိနှင့်သွားနေကြ၏။

ထိုလူများမှာ သာဂီတို့ကာလသားတစ်သိုက်ပင်။ ချက်ကြီးက သူ့



အရိုးလေးအိမ်မှ ကြက်နှစ်ကောင်ကို အလစ်ဝင်ဆွဲလာကာ အသံမမြည်အောင်ပုဆိုးနှင့်ထုပ်လာ၏။ မျက်ပြူးက ရွာအလယ်ပိုင်းရှိ တရုတ်ကြီးဆိုင်မှ အချမ်းပြေနှစ်ဂါလန်တစ်ပုံးဝင်ထမ်းလာသည်။ ကြက်ရိုးက သူ့ခြံထဲမှ ဘူးသီး၊ ခွေးပုက ဒန်အိုး ဒန်ခွက်တွေကို ဂုန်နီအိတ်နှင့်ထုပ်ကာယူလာသည်။ ကြက်ဖကြီးက ရှေ့မှဦးဆောင်သွားပြီး သာဂီက ကြက်ဖကြီးနောက်မှလိုက်ကာ လက်ထဲမှာလည်း ပစ္စည်းပေါင်းစုံထုပ်လာသည့် အထုပ်ကြီးတစ်ထုပ်ကပါလိုက်သေးသည်။

သူတို့ဒီည အလွန်တက်ကြွနေကြ၏။ တစ်ရွာလုံးကလည်း ဒီည သူတို့ကို အာရုံစိုက်နေကြမည်ဆိုတာ သူတို့သိထား၍ အလွန်ပျော်နေကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ဒီည တစ်ရွာလုံး ထူးဆန်းအံ့ဩသွားရမည့် အင်္ဂလိပ်တွေကျင်းပတဲ့ပွဲမျိုးကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ထူးခြားစွာပြုလုပ်မည်ဖြစ်ကြောင်း ရွာရိုးကိုးပေါက် လျှောက်ပြောထားသောကြောင့်ဖြစ်သည်။ တချို့တွေက သူတို့ကိုအားကျကြသည်။ တချို့က ဘာသိဘာသာပင်၊ ရွာကမိန်းမပျိုတချို့ကတော့ သူတို့ကို ခေတ်ဆန်သည်ဟု ထင်ကြေးပေးကြကာ အထင်ကြီးသည့်မျက်လုံးတွေနှင့် ဝိုင်းကြည့်တာခံလိုက်ရသည်။ ချက်ကြီးဆို အေးကြည်မက လိုလိုလားလားစကားလာပြောတာကိုပင် ခပ်တည်တည် ပြန်ဆက်ဆံပစ်လိုက်သည်အထိ ဘဝင်လေဟပ်သွားရသည်။ နောက်ဆုံး ကိုယ့်အတွေးနှင့်ကိုယ်ပျော်လာရင်း ကြက်ဖကြီးထန်းတဲသို့ ရောက်ရှိလာပါတော့သည်။

ချက်ကြီးက ကြက်သားဟင်းကာလသားချက်ရန် တာဝန်ယူထားသူမို့ အဆင်သင့်တည်ထားသော ရေနွေးအိုးနားသို့ ကြက်နှစ်ကောင်ကို ဇောက်ထိုးဆွဲကာထွက်သွားသည်။ မျက်ပြူးက တဲထဲမှ ဝါးဆစ်ဘူးခွက်ကလေးတွေယူကာ ပုံးနားကပ်သွား၏။ သာဂီနဲ့ကြက်ဖကြီးကတော့ အထုပ်တစ်ထုပ်ကိုဖြေကာ ကြိုတင်ကြံစည်ထားသည့်အတိုင်း ရေနံဆီဝနေအောင် စိမ်ထားသော ပုဆိုးစုတ်နှစ်ထည်ကိုလုံး၍ ကြိုးနှင့်ချည်ကာ ကြက်ဖကြီးကိုပေးလိုက်တော့သည်။

ကြက်ဖကြီးက ထိုအလုံးကိုခါးမှာချည်ပြီး ထန်းပင်ထိပ်များသို့ တျင်

လည်စွာတက်သွားကာ ခွကြားတစ်နေရာတွင် ဝါးလုံးနှင့်စိုက်ကာ ထောင်ထားလိုက်လေသည်။ ကျန်လူများက နေ့ခင်းကတည်းကခုတ်ပြီး အသင့်စီမံထားသည့် ဝါးဆစ်အပိတ်များကိုစုကာ မီးပုံဘေးတွင်ချထားလိုက်၏။ အခေါင်းပေါက် ဝါးလုံးခပ်ကြီးကြီး ငါးချောင်းလောက်ကိုလည်း အရပ်လေးမျက်နှာလှည့်ကာ အမြောက်ထောင်သလိုထောင်ကာထားလိုက်သေးသည်။

ကာလသားချက်ကြက်သားဟင်းကျက်ချိန်တွင် သူတို့အစီအစဉ်တွေအားလုံးပြီးပြီ၊ အားလုံးဆင်နွှဲရန် ပစ္စည်းတွေအဆင်သင့်ဖြစ်တော့မှ ဟင်းအိုးကိုအလယ်မှာချကာ ပါလာသည့်အရက်နှင့် ပျော်ပျော်ပါးပါး ပွဲတော်တည်ကြလေတော့၏။ သောက်ကြစားကြရင်း အချိန်တော်တော်ကြာလာတော့ သာဂိက ကပ္ပိယဦးကောက်ဆီမှငှားလာသော လည်ဆွဲနာရီလေးကို ကြည့်လိုက်တော့ စံတော်ချိန်(၁၁)နာရီတောင်ခွဲနေပြီ၊ သာဂိ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အချိန်သိပ်မလိုတော့သောကြောင့် ခွေးပုကိုကြည့်ကာ. .

"ခွေးပု မင်းသွားတော့"

ဝါးဆစ်ခွက်ထဲမှ လက်ကျန်ကို ခွေးပု ကျိုက်ခနဲ တစ်ချက်မော့ပစ်လိုက်ရင်းမှ. . .

"ဖြစ်. . ဖြစ်ပါ့မလား သာဂိရာ"

"ဟာ ဘာလို့မဖြစ်ရမှာလဲကွ၊ ဘာလဲ မင်းကြောက်လို့လား"

"ငါ လူမကြောက်ဘူးကွ၊ ငါကြောက်တာ. . ဟို. . ဟို. . သ. . သချိုင်း"

"ဟေ့ကောင် ခွေးပု သရဲက လူကိုဘာမှမလုပ်နိုင်ဘူး အမြန်သွားတော့ ဟေ့ကောင်. . ဒီမှာ အချိန်သိပ်မရှိတော့ဘူး"

ခွေးပု သာဂိကို ဘယ်လိုပြောပြော ရတော့မည်မဟုတ်ဟု သိလိုက်ကာ အရက်နှစ်ခွက်ကိုဆင့်ကာမော့ပြီး ရဲဆေးတင်လိုက်၏။ နောက်တော့ သာဂိထုတ်ပေးသည့် မီးမရှို့ရသေးသော မီးတုတ်နှစ်ချောင်းကိုယူကာ ရွာဘက်သို့ သုတ်ခြေတင်လိုက်ပါတော့သည်။

နာရီသံတချက်ချက်သည် သူတို့အလယ်တွင်ကြီးစိုးကာနေ၏။ (၁၂ နာရီထိုးရန်(၁၀)မိနစ်ခန့်အလိုတွင် ကြက်ဖကြီး ထန်းပင်ပေါ်သို့ပြေးတက်က



သွား၏။ သူ့အလုပ်က(၁၂)နာရီထိုးတာနှင့် ထန်းပင်ပေါ်က မီးတုတ်ကို မီးရှို့လိုက်ရမည်။ ဒါမှ ရွာထဲကလှမ်းကြည့်လိုက်ရင် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေပြီး ထိုအချိန်တွင် ဝါးဆစ်ဘူးများကို မီးပုံထဲထည့်ကာ ဖောက်ပစ်လိုက်မည်။ ဝါးဆစ်ဘူးတွေ တအုန်းအုန်းပေါက်ချိန်တွင် သာဂိတို့က ထောင်ထားသည့်ဝါးလုံးများမှာ ပါးစပ်တပ်ပြီး ဝိုင်းအော်ကြလိမ့်မည်။ နောက်ဆုံးအဆင့်အနေနှင့် ထိုသို့ဝိုင်းအော်ချိန်တွင် ခွေးပုက ရွာ၏ဟိုဘက်ထိပ်မှစ၍ ယူသွားသော မီးတုတ်နှစ်ချောင်းကို မီးရှို့ကာ ရွာလယ်လမ်းအတိုင်းပြေး၍ သူတို့ ထန်းတောဆီသို့ လှမ်းလာရန်ဖြစ်လေသည်။ လုပ်ထားတဲ့အစီအစဉ်လေးတွေကတော့ တော်တော်လှပသည်ဟု သူတို့ကိုယ်သူတို့ထင်ထားကြသည်။ ဒါမှ ရွာမှာဘယ်သူမှမလုပ်ဘူး၍ နောက်ဆို သူတို့တွေအားလုံး 'ဘိလပ်နှစ်ကူး'ကို တောင်ပုံဖော်သူတွေလို့တောင် အားလုံးက အထင်ကြီးလေးစားတာခံရလိမ့်ဦးမည်ဖြစ်လေသည်။

"အချိန်ကျပြီ ကြက်ဖကြီး. . ရှို့"

သာဂိအသံ ညဦးလယ်ယံကို ဟိန်းခနဲဖောက်ထွက်လာသည်နှင့် ကြက်ဖကြီး ထန်းပင်ပေါ်သို့စိုက်ထားသောမီးတုတ်ကို မီးရှို့ပစ်လိုက်တော့၏။ သူ့တာဝန်က ထိုမီးတုတ်ကိုစောင့်ကြည့်ရန်ဖြစ်သော်လည်း သာဂိတို့နှင့် နောက်ဆက်တွဲမှာ မပါလိုက်ရမည်စိုး၍ ချက်ချင်းပြေးဆင်းလာလိုက်သည်။

ထန်းပင်ထက်က မီးတုတ်အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်ညီးသွားချိန်တွင် သာဂိတို့ကဝါးဆစ်ဘူးတွေကို တစ်လုံးပြီးတစ်လုံး မီးပုံထဲပစ်သွင်းလိုက်တော့၏။

"ဘုန်း"

"ဝုန်း"

"ဘုန်း"

"ဘုန်း"

"အုန်း"

ဝါးဆစ်ဘူးကွဲသံများ ပတ်ဝန်းကျင်တစ်ခုလုံး ညံစီသွားချိန်တွင်. . .

"ဟက်ပီးတိုးနီးယား"

"ဟက်ပီးတိုးနီးယား"

"ဟက်ပီးတိုးနီးယား"

မီးတုတ်နှစ်ချောင်းကို ခွေးပုကိုင်ကာ ရွာထိပ်မှထန်းတောဆီသို့ အသားကုန်ပြေး၏။ တစ်ရွာလုံးလည်း သူတို့အသံများကြောင့် ထန်းတောဘက်သို့ ဝိုင်းအုံထွက်ကြည့်နေချိန်တွင် ခွေးပုမီးတုတ်ကြီးဆွဲပြီး ရွာလယ်လမ်းအတိုင်းပြေးလာတာတွေ့လိုက်ရ၍ ကြောင်စီစီနှင့်ဝိုင်းကြည့်တော့၏။ ခွေးပုက သူ့ကို ရွာကလူတွေ ညကြီးမင်းကြီး ထွက်ကြည့်နေကြ၍ တော်တော်ကလေး ဘဝင်မြင့်သွားကာ သူ့မျက်နှာက မီးရောင်နဲ့ဟပ်ပြီး တင်းမာကာနေ၏။ ပြေးရင်းနှင့်ရွာအလွန်တွင် ကန်သင်းရိုးကိုခလုတ်တိုက်ကာ လဲကျသွားပြီး မီးတုတ်နှစ်ချောင်းလုံး မြေကြီးပေါ်ပြုတ်ကျသွားတော့သည်။

ခွေးပုကုန်းထပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်တော့ သချႋုင်း။ တစ်ကိုယ်လုံးကြက်သီးတွေထသွားကာ ထိတ်လန့်တုန်လှုပ်သွားပြီး ထန်းတောနှင့်သချႋုင်းသည် တော်တော်ဝေးသေးကြောင်း သိလိုက်ရချိန်တွင် ခွေးပု ဘာကိုမှမစဉ်းစားနိုင်တော့ ရွာဘက်ကိုသာ ကိုယ်လွတ်ရုန်းပြန်လှည့်ပြေးလာတော့သည်။

သာဂိနားထဲတွင် တဖျစ်ဖျစ်မြည်သံ ပိုမိုကျယ်လောင်လာပြီး ပြာလိုလိုအရာတွေ သူ့ခေါင်းပေါ်ကျလာချိန်တွင် ကြက်ဖကြီးကိုရှာလိုက်သည်။ ကြက်ဖကြီး ကြက်ရိုးတစ်ချောင်းကို စိမ်ပြေနပြေစုတ်ကာ ပုံးထဲမှအရက်ကို ငှဲ့ထည့်နေတာ တွေ့လိုက်ရစဉ်တွင်. .

"ကြက်. . . ကြက်ဖကြီး. . မင်း. . မင်း. . မီးတုတ်ကော"

ကြက်ဖကြီး အရက်ငှဲ့နေရာမှ မျက်လုံးလေး ကလယ် ကလယ်နဲ့ လှည့်ကြည့်ပြီး. . .

"မီးတုတ်. . မီးတုတ်. . ဟာ. . ငါ. . ငါ့မီးတုတ်"

အခုမှ သတိရသွား၍ ထန်းပင်ပေါ် အားလုံးမော့ကြည့်လိုက်ချိန်တွင်. .

"ဟာ. . လုပ်ပါဦး. . လုပ်ကြပါဦး. . ငါ့ထန်းပင်ကြီး. . အမလေး. . လုပ်ပါဦး"



ကြက်ဖကြီး အရက်ပုံးကိုပစ်ချကာ ပုဆိုးကွင်းသိုင်းပြီး ထန်းပင်ရှိရာ ခြောက်လန့်တကြားပြေး၏။ သို့သော် မမီတော့ပေ မီးက ထန်းပင်ထိပ်ပိုင်းကို သဲကြီးမဲကြီးလောင်နေလေပြီ။

ကြက်ဖကြီး သွေးရူးသွေးတန်းနှင့် ထန်းပင်ကိုပတ်ပြေးနေ၍ သာဂိတို့မနည်းဝိုင်းဆွဲထားလိုက်ရ၏။ ထန်းပင်ပေါ်မှ မီးလောင်နေသော ထန်းလက်တို့ မြေပြင်ပေါ် တဖုတ်ဖုတ်ပြုတ်ကျနေ၍ သူတို့အားလုံးလွတ်ရာကျွတ်ရာ ပြေးကြရတော့၏။

တစ်ရွာလုံးလည်း ထန်းပင်တစ်ပင်လုံး မီးစွဲနေပုံကိုကြည့်၍ တအံ့တသြဖြစ်နေကြလေသည်။ ဘီလပ်နှစ်ကူးတွင် ထန်းတစ်ပင်လုံး အဆုံးရှုံးခံရသော ကြက်ဖကြီးကိုလည်း အတော်လေးစားသွား၏။ ထိုအချိန်တွင် ထန်းတောပိုင်ရှင် ကြက်ဖကြီးအဒေါ် ဒေါ်ကုလားမက ရေအိမ်မှထွက်အလာ သူ့ထန်းတောဘက် လှမ်းကြည့်မိချိန်တွင်. . .

"အောင်မလေး. . ကိုအေးရေ လုပ်ပါဦး ကျုပ်ထန်းတောတော့ သွားပြီ ကိုအေးရေ အောင်မလေး. . ကိုအေးရဲ့ လုပ်ကြပါဦး ရှင့်တူလုပ်ပုံ ကောင်းကြသေးရဲ့လား. . ကျုပ်ထန်းတော. . ကျုပ်ထန်းတော"

ဒေါ်ကုလားမ ထဘီစွန်တောင်ဆွဲကာ အိမ်ပေါ်ပြေးတက်သွားပြီး သူ့ယောကျ်ားကိုအေးကိုနှိုး၏။ ကိုအေးနိုးလာတော့ ဒေါ်ကုလားမကိုကြည့်ကာ ရွာမီးလောင်သည်ထင်၍ သွေးရူးသွေးတန်းနှင့် ဘုရားစင်ကိုပြေးမတော့. .

"အောင်မလေး ရှင်ကယောင်နေ ဟိုမှာ ကျုပ်တို့ထန်းပင် ကျုပ်တို့ထန်းတော အောင်မလေး ကုန်ပြီ. . ကိုအေး ကုန်ပြီ"

ကိုအေး ဘုရားဆင်းတုတော်ကို ရင်ဝယ်ပိုက်ပြီးအပြင်ထွက်ကြည့်စဉ် သူ့ထန်းတောတစ်ခုလုံး လင်းထိန်နေတာတွေ့လိုက်ရချိန်တွင်. . .

"ဘုရား. . ဘုရား. . ကယ်ပါ. . ဘုရားကယ်ပါ. . အောင်မလေး ဘုရားကယ်ပါ"

ပြောပြီး နေရာမှာတင် ငုတ်တုတ်ကြီးပြုတ်ကျသွားတော့၏။

ထိုအချိန် ရွာတောင်ပိုင်းသို့ လူတွေပြေးလွှားသွားချိန်တွင် ဒေါ်ကုလားမ အိမ်ရှေ့ပြေးထွက်သွားပြီး. . .

"ဘာ. . ဘာဖြစ်ကြတာလဲဟင်. . ဘာဖြစ်ကြတာလဲ"

"သင်္ချိုင်း. . သင်္ချိုင်းဇရပ်ကြီး မီးလောင်နေပြီ"

"ဟင်. . ."

တစ်ရွာလုံး အုတ်အော်သောင်းတင်းတွေဖြစ်ကုန်၏။ သို့သော် အားလုံး စည်းလုံးညီညွတ်မှုကြောင့် မီးသည်ရွာဘက်သို့ကူးမလာဘဲ ငြိမ်းသွားလေတော့သည်။

သို့သော် ထိုနေ့ညသည် တစ်ရွာလုံး တစ်ရေးမှမအိပ်လိုက်ရဘဲပြီး ဆုံးသွားကာ မနက်အလုပ်ပျက်ကြရတော့၏။ ဒေါ်ကုလားမနှင့် ကိုအေးတို့ လင်မယားနှစ်ယောက် ခြံထဲမှာပင် သတိလစ်မေ့လဲနေ၍ တစ်ရွာလုံးဝိုင်း နှာနှပ်ပြုစုပေးလိုက်ရတာကလွဲလို့ တခြားအထိအခိုက် ဘာမှမရှိပေ။


ဤသို့ဖြင့် သာဂိစီစဉ်လိုက်သော ထူးဆန်းအံ့ဩဖွယ် ဘီလပ်နှစ်ကူးကြီးသည် တစ်ရွာလုံးအိပ်လိုက်ရဘဲ ပြီးဆုံးသွားရပါတော့၏။ နောက်တစ်နေ့ သာဂိတို့လူစုကို သူကြီးက အချုပ်ထဲထည့်ထားလိုက်ကာ သာဂိကိုတော့ စီစဉ်သူဖြစ်သည့်အတွက် ထိပ်တုံးခတ်ပြီး ရွာထိပ်ထွက် နေပူလှန်းထားလိုက်တော့၏။ ဒါတောင် တစ်ရွာတည်းသားတွေဖြစ်နေ၍ ညှာညှာတာတာ ဆုံးမလိုက်ခြင်းပင်။

နောက်ဆုံးတော့ သာယာကုန်းရွာကလေး၏ 'ဘီလပ်နှစ်ကူး' သည် ဒေါ်ကုလားမထန်းတစ်ပင်ဆုံးသွားသည့်အပြင် ရွာသင်္ချိုင်းဇရပ်တစ်ခြမ်းပါ မီးထဲပါသွားရလေတော့သည်။ သို့သော် သာဂိ၏ ဘီလပ်နှစ်ကူးပွဲတော်ကတော့ တစ်ရွာလုံး၏ရင်ထဲတွင် ဘယ်တော့မှ မေ့ပျောက်တော့မည်မဟုတ်ဆိုတာကိုတော့ ဒေါ်ကုလားမ၏ ထန်းပင်ကြီးက သက်သေခံနေလိမ့်မည်ဖြစ်ပါသည်။

● မိုးဆက်လင်းထက်

● အနာဂတ်ကို လူငယ်တွေပိုင်တယ်လို့ပြောကြတယ်။ ဒါပေမယ့် ပြောတဲ့လူတွေက အစဉ်အဆက်လူကြီးတွေဗျ။






<u>ကံကောင်းကံဆိုး</u>

ကံကောင်းချင်တော့ လေယာဉ်ပျံကြီးစီးရတယ်။
ကံဆိုးချင်တော့ လေယာဉ်ပျံပျက်ပါလေရော။
ကံကောင်းချင်တော့ လေထီးလေးရပါတယ်။
ကံဆိုးချင်တော့ လေထီးဖွင့်မရပါဘူး။
ကံကောင်းချင်တော့ ကျမယ့်တည့်တည့်မှာ ကောက်ရိုးပုံကြီးရှိနေတယ်။
ကံဆိုးချင်တော့ ကောက်ရိုးပုံအလယ်မှာ အချွန်ကြီးထောင်နေပါလား။
ကံကောင်းချင်တော့ အချွန်ကြီးနဲ့လွဲသွားတယ်။
ကံဆိုးချင်တော့ ကောက်ရိုးပုံနဲ့ပါလွဲသွားတယ်။
(ကိန်)

●မဓမီဓာ



## ချစ်တတ်ကြရဲ့လား





# ချစ်တတ်ကြရဲ့လား

ကိုစံပိုးက တောသားစစ်စစ်ပါဗျာ။

တောကမှ တကယ့်တောဆိုသလို အင်မတန်သွားရေးလာရေးခက်တဲ့ ရွာလေးတစ်ရွာမှာချက်မြှုပ်ခဲ့သူရယ်ပါ။ ထားပါ။ ဒါက အရေးမကြီးပါဘူး။ ဘဝက်ကြမ္မာ အလှည့်အပြောင်းရယ်ကြောင့်ပဲ ကိုစံပိုး ရန်ကုန်မှာ အခြေချဖို့ဖြစ်လာတယ်လေ။

ရန်ကုန်ဆိုလို့ အထင်တော့ မကြီးလိုက်ကြပါနဲ့နော်။ ရန်ကုန်ရဲ့ တကယ့်အစွန်အဖျားမြို့သစ်လေးတစ်ခုရဲ့ အစွန်ဆုံးရပ်ကွက်လေးမှာနေတာပါ။ ဆင်ခြေထောက်နဲ့ ဖုံးမဖုံးတော့မသိ။ ကိုစံပိုးတို့ ရပ်ကွက်လေးကတော့ တော်တော်ကို စုတ်ချာတဲ့ ဆင်ခြေဖုံးရယ်ပါဗျာ။

၁၀ပေ၊ ၇ပေ၊ ၈ပေအိမ်လေးတွေ ပြွတ်သိပ်နေတဲ့လမ်းလေး



မှာ ကိုစံပိုးနေတယ်။ ကိုစံပိုးက ဆိုက္ကားနင်းတယ်။ ခေါင်းရင်းအိမ်က ပဲပြုတ်ရောင်းတယ်။ ခြေရင်းအိမ်ကတော့ လက်သမား။ မျက်စောင်းထိုးမှာ ပန်းသည်။ မျက်စပစ်မှာကတော့ ပန်းရံသမား။ တစ်လမ်းလုံးက နေ့စား လက်လှုပ်မှ ပါးစပ်လှုပ်မယ့် လက်လုပ်လက်စားတွေချည်းရယ်။

လမ်းထဲက. . ကိုစံပိုးတို့ အရွယ်တွေဆိုရင် အားလုံးတောသားတွေချည်းသာပေါ့။ နောက်ပေါက်ကလေးတွေမှသာ ရန်ကုန်မှာမွေးကြတာရယ်လေ။ ထားပါ။ ကိုစံပိုးအဓိကပြောချင်တာက ဒါမဟုတ်ဘူး။ ကိုစံပိုးတို့ ဆင်းရဲသားရပ်ကွက်လေးဆိုပေမယ့် အိမ်တိုင်းမှာတော့ တယ်လီဗေးရှင်း ရှိကြတယ်ဗျ။ ကြမ်းခုနစ်ချောင်းပြည့်အောင် မရှိရင်တောင်မှ တယ်လီဗေးရှင်း သေးသေးလေးတစ်လုံးတော့ ကြည့်ရပြီးရောဆိုပြီး ဘယ်လိုမော်ဒယ်ဖြစ်ဖြစ်ဝယ်ထားကြတာလေ။

တစ်နေကုန် လုပ်ကိုင်ပင်ပန်းသမျှ ညဆိုရင်တယ်လီဗေးရှင်းရှေ့ထိုင်ပြီး အမောဖြေကြရတာရယ်။ ခုနောက်ပိုင်းဆိုရင် တယ်လီဗေးရှင်းအစီအစဉ်တွေကလည်း ကောင်းမှကောင်းဆိုသလို ပြည်သူတွေအတွက်ဖြည့်ဆည်းပေးလာတာ ဝမ်းသာစရာပါ။ အစီအစဉ်တွေကလည်း စုံမှစုံရယ်ပေါ့။

ကိုစံပိုးတို့လို တစ်လနေလို့မှ ငွေတစ်သောင်းပြည့်အောင်စုလို့မရနိုင်တဲ့သူတွေအတွက် အင်မတန်အိုကေတဲ့ စတိတ်ရှိုးအစီအစဉ်တွေ ခုတစ်ခါတည်းရိုက် တစ်ခါတည်းပြဘာတဲ့ သူတို့အခေါ် လိုက်ရှိုးဆိုလားဘာဆိုလားပဲ။ ဒီအစီအစဉ်မျိုး ကြေငြာပြီဆိုတာနဲ့ ကိုစံပိုးတို့က လာမယ့်ရက်ကိုတွက်နေပြီ။ သန်ဘက်ခါလာတော့မယ်။ မနက်ဖြန်လာတော့မယ်ပေါ့။ ဒီလို စတိတ်ရှိုးအစီအစဉ်လာမယ့်ရက်ဆိုရင် ကိုစံပိုးတို့အိမ်မှာ ကာလသားတွေရော၊ ကာလသမီးတွေရော၊ ကလေးသူငယ်တွေရော အိမ်မှာအပြည့်ရယ်လေ။

သူတို့အိမ်က တီဗွီတွေက မိန်းမတွေအကြိုက် ကိုးရီးယားဇာတ်လမ်းတွဲတွေနဲ့ တိုက်နေတာကြောင့် သီချင်းဝါသနာအိုး ကိုစံပိုးဆီရောက်လာကြတာ။

"ကိုစံပိုး"

"ဗျာ"

"ဒီညရှိုးက တကယ့်ပွဲနော်

**ကိုစံပိုးတို့လို တစ်သနေလို့မှ ငွေတစ်သောင်းပြည့်အောင် စုလို့မရနိုင်တဲ့ သူတွေအတွက် အင်မတန်အိုကေတဲ့ စတိတ်ရှိုးအစီအစဉ်တွေ ခုတစ်ခါတည်းရိုက် တစ်ခါတည်းပြ။**

အမှိုးသမီးတွေကြိုးပဲ အလန်းနော်"

"ဟုတ်ပ၊ အငယ်ကောင် ရယ်၊ ငါလည်း အတော်ကြည့်ချင်နေတာ"

"ဟော တိုမှာ စလာပြီ"

ကိုစံပိုးတို့အိမ်က ပရိသတ်အားလုံး ငြိမ်ချက်သားကောင်းသွားပြီး တယ်လီဗေးရှင်းကိုပဲ အာရုံစိုက်လိုက်ကြတယ်။

"ဟေ့ ဒါခုတလော နာမည်ကြီးနေတဲ့ အဆိုတော်လေးပဲ"

"အေး ဟုတ်တယ်။ သိပ်ကောင်းတာ သူဝတ်ထားတာလည်း အလန်း"

"ဟဲ့ မိစုတို့၊ ပိညက်တို့ တိတ်တိတ်နေစမ်း၊ ဒီမှာ အသံမကြားရဘူး"

ကိုစံပိုးအသံကြောင့် ကောင်မလေးများ ငြိမ်ကျသွား၏။ တီဗီအသံကိုလည်း အဆုံးထိဖွင့်ချလိုက်သည်။

"ဟောတော့ ဘာသံပါလိမ့်"

"အေး ဟုတ်ပ၊ ဘယ်လိုဆိုလိုက်တာလဲ ကြောင်လိုက်တဲ့အသံ"

တကယ်ပင် ဘယ်လိုမှ ကီးမစွဲ၊ ကီးမကိုက်သည့် အသံဆိုးကြီးနှင့် ဆိုချသွားတော့သည်။

"ဟောတော့ ဘယ်လိုဖြစ်တာလဲ၊ သူက အဆိုတော်လေ"

ကိုစံပိုးတို့ငယ်စဉ် ရေဒီယိုမှလာသော သီချင်းကြီးတစ်ပုဒ်ကို ပြန်၍ ကြားယောင်လာမိတော့သည်။

"ဝါသနာဘာဂီ ဆက်တိုင်းမီသတဲ့ဗျာ၊ ပါရမီတော်ထူးတဲ့ကျွန်တော့်မှာ ဆိုလိုက်တိုင်းမစွံပါ၊ ဒါနဲ့တောင် အသံလွှင့်ရုံကိုလာ. . .

အားပေးကြတဲ့မိဘများတွေက ကျွန်တော်သာဆိုရင် ရေဒီယိုရိုက်ခွဲလိုက်ချင်တာ မဆိုချင်ပါနဲ့လို့ တောင်းပန်ထားကြတာ ပါရမီတော်ထူးတဲ့ကျွန်တော့်မှာ မြို့ရဲ့မေတ္တာခံယူမယ့်သားပါ. .

အသံကြားရုံနဲ့ သူ့ကိုသာမြင်ရင် အော့နှလုံးနာ ရူပါကလည်း သိပ်မခေပါ၊ တစ္ဆေနဲ့အလှခြင်းမကွာ"

တီဗီမှပင်လာလာနေသည့် သီချင်းပြိုင်ပွဲများလို မီးလင်းမည်ဆိုလျှင် သူတို့ဆိုပုံ ကီးလွဲပုံနှင့်ဆိုလျှင်တော့ မီးတစ်လုံးမှပင်ပိတ်တော့မည်မထင်။

"ဟယ် သူကပိုဆိုးသေး"

"အံ့ပါရဲ့"

အဆိုတော်မလေးများ တစ်ယောက်ပြီးတစ်ယောက် အဝတ်အစားမျိုးစုံ၊ အိုက်တင်မျိုးစုံနှင့် ဆိုနေကြတော့သည်။ ကိုစံပိုးစိတ်ကူးနှင့်တီဗီကို တစ်လုံးပြီးတစ်လုံး ထိုင်ရိုက်ခွဲနေမိတော့၏။

'တစ်လုံး၊ နှစ်လုံး၊ သုံးလုံး × × ခြောက်လုံး"

ကိုစံပိုးစိတ်ထဲ ခြောက်လုံးတိတိခွဲပြီးသွားပြီ။

"နောက်တစ်ခါ ဒီအဆိုတော်တွေ ပြည်သူလူထုရှေ့မဆိုပြခင် မီးလင်းတဲ့ဒိုင်တွေဆီမှာ မီးဘယ်နှစ်လုံးလင်းတယ်ဆိုတာ အရင်အစစ်ခံပြီးမှ ပြရင်ကောင်းမယ်"

"အေးဟယ် အဆိုတော်ဆိုတာ အဆိုတော်လို့ အဆိုတော်ဆိုပြီး ခေါ်တာမဟုတ်လား။ ခုဟာ အဆိုရှော် အဆိုချော်တွေပဲ"

"ဟေ့ ဟေ့ ဒီတစ်ယောက်ကတော့ မဆိုးဘူးရယ်"

"အေး အေး ရုပ်ဆိုးမျိုးကောင်း ဒူးရင်းသီးပဲ၊ သူကတော့ ဆိုတတ်တယ်နော်"

ကိုစံပိုး တယ်လီဗေးရှင်းကို အာရုံစိုက်ကြည့်လိုက်သည်။ မှန်၏။ ဒီတစ်ယောက်ကတော့ တကယ်ပင် မဆိုးပါ။ ကိုစံပိုး ဝမ်းသာအားရ တီဗွီကိုကြည့်နေစဉ်မှာပင်။

"ဟောဗျာ ဘာကြီးလဲ"

ကိုစံပိုး အလန့်တကြား ထအော်လိုက်မိသည်။

"ဘာလဲဗျ ကိုကြီးစံရ"

"ဟေ ငါလည်း သေချာမသိဘူး။ မဲမဲတော့မဲမဲကြီးရယ်"

"ခြော် ဒါများ ကိုကြီးစံရယ်၊ အဲဒါ 'ချိုင်း'(ချိုင်း)ကြီးလေ"

"ဘာရယ် ချိုင်း အဲဒီမဲမဲထူထူကြီးက ချိုင်းကြီးလား"

ကိုစံပိုး စိတ်ကူးနှင့် တီဗီ နောက်တစ်လုံး ရိုက်ခွဲလိုက်ပြန်သည်။

"ဒါရော ဖြစ်သင့်ရဲ့လား။ ပြည်သူလူထုကိုချပြတာ။ ဒီလောက်တောင်မှ ခေတ်မီနည်းတွေရှိနေတာ ပြုပြင်လို့မရဘူးလားရယ်။ ပြုပြင်လို့မရရင်လည်း မလုမပဖြစ်နေတာကို မပြနဲ့ပေါ့။ ဒါကြီးမပြလို့လဲ ဖြစ်တယ်လေ"

ကိုစံပိုး ရင်ဘတ်ထဲက အောင့်တက်လာသည်။ ကိုစံပိုးက တောသားရယ်ပါ။ သီချင်းတွေကို ကိုယ်တိုင်မဆိုတတ်ပေမယ့် အကြားအာရုံကတော့ ကောင်းကောင်းခံစားတတ်ပါတယ်။ အမြင်မတော်တာကိုလည်းအော်ဂလီဆန်တတ်ပါတယ်။

ဘောလုံးအစီအစဉ်တွေ တအားခေတ်စားနေချိန်မှာ တီဗွီကလည်း ပြည်သူလူထုစိတ်ဝင်စားအောင် သရုပ်ဆောင်တွေ၊ အဆိုတော်တွေနှင့် ဘောလုံးပွဲတွေအကြောင်းကို ဆွေးနွေးတဲ့အစီအစဉ်တွေ ထုတ်လွှင့်ပေးတယ်လေ။

တစ်ခါသားတော့ မင်းသားကြီးတစ်ယောက်(သူ့ကိုယ်သူတော့ အရမ်းငယ်နုနေအောင် နုဖတ်သတ်

**"နောက်တစ်ခါ ဒီအဆိုတော်တွေ ပြည်သူလူထုရှေ့ မဆိုပြခင် မီးထင်းတဲ့ဒိုင်တွေဆီမှာ မီးဘယ်နှစ်လုံး ထင်းတယ်ဆိုတာ အရင်အစစ်ခံပြီးမှ ပြရင်ကောင်းမယ်"**



တဲ့အဝတ်အစားတွေနဲ့)က ဘောလုံးပွဲအကြောင်းကိုဆွေးနွေးတာ တွေ့လိုက်ရတယ်။

"ဟောဗျာ သူက ပြည်သူလူထုနဲ့ စကားပြောတာက ပါးစပ်နဲ့ပြောတာလား၊ ဖင်နဲ့ပြောတာလား"

ကိုစံပိုးစိတ်ထဲ တွေးထင်သလိုပင် အဆိုပါမင်းသားကြီးမှာ ဆွတ်ဆွတ်ဖြူ၍ ကျပ်ထုတ်နေသော ဘောင်းဘီကိုဝတ်၍ ဆက်တီခုံပေါ်၌ ခပ်လျှောလျှောလေးထိုင်ကာ ဟန်ပါပါနှင့် ခြေကလိန်ချိတ်ထားသေးသည်။

ထိုအချိန်ကျမှ ဆင်ဆာအတုံးလေးများက သူ့ဖင်ပေါက်တည့်တည့်ကို လိုက်ပိတ်ပေးနေရ၏။

"လုံနိုင်ပါ့မလား၊ စထိုင်တည်းက ပြည်သူလူထုတွေကြည့်မယ်၊ ကိုယ့်ထမင်းရှင်တွေ ကိုယ့်အားပေးမယ့်လူတွေနဲ့တွေ့ရမယ်။ ဒီလို အတွေးမျိုးလေးသာ သူ့ဦးနှောက်မှာ ရှိနေရင် သူဒီလိုထိုင်ပါ့မလား"

ကိုစံပိုးတို့ ဂျာနယ်တွေမှာ၊ တီဗီတွေမှာ၊ မဂ္ဂဇင်းတွေမှာ အမြဲတမ်းတွေ့နေရပါတယ်။ အဲဒီအဆိုတော်မတွေ မင်းသမီးတွေ၊ မင်းသားတွေပေါ့ အင်တာဗျူးတဲ့အခါတိုင်းမှာ

"ပြည်သူလူထုတွေက သမီးတို့ရဲ့ ကျေးဇူးရှင်တွေပါ"

"ကျွန်တော်တို့က ပြည်သူလူထုကို သိပ်ချစ်တာပါ"

"ကျွန်မတို့ကို ပြည်သူလူထုကချစ်မှ ကျွန်မတို့က အောင်မြင်မှာပါ"

"သမီးတို့"

"သားတို့"

ကိုစံပိုးက တကယ်ပဲ တောသားပါဗျာ။ ခုတော့ ရန်ကုန်ရဲ့ အစွန်အဖျား ဆင်ခြေဖုံးမှာနေတယ်လေ။ ပြည်သူလူထုထဲက ကိုစံပိုး မရဲတရဲလေး မေးကြည့်ချင်ပါတယ်။

သူတို့တတွေ ပြည်သူလူထုကို တကယ်ပဲချစ်တယ်ဆိုရင် ပြည်သူလူထုကို စော်ကားမိမှာကို တွေးပူပြီး ကြိုတင်ပြင်ဆင်ရမယ်လို့ ထင်ပါတယ်။

တကယ်ပဲ သူတို့ ပြည်သူလူထုကို

"ချစ်တတ်ကြရဲ့လား"

● ထိပ်တင်လက်


မြည့်ပိုင်မျိုးအိမ်
တစ်ခွန်းဆိုတစ်ခွန်း

## တစ်ခွန်းဆိုတစ်ခွန်း

ကျွန်တော့်ချစ်သူ 'ခနု'မလေးက စကားတော်တော်လေးဝဲ၏။ ကျွန်တော့်အဖို့ကတော့ ထိုစကားဝဲခြင်းကပင် တစ်မျိုးချစ်စရာဖြစ်နေသည်။

သူမ၏စကားအသုံးအနှုန်းတို့က တစ်ခါတစ်ရံ ထူးခြားသည်မို့ ဗဟုသုတလည်းရသည်။ သူမတို့ ခနုစကားလေးက မြန်မာစကားကဲ့သို့ပင်ဖြစ်သော်လည်း လေသူလေသိမ်းမှာ တော်တော်ကြီးကွဲလွဲသည်။

ဥပမာ 'ထိုင်လေ'ဟူသော စကားကို သူမတို့ပြောလျှင် 'ထိန်လေ'ဟု အသံထွက်သည်။ 'မိုးတိမ်'ဆိုလျှင် 'မှိုးတိုင်'ဟုအသံထွက်ပြီး 'စိတ်ညစ်တယ်' ဆိုလျှင် 'စိုက်ညစ်တယ်' ဟု ထွက်လေသည်။

ထို့ကြောင့် သူမနှင့်ဆုံလေတိုင်း စကားပြောဖြစ်တိုင်း အနည်းနှင့်အများ ကမောက်ကမဖြစ်ရသည်ချည်း။ နောက် ပြန်တွေးကြည့်တော့လည်း ရယ်စရာဖြစ်သွားသည်ကများသည်။

အခုလည်း အင်းလျားကန်ပေါင်မှာ လေညှင်းခံရင်း နှစ်ယောက်သား တီတီတာတာဖြင့် ရောက်တတ်ရာရာတွေ



**ကျွန်တော် ကိုယ့်နဖူး**
**ကိုယ်ပြန်ရိုက်မိသည်။ 'သွားပြီ'ဟု**
**မျက်နှာကြီးနီကာ**
**ကိုယ့်နဖူးကိုယ်ပြန်ရိုက်သော**
**ကျွန်တော့်ကို ချစ်သူက**
**အူကြောင်ကြောင်ဖြင့်ကြည့်ကာနေသည်။**

ပြောကြရာက. . .

"မောင်"

"ပြော ချစ်"

"ချစ်လေ မနေ့က မောင်'ကဲ'တဲ့ အကြောင်းတွေ ဖေဖေတို့ကို ပြောပြလိုက်တယ် သိလား"

"ဘာ! ဘယ်လို"

"မောင်'ကဲ'တဲ့အကြောင်း ပြောပြလိုက်တယ်လို့"

"ဟိုက်!"

ကျွန်တော် ကိုယ့်နဖူးကိုယ်ပြန်ရိုက်မိသည်။ 'သွားပြီ'ဟု မျက်နှာကြီးနီကာ ကိုယ့်နဖူးကိုယ်ပြန်ရိုက်သော ကျွန်တော့်ကို ချစ်သူက အူကြောင်ကြောင်ဖြင့်ကြည့်ကာနေသည်။ သူ့ဘာမှ မသိနားမလည်သလိုမျိုး။

မျက်နှာကြီးနီကာ ရှက်နေသောကျွန်တော့်ကို ချစ်သူက'ဘာဖြစ်သွားတာလဲ'ဟု ပြူးတီပြူးကြောင်ဖြင့် မေးသည်။

"အာ ဘာဖြစ်ရမှာလဲချစ်ရာ ပြောပြစရာရှားလား လူကြီးသူမ. . မ"

"မောင်ကလည်း. . မောင်'ကဲ'လို့ ကဲတယ်ပြောပြတဲ့ဟာကို"

"ချစ်ရာ. . "

"ဘာလဲ"

ကျွန်တော်ရှက်ရှက်ဖြင့် အုံ့အားတသင့် 'ချစ်ရာ' ဟုရေရွတ်တော့ သူက 'ဘာလဲ'ဟု ခပ်ဆောင့်ဆောင့်ထူးသည်။

"လူကြီးတွေကို သွားပြောပြစရာလား"

"ရော. . မောင်'ကဲ'တာတွေကို ပြောပြမှ သူတို့လည်း သဘောတူမှာပေါ့၊ မောင်က'ကဲ'လေ သူတို့ကသဘောတူလေပဲ"

"သေလိုက်ပါတော့"ဟု ကိုယ့်နဖူးကိုယ်ရိုက်မိပြန်သည်။ သူမကလည်း ပြူးတိပြူးကြောင်ဖြင့် 'မောင်'ဘာဖြစ်နေတာလဲဟုဆိုပြန်သည်။

"ချစ်ပဲ မောင်'ကဲ'တဲ့အကြောင်းကို ချစ်မိဘတွေကို ပြောပြလိုက်တယ်ဆို"

"ဟုတ်တယ်၊ ပြောပြတာကမှ ခရေစေ့တွင်းကျကို ပြောပြတာ"

"သေပြီ ဆရာ"

ကျွန်တော်က မျက်နှာကြီးနီပြီး ရှက်နေသလောက် သူမကတော့ ဘာမှမဖြစ်သလို 'မောင်ဘာဖြစ်နေတာလဲ အူကြောင်ကြောင် နဲ့'ဟု တစ်ပြန်တစ်လဲစိတ်တိုသည်။ ပြီးတော့မှ တစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့် 'မဟုတ်ဘူး မဟုတ်ဘူး' ဟု ဗလုံးဗထွေးရွတ်ကာ မျက်နှာကြီးနီတက်လာသည်။

"ဘာ မဟုတ်တာလဲချစ်"

"ဟိုချစ်ပြောတဲ့ 'ကဲ'တယ်ဆိုတာက မနေလို 'ကဲ'တာကို ပြောတာ မနေလိုဆိုလိုရင်းက သူတကာထက်ကဲတာ၊ သာတာ၊ ကြိုးစားမှုလွန်ကဲတာ၊ တော်တာ၊ တတ်တာကိုပြောတာ. . ."

အသံခပ်တိုးတိုးဖြင့် ခေါင်းကြီးငွတ်ငုံ့ကာ သူမရှင်းပြတော့မှ သူမပြောသော 'ကဲ'၏အဓိပ္ပာယ်ကို နားလည်ရတော့သည်။

ဪ မနေလို 'ကဲတယ်'ဆိုတာ သူ့ထက်ကဲ၊ သူ့ထက်တော်၊ သူ့ထက်သာတာကို ပြောတာကိုး၊ဗျ။ သိပါဘူး ဒီကကောင်ကဖြင့် ချွေးစေးတွေကိုပျံ့သွားတာပဲ။ သူမက ကျွန်တော်'ကဲ'တဲ့အကြောင်းတွေ လုံးစေ့ပတ်စေ့ ခရေစေ့တွင်းကျ သူ့မိဘကို သွားပြောပြတယ်ဆိုတာကိုး။ အဟီးဟီး တော်သေးတာပေါ့ဗျာ. . နေ့၊ သူ့အရပ်နဲ့ သူ့ဇာတ်မို့လို့ပေါ့။

**ပြည့်ပိုင်မှူးအိမ်**



# ယုလိဂ်စွ် ဦးဘတူကယ်ပေလို့



မိမိနဲ့မြတ်မြတ်က ပါတီပွဲတစ်ခုကနေ ပြန်လာတယ်။ အချိန်က ညသန်းခေါင်ရောက်တော့မယ်။

ကားမောင်းလာရင်း မိမိရုတ်တရက် ဗိုက်နာလာတယ်။ ပါတီပွဲမှာ တွေ့တဲ့အစားအစာတစ်ခုခုက တန်ခိုးပြလာတာထင်တယ်။ မကြာခင်မှာပဲ မြတ်မြတ်ပါ ဗိုက်နာလာတယ်။ ဝမ်းသွားချင်စိတ်ကို ဘယ်လိုမှ မအောင့်နိုင်ကြတော့ဘူး။

နံဘေးဝဲယာကြည့်တော့လည်း အိမ်မပြောနဲ့ ဆိုင်တွေတောင် ပိတ်လို့အိပ်မောကျနေကြပြီ။ ဒီအချိန်မှာ တစ်အိမ်အိမ်ကိုနိုးပြီး ဒီလိုကိစ္စကိုရှင်းမယ်ဆိုတာ မိန်းမတွေအဖို့ရှက်စရာပဲ။

ကိစ္စကလည်း တဆစ်ဆစ်နဲ့ ထိပ်ဝကိုတိုးနေပြီ။ ခုမရှင်းရင် တော်ကြာကားပေါ်တင် ပိုးစိုးပက်စက်ဖြစ်ကုန်တော့မယ်။

ဒီလိုနဲ့ ကားကသချိုင်းတစ်ခုကိုဖြတ်မောင်းလာကြတယ်။ မိမိကဗိုက်ကိုလက်တစ်ဖက်နဲ့နှိပ်လို့ကားမောင်းရင်း မြတ်မြတ်ကို အဓိပ္ပာယ်ပါတဲ့အကြည့်နဲ့ကြည့်တယ်။ မြတ်မြတ်ကလည်း နဖူးမှာချွေးစီးတွေနဲ့ အံကြိတ်ရင်းမိမိကိုပြန်ကြည့်တယ်။ နှစ်ယောက်သားခေါင်းညိတ်ပြရင်း အတည်ပြုလိုက်ကြတယ်။ ဒီလိုနဲ့ သချိုင်းထဲမှာကားကိုရပ်ပြီး သင့်တော်ရာနေရာတွေမှာ အပြေးပဲ ကိစ္စရှင်းလိုက်ကြရတယ်။

ညကြီးသန်းခေါင်သချိုင်းထဲမှာဆိုတော့ ကြောက်တော့ ကြောက်စရာပဲ။ ဒါပေမယ့် မိန်းကလေးတွေဆိုတာ အရှက်ကိုအသက်နဲ့လဲချင်တတ်ကြတာမဟုတ်လား။ ကြောက်တာက နောက်၊ အရှက်ကွဲမှာက အရင်။

ဒီလိုနဲ့ ကိစ္စရှင်းပြီးသွားကြတယ်။ ဒီတော့မှ နှစ်ယောက်သား ပေါ့ပေါ့ပါးပါးစကားပြောနိုင်ကြတော့တယ်။ ကားကလေးမောင်းရင်းပေါ့။

"ဟဲ့. . မြတ်မြတ် ပါတီပွဲမှာ အစားမှားလာတာထင်တယ်နော်. . နင်ပုဆွန်အစိမ်းသုတ်စားသေးလား"

"စားပေါ့ မိမိရယ်. . အဲဒီပုဆွန်သုတ်စားကတည်းက အနံ့ကတစ်မျိုးကြီးပါလားလို့ထင်နေတာ ထင်တဲ့အတိုင်းပဲ ဟဲ့. . ဒါနဲ့ ကိစ္စပြီးတော့ နင်ဘာနဲ့ရှင်းလိုက်လဲ. . "

"ကြောက်ကလည်းကြောက် အနီးအနားလဲဘာမှမရှိတော့ ငါ့အတွင်းခံနဲ့ပဲရှင်းပြီးပစ်ခဲ့ရတယ် နင်ရော"

မြတ်မြတ်က မချိုမချဉ်ပြုံးရင်းပြောသည်။

"အင်း. . ဦးဘတူကြီး ကယ်ပေလို့ပေါ့ဟယ်"

မိမိက အံ့ဩဟန်နဲ့ သံယောင်လိုက်တယ်။

"ဦးဘတူ. . ဘယ်ကဦးဘတူလဲ. . "



"ဒီလိုဟဲ့. . ငါလည်းဘယ်သိပ့်ါမလဲ၊ ကြုံမရတဲ့အဆုံး နင့်လိုပဲ ပထမတော့ကြံမိတယ်။ ဒါပေမယ့် ငါ့အတွင်းခံလေးက မနေ့ကမှ ဗိုလ်ချုပ်စျေးထဲက စျေးကြီးပေးပြီး ဝယ်ခဲ့ရတာဆိုတော့ နှမြောကလည်းနှမြော အဲဒါနဲ့ ဘေးဘီရှာလိုက်တာ အဲဒီမှာ ပန်းခွေအဟောင်းမှာကပ်ထားတဲ့ ဦးဘတူဗြန်နှစ်ဆိုတဲ့စာရွက်တစ်ရွက်တွေ့ရတာပဲဟေ့ အင်း. . ဦးဘတူကယ်ပေလို့. . ဦးဘတူကယ်ပေလို့"

xxxx

နံနက်စောစော မိမိ၏အမျိုးသားက မြတ်မြတ်ယောကျ်ားထံဖုန်းဆက်သည်။

"ဟေ့ကောင် မောင်မောင် မင်းမိန်းမနဲ့ ငါ့မိန်းမကို ဒီတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူးထင်တယ်၊ ကောင်မတွေ ဘယ်လောက်ကဲတယ်မသိဘူး၊ ညက ငါ့မိန်းမပြန်လာတော့ အောက်ခံဘောင်းဘီတောင် ပြန်ပါမလာတော့ဘူး"

မောင်မောင် အံ့ဩသွားသည်။

"ဟေ ဟုတ်လား၊ နေဦး မြတ်မြတ်ကိုငါကြည့်လိုက်ဦးမယ်"

မောင်မောင်သွားကြည့်သည်။ ခဏကြာမှ စိတ်ပျက်လက်ပျက်အသံကြီးနှင့်ဤသို့ပြောသည်။

"မောင်လင်း မင်းမိန်းမက တော်ပါသေးတယ်ကွာ၊ ငါ့မိန်းမမှာ ဦးဘတူနှင့်တကွ ကျွန်ုပ်တို့မိသားစုတပ်ဖွဲ့မှ သင့်အား ဘယ်တော့မှမေ့နိုင်မည်မဟုတ်ပါဆိုတဲ့ ဂုဏ်ပြုစာရွက်ကြီးကိုပါ ညှပ်ပေးလိုက်တယ်"

● လူလိမ္မော်

-ကျွန်တော့်ယောက္ခမ ကိုးရီးယားဇာတ်လမ်းတွဲ ဘယ်လောက်ကြည့်လဲဆို သရုပ်ဆောင်တွေကတောင် သူ့ကိုမှတ်မိနေကြပြီ။


ဆုမြတ်မှုန်
အသည်းကွဲ လူမိုက်ကြီး

# အသည်းကွဲ လူပျိုကြီး

မည်သည့်စာဆိုပညာရှင်ကဝိကြီးက ဖော်ထုတ်သွားသလဲတော့ မသိချေ။ ယောကျ်ားတွေကို အသီးတွေနှင့်နှိုင်းကာ ဥပမာပေးတင်ပြထားတာကို စာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးသည်။ ငယ်ရွယ်နုပျိုသော အသက်နှစ်ဆယ်အရွယ် ယောကျ်ားတစ်ယောက်သည် အုန်းသီးနဲ့တူသည်တဲ့။ အလုံးကတော့ အကြီးကြီး၊ ဒါပေမယ့် အဆန်ကတော့သေးသေးလေးသာရှိလို့ပါတဲ့။ အမိဗ္ဗာယ်ကို ဉာဏ်မီသလောက် လိုက်စဉ်းစားကြည့်လိုက်တော့ ခန္ဓာကိုယ်နုထွား မက်စရာကောင်းပေမယ့် ဦးနှောက်ကတော့ ခပ်သေးသေးသာဟု ဆိုလိုခြင်းဖြစ်ပုံရသည်။

အသက်သုံးဆယ်အရွယ်မှာတော့ ယောကျ်ားတော်တော်များများဟာ ဒူးရင်းသီးနဲ့တူသည်တဲ့။ ဒူးရင်းသီးမှာ ဆူးတွေတော့ရှိသည်။ ဒါပေမယ့် အဲဒီဆူးတွေကို ခွာပြီးစားတတ်မယ်ဆိုရင်တော့ အထဲမှာချိုမြိန်တဲ့ အရသာရှိသည့် အသားမွှာတွေရှိသည်။ ဒီဥပမာကလည်း ဆိုးတော့မဆိုးလှပါ။ အသက်



သုံးဆယ်အရွယ်ယောကျ်ားဆိုတာက သိပ်ပြီးစင်းလုံးချောတော့မရှိနိုင်တော့၊ အသက်နှစ်ဆယ်လို ဂျစ်ကန်ကန်မာကျောကျောနှင့် ဘာမှသိပ်မသိတာမျိုးလည်းမရှိတော့။ လောကကြီးနှင့်သဟဇာတဖြစ်ကာ နေရာတစ်ခုမှာ အခြေကျလျက် အရာတော်တော်များများကို သိပြီးသား၊ စမ်းပြီးသားဖြစ်နေကြပြီ။ ယောကျ်ားတစ်ယောက်ရဲ့ဘဝဟာ အသက်လေးဆယ်မှာစတယ်ဆိုလျှင် အသက်သုံးဆယ်အရွယ်ယောကျ်ားတွေကတော့ ဘဝစဖို့ အဆင်သင့်ဖြစ်နေသည်။ မသိပိုးဝါးအရွယ်လူပျိုလေးလည်း မဟုတ်တော့သော၊ လူပျိုကြီးလည်း မဟုတ်သေးသော အသက်သုံးဆယ်အရွယ်သည် ယောကျ်ားတစ်ယောက်အတွက်တော့ သက်သောင့်သက်သာအရှိဆုံးဖြစ်သည်ဟုကြားဖူးသည်။

အသက်လေးဆယ်အရွယ် ယောကျ်ားတွေကတော့ ဖရဲသီးနှင့်တူလေသည် ။ အပြင်ဘက်မှာတော့ စိမ်းစိမ်းလုံးလုံးကြီးနှင့် အထဲကို ခွဲချလိုက်တော့မှ နီနီရဲရဲ အရည်တရွှမ်းရွှမ်းဖြစ်နေတာသည် အသက်လေးဆယ်ယောကျ်ားတွေနှင့် ဘယ်လိုဆက်စပ်သလဲတော့ မပြောတတ်တော့ပါ။ ဤသည်မှ အသက်ငါးဆယ်အရွယ်ကို လိမ္မော်သီး၊ အသက်ခြောက်ဆယ်ကို စပျစ်သီးခြောက်စသည်ဖြင့် ပမာပေးခိုင်းနှိုင်းတတ်ကြတာကို ဖတ်ဖူးသည်။ ထားပါတော့ အသက်အရွယ်အမျိုးမျိုးရှိကြသော ယောကျ်ားတွေထဲကမှ ဖရဲသီးနှင့်တူသော အသက်လေးဆယ်အရွယ် လူပျိုကြီးတစ်ယောက်အကြောင်းကို ပြောပြချင်သည်။

သူက ကျွန်မဦးလေး၏ သူငယ်ချင်းဖြစ်သည်။ သူ့ပုံစံကို မြင်သာထင်သာရှိအောင်ပြောပြရလျှင် ငါးပေငါးလက်မခန့်ရှိမည့်အရပ်ဟာ ပေါင် ၁၄၅ဖြင့်ဝန်းရံထားသည်။ နဂိုကတည်းက ခပ်ပြောင်ပြောင်ရှိသော မဟာနဖူးဟာ လေးဆယ်တန်းရောက်လာပြီဖြစ်သဖြင့် တော်တော်သိသိသာသာ ပြောင်လာတာကို သူကကပ်ဦးထုပ်တစ်လုံးဖြင့် အကာအကွယ်ယူထားသည်။ ကြည့်လိုက်လျှင်တော့ လူငယ်အထာပေါ့။ ဒါပေမယ့် သူထိပ်ပြောင်တာကို ဖုံးကွယ်ထားတယ်ဆိုတာ ရင်းနှီးသူတိုင်းကသိကြသည်။ ကပ်ဦးထုပ်၊ တီရှပ်နှင့် ဒျွေပင် အတိုဝတ်သောသူသည် သူ့ကို လူပျိုကြီးခေါ်လျှင်လည်း လုံးဝမကြိုက်ချေ။ သူပြောလိုက်မှဖြင့် ရည်းစားတွေကို သူကပဲထားခဲ့တာချည်းပင်။ သူ့ကို လူပျိုကြီး

**<u>မိန်းမကောင်းကိုရရင်</u>**
**<u>ခြင်းချက်ဖြစ်မယ်။</u>**
**<u>ဆိုးတဲ့မိန်းမကိုရရင်</u>**
**<u>တွေးခေါ် ရှင်ဖြစ်မယ်တဲ့။</u>**
**<u>ယောက်ျားတော်တော်များများကတော့</u>**
**<u>တွေးခေါ် ရှင်ဖြစ်ဖို့နီးစပ်ပါတယ်။</u>**

ပဲ လုပ်တော့မှာလား'ဟု မေးလျှင်လည်း ဘယ်တော့မှ လေကာမလျှော့။ 'လာမယ်လေ အေးဆေးပေါ့'ဆိုတာတွေချည်းပင်။ စတိုင်အဖြစ်ထားထားသော မေးစေ့က မုတ်ဆိတ်ငုတ်စိတွေကို လက်နှင့်ဟန်ပါပါပွတ်ကာ. .

"စကားတစ်ခုရှိတယ်ဟ ဘာပဲဖြစ်ဖြစ် မိန်းမယူပါတဲ့။ မိန်းမကောင်းကိုရရင် ခြွင်းချက်ဖြစ်မယ်။ ဆိုးတဲ့မိန်းမကိုရရင် တွေးခေါ် ရှင်ဖြစ်မယ်တဲ့။ ယောက်ျားတော်တော်များများကတော့ တွေးခေါ် ရှင်ဖြစ်ဖို့နီးစပ်ပါတယ်။ ငါလည်းတွေးခေါ် ရှင်ဖြစ်ချင်တယ်လေ. . ဟဲ ဟဲ"

"အောင်မယ် ဦးမြတ်မင်းနော် အဲဒါကတော့ မိန်းမတွေကိုဖွဲ့တာပါ။ ဒီမှာ ဦးမြတ်မင်း အရင်ခေတ်တွေတုန်းကလေ စစ်မတိုက်ရဲတဲ့သူကို လူကြောက်လို့ခေါ်တယ်။ အခုခေတ်မှာတော့ သူ့ကိုဘယ်လိုခေါ်သလဲ သိလား"

"မသိဘူး"

"ဟား ဟား မသိရင်မှတ်ထား။ အဲဒီလိုလူမျိုးကို လူပျိုကြီးလို့ခေါ်တယ်။"

"ဟာ ဒီစာရေးဆရာမတော့ တစ်ဆိတ်ရှိ ဒီလူပျိုကြီးကိုပဲ ခလုတ်တိုက်နေတော့တာပဲ။ ဒီမှာ အလုပ်တစ်ခုလုပ်တယ်ဆိုတာ ပြီးစလွယ်လုပ်လို့ မရဘူး။ အိမ်ထောင်ပြုတယ်ဆိုတာ ပိုဆိုးတယ်။ မိန်းမယူတယ်ဆိုတာ ကိုယ့်စကားအောင်တဲ့ မိန်းကလေးကိုယူဖို့ လိုအပ်တယ်ဟ။ ဒါကြောင့် ငါကစစ်စစ်စီစီနဲ့ရွေးနေရတာ"

"အမလေး. . သူရွေးတာကလည်း ဘိုးဘွားရိပ်သာရောက်တော့



မယ်"

"ဟာ. . ဒီစာရေးဆရာမကတော့ သူများကိုသာပြောနေတယ်။ သူကဖြင့် ငုတ်တုတ်မေ့နေပြီးတော့များ"

"နိုးပါနေဉ်။ အိုင်တို့က သူများတွေလို လေးဆယ်တန်းမဟုတ်ဘူး။ ကဲပါ ဦးမြတ်မင်း ဘယ်သူ့ကိုကြိုက်သလဲပြော။ ဂျီတီစီက ဆရာမကိုလား။ ဒါမှမဟုတ် ရွှေဆိုင်က အပျိုကြီးလား။ မဟုတ်ရင် ဘဏ်ကအစ်မကြီးကိုလား။ ပြော. . ပြော။ လုံးဝအောင်သွယ်ပေးမယ်။ ဖြစ်မြောက်စေရမယ်"

ကျွန်မရဲ့စကားကို သူက ရှုံ့ရှုံ့မဲ့မဲ့ လက်ခါပြသည်။ ပြီးတော့ ပြောသေးသည်မှာ. .

"နင့်ဟာတွေအကုန်လုံးက **Over 35** တွေချည်းပဲ။ လုံးဝစိတ်မဝင်စားဘူး"

"အောင်မယ်၊ အောင်မယ် သူကများ"

ကျွန်မက အပျိုကြီးတွေဘက်ကနာကာ လူပျိုကြီးကိုရန်တွေ့ဖို့ စကားလုံးရှာဖွေဆဲမှာပင် သူကဆက်ပြောသည်။

"စာရေးဆရာမ၊ နင်ငါ့ကိုပြောမနေနဲ့၊ လက်ရှိမှာနင်နဲ့ပေါင်းနေတဲ့ နင့်ဘော်ဒါတွေတောင် ဆယ့်ရှစ်နှစ်ဆယ်အရွယ် အလန်းစားတွေနဲ့ဖြစ်နေတယ်ဆိုတာအသိဆုံးပဲ။ ငါ့ကျမှလာပြီး နွားအိုမြက်နုကြိုက်သူတွေ၊ ဘာတွေနဲ့ ပျစ်ပျစ်နှစ်နှစ်ဝေဖန်မနေနဲ့၊ နင့်စိတ်ထဲမှာ ငါ့ကိုဘာပြောနေတယ်ဆိုတာ ငါ မသိဘူးများထင်နေလား၊

နင်က ငါ့သူငယ်ချင်းရဲ့တူမပါဟာ။ ငါမွေးရင် ငါ့သမီးအရွယ်ပါ။ နင့်ကိုလည်း စေတနာနဲ့ပြောလိုက်ဦးမယ်။ နင်လည်း သိပ် 'ပဲ'များပြီး ဈေးကိုင်မနေနဲ့။ ဈေးကောင်းပေးတုန်းရောင်းထား၊ ယောက်ျားတွေက မိန်းမတွေအသက်ကြီးလာရင် မကြိုက်တော့ဘူးဟ သိလား"

"ဟွန့်. . မိန်းမတွေကလည်း ယောက်ျားတွေအသက်ကြီးရင်မကြိုက်ပါဘူးနော်။ အထူးသဖြင့် မှိုတက်နေတဲ့လူပျိုကြီးတွေဆို ပိုတောင်မကြိုက်သေး"

"အေးပါ ဒီကောင်မလေး။ ကဲ နောက်နှစ်သီတင်းကျွတ်မှာ ငါ့မင်္ဂလာ

ဆောင်ကို နင်ပန်းကြဲဖို့သာပြင်ထား။ နင့်ထက်ငယ်တဲ့ကောင်မလေးကို ရှာပြဦးမယ်ကြည့်ထား"

လူပျိုကြီးက မစားရဝခမန်းပြောကာထွက်သွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် လုံးဝကိုအပြီးအပြတ် လူပျိုကြီးလုပ်ဖို့လည်း စိတ်မဝင်စားဘဲ မိန်းမယူဖို့တော့ စိတ်ထဲမှာရှိသေးသည့် ဒီလူပျိုကြီးကို ဘယ်အချိန် လူပျိုကြီးဘဝက ကျွတ်မလဲဆိုတာ ကျွန်မအပါအဝင် ရင်းနှီးသောအသိုင်းအဝိုင်းတစ်ခုလုံးက စိတ်ဝင်စားစောင့်ကြည့်နေခဲ့ကြသည်။

လူပျိုကြီးဆိုတာ မိန်းမ,မရသေးခင်အထိ ထာဝရချာတိတ်ပါဟု သူ့ကိုယ်သူ အပီအပြင်ဆိုထားလေသူလူပျိုကြီးသည် တစ်နေ့မှာတော့ ကောင်မလေးတစ်ယောက်ကို ခေါ်လာကာ မိတ်ဆက်ပေးတော့မှပဲ မျက်လုံးပြူးရတာဖြစ်တော့သည်။ သူကြုံးဝါးသွားသလိုပင် ကောင်မလေးက ကျွန်မထက်တောင် ငယ်လောက်ပါသည်။

"စာရေးဆရာမ ဒါမီးမီးတဲ့။ ငါ့ရဲ့ ဆွီဟက်တ်လေးပေါ့။ နင့်စာတွေလည်း သူကဖတ်တယ်ဆိုပဲ။ နင့်စာတွေက သိပ်မရင့်ကျက်သေးတဲ့ကလေးတွေဖတ်တာမဟုတ်လား။ အဲဒီတော့ သူ့အသက်ကိုလည်း နင်မှန်းကြည့်ပေါ့"

လူပျိုကြီးက ဘလိုင်းကြီးဖွဲ့သော်လည်း သူ့ကိုပြန်ပြီး မချေပနိုင်ဘဲ ရှောရနေခဲ့သည်။

ဟုတ်မှဟုတ်ရဲ့လားဟု ကိုယ့်မျက်စိကိုယ်တောင်မယုံချင်ဖြစ်ရသည်။ ရုပ်ရှင်တွေထဲကလို ခဏောင်းလာသလားတောင် ထင်မိလေသည်။ သူတို့အတွဲကိုပြူးပြဲကြည့်နေသောကျွန်မကို လူပျိုကြီးက ဘယ့်နှယ်ရှိစဟူသောအပြုံးမျိုးဖြင့် ကော်လာတောင်ထောင်ပြသွားခဲ့သေးသည်။ နောက်မှသိရတာက ကောင်မလေးမှာ အရင်ရည်းစားရှိပြီး သူ့ရည်းစားနဲ့ အိမ်ကသဘောမတူသောကြောင့် ဖြတ်လိုက်ရကာ မိဘချင်းရင်းနှီးသောလူပျိုကြီးနှင့် တွဲဖြစ်သွားသည်တဲ့။ ဒီအကြောင်းတွေကိုသိရလျှင် ကျွန်မက လူပျိုကြီးကို ချက်ချင်းပဲ စကားနာထိုးတော့သည်။

"ဒါဆိုရင် ဦးမြတ်မင်းက ပွဲလန့်တုန်းဖျာခင်းတာပေါ့လေ"

"ဘာပွဲမှမလန့်ဘူး။ သူဟာသူ ဦးနှောက်နဲ့ရွေးချယ်တာ။ သူ့ကောင်လေး



**သူ့ကောင်လေးက ခုချိန်ထိ**
**ဘွဲ့လည်းမရသေး၊ ဝေလေလေနဲ့**
**ရည်းစားလည်းများတော့**
**သူ့စိတ်ကုန်လာတာပေါ့၊ ဒီအချိန်မှာ**
**ငါ့ရဲ့နွေးထွေးတဲ့မေတ္တာရိပ်ကို**
**ခိုဝင်ရကောင်းမှန်းသိသွားတာ**

[illegible] ခုချိန်ထိဘွဲ့လည်း မရသေး၊ ဝေလေလေနဲ့ ရည်းစားလည်းများတော့ သူ့[illegible]တုန်လာတာပေါ့။ ဒီအချိန်မှာ ငါ့ရဲ့နွေးထွေးတဲ့ မေတ္တာရိပ်ကို ခိုဝင်ရ[illegible]ောင်းမှန်းသိသွားတာ"

ဘယ်လိုပဲဖြစ်ဖြစ်လေ၊ နင်တို့ ငါ့အစွမ်းအစကိုမြင်ပြီမဟုတ်လား။ [illegible]တ်ချာတိတ်တွေကို ငါတို့ကပျင်းတာပေါ့ဟာ။ ကြော်ငြာထဲမှာ လွင်မိုး[illegible]သလို အတွေ့အကြုံရယ်၊ ဒါလေးရယ်တော့လိုတာပေါ့ စာရေးဆရာမ[illegible] ဟဲ ဟဲ ကဲ. . နင်တော့ ငါ့မင်္ဂလာဆောင်မှာ ပန်းကြဲဖို့သာပြင်ထားတော့"

"နေ. . နေပါဦး။ မသိလို့ မေးပါရစေဦး။ သူ့ကို ဦးမြတ်မင်း ဘယ်[illegible] ဆွဲဆောင်သိမ်းသွင်းလိုက်လဲဟင်"

"ထွတ်. . မေးပုံကလည်း ကဗျာမဆန်လိုက်တာ။ နင်ဟာလေ ဘာမှ[illegible] ဘာမှမတတ်ဘဲနဲ့များ စာရေးဆရာမလုပ်စားနေသေးတယ်။ နင့်စာအုပ်[illegible]တ်တဲ့လူတွေအတွက်တော့ ရင်လေးစရာပဲ။ အေးပါ။ နင်သုံးစားရ[illegible] ကုန်ကြမ်းလေးတွေပြောပြခဲ့ဦးမယ်။ မိန်းမတွေမှာ**Weak Point**[illegible]ရှိတယ်။ **Weak Point** ဆိုလို့ မကောင်းတာတွေမထင်နဲ့ဦး။ ဒီလိုဟာ[illegible]အနေနဲ့ နင့်လိုခပ်ပိန်းပိန်းတစ်ယောက် နားလည်အောင်ပြောပြရရင် [illegible]ကြိုက်တတ်တဲ့မိန်းကလေးဟာ အဲဒါသူ့အားနည်းချက်ပဲ။ အလှကြိုက်[illegible]တယ်ဆိုရင် အဲဒီအလှကြိုက်တတ်တာဟာလည်း သူ့အားနည်းချက်ပဲ။ [illegible]ရင် အားနည်းချက်တွေမှ အများကြီး။ အအိပ်မက်တာ၊ ဝတယ်လို့ [illegible]ခံရမှာ အသေအလဲကြောက်တာ စသဖြင့်"

"အမလေး တော်ပါတော့။ လိုရင်းကို မရောက်နိုင်ဘူး။ တကတည်းမှပဲ"

"အေးပါ၊ ငါက နင်မြင်သာထင်သာအောင်ပြောပြတာ၊ အေး. . လူဆိုတာ အဲဒီအားနည်းချက်တွေကို တစ်ဖက်က လိုက်လျောနားလည်ဖြည့်ဆည်းပေးရင် သိပ်ကျေနပ်တတ်ကြတယ်၊ မီးမီးရဲ့ အားနည်းချက်က သူ့ကိုဂရုစိုက်စေချင်တာ၊ အယုယခံချင်တာ၊ အကြင်နာခံချင်တာ၊ စိတ်ကောက်နေတုန်းချော့ရင် သိပ်သဘောကျတာ၊ ငါကလည်း ဒီလို,မကိစ္စနဲ့ပတ်သက်လာရင်သိတယ်ဟုတ်၊ ဟဲလေးဆိုထားသလို **Old Service**လေ၊ ဒီတော့ကာ ဒီအဆင်နဲ့ဒီအဆင် ငြိကြလေသတည်းပေါ့၊ ဟဲ ဟဲ ဒီသီတင်းကျွတ်မှာတော့ လူပျိုဘဝကို ရင်နာနာနဲ့စွန့်လွှတ်ရတော့မှာပဲပေါ့၊ ဟိတ် စာရေးဆရာမ ကိုယ့်ကို ချစ်သူက စွဲသထက်စွဲလာအောင် လုပ်တဲ့နည်းတွေလည်း ရှိသေးတယ်နော်၊ ယူဦးမလား၊ နင့်စာအုပ်တွေထဲ ထည့်ရေးဖို့လေ"

စာရေးဆရာမသည် အောင့်သီးအောင့်သက်ဖြင့် ငြိမ်ခံနေရလေသည်။ အတွန့်တက်ရအောင်လည်း သူက လက်ဆုပ်လက်ကိုင်ပြထားတာမှ ရင်းနှီးသော အသိုင်းအဝိုင်းကြားမှာတော့ သူကဝါးတားဖလားဝါး(ဝါကာ ဝါကာတော့မဟုတ်)ရေပန်းစားနေလေသည်။ အံမယ် သူက သူ့အဖြစ်ကိုတောင် ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် နှိုင်းယှဉ်ကာ ပြောသွားသေးသည်။

"အချစ်ရေးတို့ အိမ်ထောင်ရေးတို့ဆိုတာလည်း ကမ္ဘာ့ဖလားဘောလုံးပွဲလိုပဲ မှန်းရခက်တယ်ကွ၊ နယ်သာလန်ကို ဗိုလ်လုပွဲထိတက်လာလိမ့်မယ်လို့ ဘယ်သူကမှ ထင်မထားဘူး၊ အေး. . အဲဒီလိုပဲ မြတ်မင်းကိုလည်း လူတွေက ဒီတစ်သက်မိန်းမရတော့မယ်လို့ ဘယ်သူကမှထင်ထားမှာမဟုတ်ဘူး၊ ဒါပဲလေ လောကကြီးမှာ ဘယ်အရာမှ ဒီလိုဖြစ်လာလိမ့်မယ်လို့ ကြိုတင်ဟောကိန်းမထုတ်နိုင်ဘူး"

"အောင်မယ် ထုတ်နိုင်ပါတယ်နော်။ ရေဘဝဲကြီးဟောတာတွေ အကုန်မှန်သားပဲ"

"ဒါက ကြက်ကန်းဆန်အိုးတိုးတာပါဟာ။ ငါကလေ အဲဒီရေဘဝဲကြီးကိုတောင် သွားမေးလိုက်ချင်သေးတယ်။ ကလေးဘယ်နှစ်ယောက်ရမှ



သဲလို့ ဟား ဟား"

မရတော့။ ဆေးမမီတော့ချေ။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဖက်မိဘချင်းသည်းသိပြီးသားဆိုတော့ အဆင်ပြေဖို့ပဲ မျှော်လင့်ကာ လူပျိုကြီးအတွက် ဝမ်းသာပေးရပါသည်။ အဲဒီနောက်မှာတော့ လူပျိုကြီးကို လန်းသထက်လန်းသော ဒီနိုင်းတွေဖြင့် တွေ့လာရသည်။ ကိုယ့်အသည်းလေးကဟူသောစကားက ပါးစပ်ဖျားမှမချချေ။ အရင်တုန်းကမှ သူ့မျက်နှာကိုမြင်ရသေးသည်။ နောက်ပိုင်းမှာ သိပ်တောင်မမြင်ရတော့။ သူ့အသည်းလေးရဲ့ အကြိုတော်၊ အပို့တော် ဝေယျာဝစ္စကိစ္စရပ်များဖြင့် မအားလပ်အောင်ဖြစ်နေသည်ဟု လေးလေးထံမှ ကြားရလေသည်။ ညနေဘက် ဘီယာဆိုင်တောင် သိပ်လာမထိုင်ဖြစ်တော့ပါတဲ့။ သူငယ်ချင်းတွေကြားထဲမှာတောင် "ငါ့အသည်းလေးက မကြိုက်ဘူးကွ" ဆိုတာမျိုးတွေ အသားယူပြီး ပြောလာတတ်သည်ဟု ပြန်ကြားရသည်။

"ဒီကောင်ကွာ အခုမှ အရူးအမဲသားကျွေးမိသလိုဖြစ်နေလား မသိပါဘူး။ ကောင်မလေးက နှစ်ဆယ့်သုံးနှစ်ဆိုတော့ သိတာလည်းသိပြီး လည်နေပြီ။ နိုင်းကောင်းတိုင်းနိုင်းနေတာ။ ဒါကို ဟိုကောင်ကလည်း နွားပြာကြီးအောက်သွားမရှိဖြစ်နေတာ။ ဟင်း မျက်လုံးထဲမှာ **Cruss** ပဲ"

"လေးလေးကလည်း သူယူမယ့်မိန်းမပဲ၊ လုပ်ပေးပစေပေါ့"

"ဟင်း ဆောက်ဖြစ်မှကျောင်းဒကာပါဟာ။ ငါကတော့ သိပ်မထင်ပါဘူး။ ရေဘဝဲပေါလ်ကိုတောင်ခေါ်ပြီး ဗေဒင်ဟောခိုင်းလိုက်ချင်သေးတယ်။ သူ့ကောင်မလေးကဖြင့်"

လေးလေးက ဆက်မပြောတော့ချေ။ မျက်လုံးထဲတွင်တော့ လူပျိုကြီး၏ ဖလန်းဖလန်းထနေသောပုံရိပ်ကိုမြင်ယောင်ကာ ကံကောင်းပါစေဟု ဆုတောင်းပေးနေမိခဲ့ပါသည်။

"မယ်ပို့ရေ ဟိုကောင်ကြီးတော့ ဝွမ်းပြီဟေ့"

လေးလေးက ဤသို့အစချီလိုက်တာနှင့် လူပျိုကြီးတော့ တစ်ခုခုဖြစ်ပြီဆိုတာကို သိလိုက်တာမို့ အထိတ်တလန့်မေးမိသည်။

"သူ့ကောင်မလေးလေ။ ယောကျ်ားနောက်လိုက်သွားပြီ"

ကျွန်မမှာ 'ဟယ်'ဆိုသော စကားလုံးကို ပါးစပ်ကတောင်ထွက်ကျ

မလာဘဲ ရင်ထဲမှာတစ်နေမိသည်။ ဘယ်လိုဖြစ်တာလဲဟု ဆက်မေးစရာမလို ဘဲ လေးလေးကပဲ ဆက်ပြောပြလေသည်။

"သူ့ကောင်မလေးက တကယ်တမ်းကျတော့ ဟိုကောင့်ကို မပြတ်နိုင်ဘူးလေ၊ ဟိုကောင်ကလည်း ဒီသီတင်းကျွတ်ရင် ကောင်မလေးအိမ်က မြတ်မင်းနဲ့ပေးစားတော့မယ်ဆိုတာသိတော့ ဖွတ်ပြန်ကပ်တာပေါ့။

ဟိုက ငယ်ချစ်နဲ့ မြတ်မင်းက ခဏခိုင်းကောင်းရုံ့ အစားထိုးတဲ့တာနဲ့ ဘယ်တူမလဲဟ။ ပြီးတော့ အသက်ချင်းကလည်း ကွာသေးတာကိုး။ ဒီတော့ သူ့ရည်းစားနောက်ပဲ သူပြန်ပါသွားတော့တာပေါ့။ ဟိုကလည်း စိတ်ချရအောင် တစ်ခါတည်း မ,သွားတော့တာပဲ"

"ဟင် သူပြောတော့ ကောင်မလေးက သူ့မှသူ့ခွဲနေပြီဆို။ ကောင်မလေးရဲ့ **Weak Point**တွေကို သူသိထားတယ်ဆို"

"အေး. . သူသိတာထက် ဟိုက သူ့ရဲ့ **Weak Point** ကို ပိုသိတာ ဒါကြောင့် လုပ်ချသွားတာပဲလေ"

ကျွန်မမျက်လုံးထဲတွင် အချစ်ဓာတ်တွေဖြင့် လန်းဆန်းတက်ကြွနေသောလူပျိုကြီးကို တရေးရေးမြင်ယောင်လာသည်။ တစ်လောကတွေ့တုန်းကတောင် သူကနောက်သွားသေးသည်။

"စာရေးဆရာမ နင်နဲ့ငါ တစ်ရက်လောက် အချစ်အကြောင်းဆွေးနွေးရအောင်။ အခု ငါ့ရင်ခုန်သံတွေ သိပ်လတ်ဆတ်နေတယ်ဟာ၊ နင့်ကိုလည်း တုန်ကြမ်းတွေအများကြီးပေးချင်တယ်။ အဲ. . ခုတော့မဟုတ်ဘူး။ ငါ့အသည်းလေးက ကြေးအိုးသောက်ချင်တယ်ဆိုလို့ သွားပို့ပေးရဦးမယ်၊

နင်လည်းမှတ်ထားနော်၊ ကြီးရင်မို့ ငယ်ရင်ချိုတဲ့ဟ၊ ကြီးတဲ့သူကိုသာ ရှာကြိုက်၊ ဒါမှ အလိုလိုက်ခံရမှာ"

ဪ ဦးမြတ်မင်းရယ်၊ ခုလို ငယ်လွန်းတော့လည်း ချိုရုံသာမက လွှတ်ပါချလိုက်ရပြီကိုး။ ကျွန်မ သူ့အတွက် စိတ်မကောင်းပါ။ ခုချိန်ဆို လူပျိုကြီး ဘယ်လိုများခံစားနေရမှာပါလိမ့်။

"ဦးမြတ်မင်း အခုဘယ်မှာလဲဟင်"

"အိမ်ထဲက အိမ်ပြင်ကိုမထွက်ဘူး။ ဘာဖြစ်နေမှန်းတောင် မသိဘူး"



နောက်နေ့တွေမှာလည်း လူပျိုကြီးကိုမတွေ့ရတော့ပါ။ တစ်နေရာသို့ ခရီးထွက်သွားသည်ဟုသာသိရပြီး ဘယ်တော့မှ ပြန်လာမလဲဆိုတာမသိရသေး။ ကျွန်မကတော့ မဂ္ဂဇင်းတိုက်ကစာမူတောင်းသောအခါ ဘာရေးရမှန်းမသိသဖြင့် သူ့အကြောင်းကိုတော့ရေးမိလိုက်ပြီ။

အသည်းကွဲသွားဟန်ရှိသည့် လူပျိုကြီးကတော့ သီတင်းကျွတ်ပြီး တော်တော်ကြာမှပဲ ပြန်လာလိမ့်မည်ထင်သည်။ သူ့ကို လူတွေ မေ့လောက်ပြီဟု ထင်သောအချိန်ကျမှပေါ့။ သေချာတာကတော့ ကျွန်မသူ့ကို မေ့သွားမှာမဟုတ်ချေ။ အသက်လေးဆယ်မှာ ဘဝမစဘဲ အသက်လေးဆယ်ကျမှ အသည်းကွဲရသော သူ့ဖီလင်တွေကို တကယ်ပဲ နားဆင်ချင်သေးသည်။ ခုချိန်မှာ နားထဲ၌ အဆိုတော်မိုးမိုးဆိုထားသော 'အသက်လေးဆယ်'သီချင်းလေးကိုတော့ တကယ်ပဲ ကြားယောင်မိဆဲ။

"အသက်လေးဆယ် လူတွေမေးတယ်။ ဘယ်တော့များမှ စားရမှာလဲ ဟန်ဆောင်ရပြီ လူတွေမသိအောင် အပြုံးလေးနဲ့ လိမ်ရပြီ"

● ဆုမြတ်မွန်မွန်

သားမွေးအကျီလိုချင်လို့
အေးတယ်လို့ မိန်းမကပြောတဲ့အချိန်မှာ
ယောကျ်ားကဖက်ပြီး
နွေးထွေးတဲ့အကြင်နာပေးတာဟာ
မိန်းမတစ်ယောက်အတွက်
ခံရအခက်ဆုံး။



# ကိုဆန်း

## အဲဒီနေ့က ကျွန်မအမေဆုံးခဲ့တယ်

## အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ်

(၁)

အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ်။

အဲဒီ ပက်လက်ကုလားထိုင်လေးပေါ်မှာပေါ့။

(၂)

အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ်။

ကျွန်မက အိမ်နောက်ဖေးမှာ ဝက်သားကြော်ဖို့လုပ်နေတယ်။ ပက်လက်ကုလားထိုင်က ဒုံးဒုံးနဲ့ အသံကြားလို့ထွက်ကြည့်တော့ အဖေလေ အဲဒီပက်လက်ကုလားထိုင်ပေါ်မှာဆုံးနေပြီ။

(၃)

အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ်။

မနက်ကတည်းက အဖေက ဒီနေ့ ဝက်သားကြော်စားချင်တယ်ဆိုလို့ ကျွန်မကိုယ်တိုင်ဈေးသွားပြီး ဝက်သား(၁၀)သားဝယ်၊ အဖေ့အတွက်



ကြော်ပေးမယ်ဆိုပြီး မီးဖိုမှာပြင်နေ
ဘုန်းရှိသေးတယ် အဖေက အိမ်သာ
တက်ကိုဝင်သွားတယ်။ ပြီးတော့ ပြန်
ထွက်သွားပြီး မကြာပါဘူး အိမ်ရှေ့က
ဒုံးဒုံးနဲ့ အသံကြားရတယ်။ ကျွန်မ
ည်း ဆီသတ်အိုးကြီးနဲ့မို့ အိုးကိုချ
ပြီးထွက်ကြည့်တယ်။

အဖေက ပက်လက်ကုလားထိုင်လေးပေါ်မှာ ခေါင်းကြီးစောင်းပြီး ငြိမ်နေတယ်။ ကျွန်မခေါ်တော့ မထူးတော့ဘူးငြိမ်နေပြီ၊ အဲဒီတော့မှ အဖေဆုံးသွားပြီဆိုတာသိရတာ။

(၄)

အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ်။

အဖေငယ်ငယ်က သိပ်ဆွေးတာတဲ့၊ ဝပ်ရှော့မှာလည်းလုပ်ဖူးတယ်၊ ကားလည်းမောင်းဖူးတယ်တဲ့။ အမေနဲ့လည်းကွဲခဲ့သေးတယ်။ အမေ ဘုန်းယာရောင်းပြီးမှ အိမ်ပြန်ရောက်တယ်တဲ့။ အဲဒီတုန်းက ကျွန်မတော့ မွေးသေးပါဘူး။ အဲဒီနောက်ပိုင်းမှ အမေမှီးသွားတာ အစားအသောက်လည်းမရွေးဘူး ဘာကျွေးကျွေးစားတာပဲ။

အဖေက သိပ်မကျန်းမာတော့မှ အစားအသောက်ကို တော်

---

**အဖေက
သိပ်မကျန်းမာတော့မှ
အစားအသောက်ကို
တော်တော်ရွေးလာတယ်။
ဘာကျွေးကျွေး
ခံတွင်းသိပ်မလိုက်ဘူး။
အရင်က
အရမ်းသောက်ခဲ့တာလည်း
ပါတာပေါ့။**

---

တော်ရွှေလာတယ်။ ဘာကျွေးကျွေး ခံတွင်းသိပ်မလိုက်ဘူး။ အရင်က အရမ်းသောက်ခဲ့တာလည်းပါတာပေါ့။ အဲဒီနေ့မနက်ကတော့လေ 'အငယ် မရယ် ငါ ဝက်သားကြော်လေးစား ချင်တယ်'တဲ့။ အဲဒီပက်လက်ကုလား ထိုင်ပေါ်ကပဲ လှမ်းပြောတယ်။ ဒါနဲ့ ကျွန်မလည်း ဈေးကိုတူမလေးခေါ်ပြီး ထွက်ခဲ့တယ်။ အဲဒီမှာ ဒေါ်တရုတ်မ သိတယ်မဟုတ်လား၊ ဒေါ်တရုတ်မ ဆိုင်မှာ ဝက်သား(၁၀)သားနဲ့ ကျွန်မ တို့စားဖို့က ကန်စွန်းရွက်(၃)စီးဝယ် ပြီးပြန်လာတယ်။ ကျွန်မပြန်ရောက် တော့ အဖေကအင်္ကျီလုံချည်အသစ် နဲ့ အဲဒီပက်လက်ကုလားထိုင်မှာ ထိုင်နေ တယ်။ ကျွန်မကို အဖေက 'အငယ်မ ဝက်သားရခဲ့လား'လို့လှမ်း မေးတယ်။

'အဖေကလဲ ခဏစောင့် သမီးကြော်လိုက်ဦးမယ်'လို့ပြောတော့ အဖေက ဘာမှမပြောတော့ဘဲ အဲဒီ အပေါ်မှာပဲ ခေါင်းမှီပေါ်ကိုငေးပြီးထိုင် နေတယ်။ သမီးလည်း သူစားချင်တာ မြန်မြန်စားရအောင်ဆိုပြီး ဝက်သား ကြော်ဖို့လုပ်နေတယ်။ တူမလေးက လာရှုပ်နေလို့ သူ့ကို သမီးက 'မရှုပ်နဲ့ ကလေး ကလေးလိုနေစမ်း'လို့ပြော ရတယ်။ မလတ်သမီးလေ ၅နှစ်ပဲရှိ သေးတယ်၊ အရမ်းစပ်စုတာ စကား ကလည်းတတ်၊ လည်ကလည်းလည် အဲဒီအချိန်မှာ အဖေက မီးဖိုထဲဝင် လာပြီး သမီးတို့ဟင်းပြင်နေတာကို လာကြည့်တယ်။ 'သမီး သိပ်မငန် စေနဲ့နော်'လို့ပြောပြီး အိမ်သာထဲဝင် သွားတယ်။ သူ ဝမ်းသွားရခက်နေ တယ်နဲ့တူပါတယ်။ အိမ်သာထဲက အသံစုံတွေထွက်နေတယ်။ ခဏနေ မှ ပြန်ထွက်လာပြီး 'နင့်ဝက်ကြော်က ကြာဦးမှာလား'တဲ့။ ကျွန်မက 'အဖေ ကလည်းစားဖို့ပဲသိတယ်၊ ဒီမှာ ဆီ သတ်တုန်း ကြာဦးမှာ'ဆိုတော့ ဘာမှ မပြောတော့ဘူး အပြင်ပြန်ထွက် သွားတယ်။ ကျွန်မက ဆီပူထဲ ဝက်သား တုံးကို ချမလို့ဘဲရှိသေးတယ်။ အိမ် ရှေ့က တဒိုးဒိုးနဲ့ အသံကြားရတယ်၊ ကျွန်မက တူမလေးလဲ့လဲ့ကို 'ဟဲ့ နင့် အဘိုး ဘာဖြစ်လဲမသိဘူး သွားကြည့် စမ်း'လို့ပြောတော့ လဲ့လဲ့က ကန်စွန်း ရွက်စည်းဆော့နေရာက မထချင် ထချင်လုပ်နေလို့ ကျွန်မပဲ ဆီအိုး ခဏချပြီး ထကြည့်ရတယ်။ အဲဒီမှာ လေ အဲဒီပက်လက်ကုလားထိုင်ပေါ် မှာ အဖေ့ခေါင်းကြီး ညာဖက်စောင်း နေပြီး ခြေထောက်နှစ်ဖက်ဆန့်လို့



စန့်စန့်ကြီးဆုံးနေတာတွေ့ရတယ်။

(၅)

အဲဒီနေ့က ကျွန်မအဖေ ဆုံးခဲ့တယ်။

အဖေက ငယ်ငယ်က တော့အရမ်းသန်တာတဲ့။ ဝပ်ရှော့မှာ လုပ်ရာကနေ ကားသမားဖြစ်လာတာ။ အဖေနဲ့ညားပြီးတော့ မကြီးနဲ့မလတ် ကိုမွေးတဲ့အထိတော့ အကောင်းပဲ တဲ့။ ကလေးနှစ်ယောက်ရပြီးတော့မှ အရက်ကလေးသောက်တတ်လာတယ်။ ကားသမားဆိုတော့ သိတယ်မဟုတ် လား။ မိန်းမကိစ္စကလည်း ဘယ်ကင်း မှာလဲ၊ အမေ့ဆီကို ပြန်လည်းမပြန် တော့ဘူး။ ပိုက်ဆံလည်းမပေးတော့ ဘူး။ အမေ့ခမျာလေ ကလေးနှစ် ယောက်နဲ့ ဘာမှလည်းမလုပ်ကိုင်တတ် နဲ့ ဒုက္ခတော်တော်ရောက်ခဲ့တယ်တဲ့။ နောက်မှ အမေ့ဖက်ကဘကြီးက ငွေ ရင်းလေးထောင်ပေးလို့ ဒီဘဝသစ် ဆိုတဲ့ ကွမ်းယာဆိုင်လေးစလုပ်ဖြစ် တာ။ အဲဒီအချိန်ကျတော့ အဖေက အရက်သမားလုံးလုံးဖြစ်နေပြီ။ ကား လည်းမမောင်းနိုင်တော့ဘူး။ အမေက သနားလို့တဲ့ အဖေ့ကို ပြန်ခေါ်လာ တယ်။ အဲဒီနောက်ပိုင်းမှ ကျွန်မ ကိုပြန်မွေးတာ။ အဲဒါကြောင့် ကျွန်မနဲ့

ကားသမားဆိုတော့
သိတယ်မဟုတ်လား၊
မိန်းမကိစ္စကလည်း
ဘယ်ကင်းမှာလဲ
အမေ့ဆီကို
ပြန်လည်းမပြန်တော့ဘူး၊
ပိုက်ဆံလည်း
မပေးတော့ဘူး၊
အမေ့ခမျာလေ
ကလေးနှစ်ယောက်နဲ့

မကြီး၊ မလတ်နဲ့ အသက်ကွာနေတာ၊ အလုပ်မလုပ်နိုင်တဲ့နောက်မှာ အဖေက ဘာမှလည်းမလုပ်တော့သလို ဘာမှလည်းမပူဆာတော့ဘူး။ တစ်နေ့တစ်နေ့ ဆိုင်ကငွေနှစ်ရာလောက်နှိုက်ပြီး အရက်ဆိုင်မှာပဲ သူ့ဘဝကပြီးနေတာ။ ပြီးခဲ့တဲ့လကမှ . . သူ့သားမက်မိုးကျော်က အဖေ့အတွက်ဆိုပြီး အဲဒီလည်ကတုံးအကျီနဲ့ ပုဆိုးအသစ်တစ်ထည် ကန်တော့ခဲ့တာ။ အဖေက'ငါမလိုပါဘူးကွာ'ဆိုပြီးမဝတ်ဘဲနေတာ။ ဒီနေ့မနက်ကျတော့ ဘာစိတ်ကူးပေါက်တယ်မသိပါဘူး၊ လည်ကတုံးအကျီအသစ်နဲ့ ပုဆိုးအသစ်နဲ့ ပက်လက်ကုလားထိုင်ပေါ်ထိုင်နေတယ်။ ကျွန်မဈေးသွားဖို့လုပ်တော့ 'ဟဲ့ အငယ်မ ဈေးကို နင်သွားမှာလား'တဲ့၊ 'ဟုတ်တယ်'လို့ပြောတော့ 'အေး ငါလည်း ခံတွင်းပျက်နေတာကြာပြီ ဝက်သားကြော်လေးစားချင်လိုက်တာ'လို့ပြောတယ်။ ကျွန်မလည်း 'အဖေစားချင်ဝယ်ခဲ့မယ်'လို့ပြောပြီး ဈေးကိုထွက်ခဲ့တယ်။ ဟိုကောင်မလေး ကျွန်မတူမလေး လဲ့လဲ့ သူလည်းဈေးလိုက်ချင်တယ်တဲ့။ ကျွန်မက 'ရှုပ်တယ် မလိုက်ခဲ့နဲ့'လို့ပြောတော့ ငိုတော့တာပဲ။ သူ့ခေါ်သွားတာက အကြောင်းမဟုတ်ဘူး။ ဒီကောင်မလေးက စားစရိတ်ကြီးတယ်။ ဈေးထဲရောက်ရင် လက်ကောက်တို့လက်စွပ်တို့ အတင်းပူဆာရော၊ တစ်ခါတလေလဲ အသုတ်တို့မုန့်ကြာစေ့တို့စားမယ်ဆိုပြီး ဆိုင်တိုင်ကိုဖက်ထားတတ်တယ်။ မကျေးမချင်း မလွှတ်တော့ဘူး။ ဒါကြောင့်မခေါ်ချင်တာ။ မလတ်သမီးလေ မလတ်ကလည်း အရင်တုန်းကတော့ ဒီမနေပါဘူး။ သူ့ယောက်ျားစစ်သားနဲ့လျှောက်လိုက်နေတာ။ နောက်ပိုင်း သူ့ယောက်ျားက ဂမ်းရှေ့ဆိုလား ဘာလားပဲ ကျွန်မလည်းမပြောတတ်ပါဘူး။ အဲဒါဖြစ်လို့ဆိုပြီး အိမ်ပြန်ရောက်လာကြတာ။

ကိုယ်ကိုယ်တိုင်ကိုဘိုးသူတော်ပျောက်နေတာကြာ...တောင်ဝှေးဘဝပဲဖြစ်နေတာ။ ...တောင်ဝှေးကလည်း လဲနေတာကြာပြီ၊ မထူတဲ့အပြင် တက်ပဲနင်းနေ...တာ။ ဒါပေမယ့် ဘယ်တတ်နိုင်မှာလဲ ဒီအဖေဒီအမေကြီးရှိနေတော့ သားသမီးဒုက္ခရောက်ရင် သူတို့တာဝန်ပေါ့ သူတို့ကလည်း သားသမီးအိမ်ပြန်မှ...တဲ့အရွယ်ဆိုတော့ ဘယ်လိုလုပ်မလဲ ဒီလိုပဲ ဖြစ်သလိုကျွတ်ကြက်လီနေ...



ရတာပေါ့။ ဈေးထဲရောက်တော့လည်း မတာရှုတ်မလေ ဝက်သားတစ်ဆယ်သားဆို အဖက်ကိုမလုပ်ဘူး။ 'ဟဲ့ တရုတ်မ ဝက်သတ်တဲ့ကုလားနဲ့မညားခင်တုံးက နင်လည်းကန်စွန်းရွက်နဲ့ညားခဲ့တဲ့လူပါဟယ်။ ဝက်သားရောင်းမှ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ ဝက်သားတစ်ဆယ်သားဝယ်တာကို မတူသလိုမတန်သလိုနဲ့ တစ်ဆယ်သားလည်း တစ်ဆယ်သား ပိုက်ဆံပေးဝယ်တာ'ဆိုတော့ တရုတ်မရယ် ဘယ့်နှယ်စိတ်ဆိုးတယ်မသိပါဘူး ပါးစပ်က ဘာရှုတ်ရှုတ်တွေပြောပြီး ဝက်သားကိုချိန်တောင်မချိန်ဘူး။ ကျွတ်ကျွတ်အိတ်ထဲ ခုတ်ထည့်ပြီး ပစ်ပေးတယ်။ ကျွန်မကလည်း ဘယ်ခံလိမ့်မလဲ နဂိုအဆင်မပြေတာတွေ ရောပြီး ပေါက်ကွဲလာတာနဲ့ ပိုက်ဆံငါးရာတန်ကို သူ့မျက်နှာပိတ်ပေါက်ပြီး တွေ့ကရာတွေ အကုန်အော်ဆဲထည့်တာပဲ။ အံမယ် လဲ့လဲ့က ဒီနေရာကျတော့အသုံးတည့်တယ်။ အသက်တလေးငါးနှစ်နဲ့ ရန်ဖြစ်လိုက်တာ တက်ကက်ကိုလန်နေတာပဲ။

သူ့အရွယ်နဲ့ တရုတ်မကို နင်မယားကြီးရောဖြစ်ဖူးလို့လားတဲ့။ ဆိုက်ကားသမားမယားငယ်ဘဝကနေ

ကျွန်မကလည်း
ဘယ်ခံလိမ့်မလဲ
နဂိုအဆင်မပြေတာတွေ
ရောပြီး
ပေါက်ကွဲလာတာနဲ့
ပိုက်ဆံငါးရာတန်ကို
သူ့မျက်နှာပိတ်ပေါက်ပြီး
တွေ့ကရာတွေ
အကုန်အော်ဆဲထည့်တာပဲ

ဝက်သတ်သမားမယားငယ်ဖြစ်လာတာကိုတဲ့။ ပြောတတ်လိုက်တာ တရုတ်မက သူလင်ဝက်သတ်ကုလားကို ဓားနဲ့နုတ်နုတ်စင်းခိုင်းမယ်ဆိုပြီး ဆွေ့ဆွေ့ခုန်ကျန်ခဲ့တာ။ ဟုတ်တယ်။ တစ်ခါတလေ အဲလို အားရပါးရ အော်ထည့်လိုက်မှ မွန်းကျပ်တာတွေ နည်းနည်းပျောက်ပြီး လူက ပေါ့ထွက်သွားတာ။ မိန်းမတွေမှာ အဲဒါလည်း အဟာရပဲ။ အဲ ဈေးထိပ်ထွက်လာမှ တောကန်စွန်းချိုးရောင်းတဲ့ မိလုံးပုတို့ဆီက အိမ်စားဖို့ကန်စွန်းသုံးစီးတစ်ရာနဲ့ဝယ်ပြန်လာတာ။

အိမ်လည်းရောက်ရော ပက်လက်ကုလားထိုင်မှာ အကျီရုံ့ချည်အသစ်နဲ့ထိုင်နေတဲ့ အဖေက 'ဟဲ့ အငယ်မ ဝက်သားရခဲ့ရဲ့လား'လို့မေးတယ် အံမယ် သူကြည့်ရတာရေတွေ ဘာတွေလည်း ချိုးထားတဲ့ပုံပဲ ကျွန်မက'အဖေ ဒီလိုပြင်ပြင်ဆင်ဆင်နေတော့လည်း ကောလိပ်ဂျင်နေဝင်းကျနေတာပဲ' လို့ပြောတော့ အဖေက ပြုံးပြုံးကြီးကြည့်လို့။ အဖေပြုံးတာကို ကျွန်မတစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ တွေ့ဖူးတယ်ထင်တယ်။ ကျွန်မက'အဖေရယ် ခဏစောင့်ပါဦး သမီးကြော်လိုက်ပါဦးမယ်'လို့ပြောတော့ အဖေက ဘာမှပြန်မပြောဘူး။ သက်ပြင်းကြီးချပြီး ပက်လက်ကုလားထိုင်ပေါ်မှာ သက်သောင့်သက်သာလှဲလို့ ခေါင်မိုးပေါ်က ဝါးတန်းတွေကို အဓိပ္ပာယ်မဲ့ငေးကြည့်နေတယ်။

ကျွန်မက အဖေစားချင်တဲ့ဝက်သားလေး အရင်ကြော်မယ်ဆိုပြီး ဝက်သားလှီးနေတုန်း ဟိုကောင်မလှဲ့လှဲ့က ကန်စွန်းရွက်စည်းကို ဓားနဲ့လှီးနေလို့ မလှီးပါနဲ့ဟယ် နင့်လက်ဓားထိလိမ့်မယ် ဓားထိရင်ဆေးထည့်ရမယ်။ အဲတော့မှမင့်နဲ့လို့ ပြောတော့ ကောင်မကနားမထောင်ဘူးလေ။ အဲဒီအချိန်မှာ အဖေက ဝင်လာပြီး 'အငယ်မ နင်ဟာလေ အားကြီးစကားကြောရှည်တယ်၊ ကလေးလုပ်ဖို့မသင့်တဲ့ဟာဆို တစ်ခါတည်းယူသိမ်းလိုက်ပေါ့ အဲလို စကားကြောရှည်နေလို့ ကလေးဒုက္ခရောက်လိမ့်မယ်'တဲ့။ ပြောပြီး အဖေကအိမ်သာထဲဝင်သွားတယ်။ ကြည့်ရတာ အရင်ကဆိုးခဲ့တဲ့အရှိန်နဲ့ ခံတွင်းလည်းမကောင်း ဝမ်းလည်းမကောင်းဘူးထင်ပါရဲ့ အိမ်သာထဲမှာအကြာကြီး အသံတွေကလည်း ကျွတ်ကျွတ်တွေရော ကြက်ကြက်တွေရော တအီးအီး တအားအားတွေရော



အပေါ်ကရော အောက်ကရော သံစုံတွေကိုထွက်နေတာ။ တော်တော်ကြီးကြာမှ ချွေးသံတရွှဲရွှဲနဲ့ ပြန်ထွက်လာတယ်။ ပြီးတော့ 'ဟဲ့ အငယ်မ နင့်ဝက်သားကြော်က မကျက်သေးဘူးလား ကြာဦးမှာလား'တဲ့။ ကျွန်မကလည်းအလုပ်ကရှုပ် ဟိုကလေးလှဲ့လှဲ့ကိုလည်းဆွဲနေရတော့ စိတ်ကမရှည်ချင်ဘူး။ အဖေ ဘာခံစားနေရလဲလည်းမသိဘူး။ ဒါနဲ့ 'အဖေကလည်းစားဖို့ပဲသိတယ်။ ဒီမှာ ဆီတောင်မပူသေးဘူး၊ ကြာဦးမှာ'လို့ပြောလိုက်တော့ အဖေက ဗူးတူးဗူးတူးနဲ့ ဘာပြောသွားတယ်မကြားပါဘူး။ ဆီပူလို့ ဝက်သားတုံးကို ဆီထဲထည့်မယ်လို့ပဲလုပ်ရသေးတယ်။ အပြင်က ဒုံးဒိုင်းနဲ့ အသံကြားတာပဲ။ ပထမ မိုးကျော်ပြန်ရောက်ပြီး ဒုံးဒိုင်းလုပ်တယ် မှတ်နေတာ။ အဲဒီကောင်က တစ်ခါတလေ အဲလိုပဲ အပြင်မှာပြဿနာတက်လာတိုင်း အိမ်မှာလာပြန်သောင်းကျန်းတတ်တယ်။ သူက စက်ဘီးကယ်ရီသမားဆိုတော့ အလှည့်လုတာနဲ့ ပါစင်ဂျာလုတာနဲ့ အပိန်အဝလုတာနဲ့၊ အပိန်အဝလုတယ်ဆိုတာက ပါစင်ဂျာနှစ်ယောက်လာရင် ပိန်တဲ့လူကိုရအောင် လုရတယ်လေ။ အဝကြီးဆိုရင် နင်းတဲ့လူလျှာထွက်ပြီ။ ဒီလိုပဲ လုပ်စားကြရတာမဟုတ်လား။ အဲ အသံကြားပြီး တော်တော်ကြာတဲ့အထိ ဘာသံမှမကြားရတော့ မိုးကျော်တော့မဟုတ်လောက်ပါဘူးလေဆိုပြီး လှဲ့လှဲ့ကိုသွားကြည့်ခိုင်းတာ။ ကောင်မက ကန်စွန်းရွက်ကစားနေရတော့ မထချင်ဘူး။ အဲလေးဆွဲနေတယ်၊ စိတ်မရှည်တော့တာနဲ့ ကိုယ့်ဘာကိုယ်ထကြည့်လိုက်တော့ အဲဒီမှာလေ အဲဒီမှာ အဖေဆုံးနေတာ။ ပက်လက်ကုလားထိုင်ပေါ်မှာ ခေါင်းကြီးစောင်း မျက်လုံးကြီးပြူးထွက်ပြီးဆုံးနေတာ။ သူမျက်လုံးပြူးပြီးကြည့်နေတဲ့နေရာကိုကြည့်တော့ ခေါင်မိုးမှာထိုးထားတဲ့ ဦးဘပြူအသက်(၆၂)နှစ်ဆိုတဲ့ အသုဘယပ်တောင်တစ်ခုကိုတွေ့ရတယ်။ အဖေ့အသက်ကလည်း(၆၂)နှစ်ပဲလေ။

(၆)

အဲဒီနေ့က ကျွန်မအဖေဆုံးခဲ့တယ်။

● ကိုဆန်း

# မောင်သုညရဲ့
# ချစ်သည်းညှာ
# နေသိဒေါ်ဒေါ်



## မောင်သုညရဲ့
## ချစ်သည်းညှာ

ဝတ္ထုတိုလောကမှာ ဆုတွေအများကြီးဆွတ်ခူးထားသော စာရေးဆရာတစ်ယောက်ရှိသည်။ သူ့နာမည်မှာ မောင်သုည။

သူ့ဝတ္ထုများမှာ အလွန်ကောင်းမွန်သောကြောင့် စာပေလောကမှာ ပါမက စာဖတ်ပရိသတ်၏နှုတ်ဖျားမှာပါ သူ့ကလောင်နာမည်က ရေပန်းစားလွန်းလှသည်။ ထို့ကြောင့်လည်း မဂ္ဂဇင်းတိုက်များမှာ သူ့ဝတ္ထုများကို လစဉ်မျှော်တော်ဇောနှင့်မောရသလို ဂျာနယ်တိုက်များခမျာလဲ သူ့ဆီမှစာမူရအောင် နေ့မနား၊ ညမနားကြိုးစားနေကြရရှာ၏။

ဒါပေမယ့် မောင်သုညမှာ သူစိတ်ပါလျှင် မဂ္ဂဇင်းတိုက်များကိုရေးပို့လေ့ရှိသော်လည်း ဂျာနယ်တိုက်များကိုတော့ 'သေတောင်မပို့'ဟု စာပေလောကသားတွေ၏အလယ်မှာ ခေါင်းမော့ရင်ကော့၍ ကြွေးကြော်ထားသူ



**"ဝတ္ထုတိုလောကမှာ**
**ဆုတွေအများကြီးဆွတ်ခူးထားသော**
**သူလိုလူတစ်ယောက်မှ**
**ဂျာနယ်မှာဆင်းပြီးရေးမည်ဆိုလျှင်**
**သိက္ခာကျမည်။ ထို့ကြောင့်**
**ဘယ်တော့မှ ဂျာနယ်တိုက်များကို**
**သူစာမူမပို့။**

ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဝတ္ထုတိုလောကမှာ ဆုတွေအများကြီးဆွတ်ခူးထားသော သူလိုလူတစ်ယောက်မှ ဂျာနယ်မှာဆင်းပြီးရေးမည်ဆိုလျှင် သိက္ခာကျမည်။ ထို့ကြောင့် ဘယ်တော့မှ ဂျာနယ်တိုက်များကို သူစာမူမပို့။ ဒါဟာ သူရဲရဲကြီးချထားသောသန္နိဋ္ဌာန်။

သို့သော် သို့ပေမယ့်ပေါ့နော်။

မောင်သုည သူ့သန္နိဋ္ဌာန်ကို သူကိုယ်တိုင်အမြောက်နှင့်ပြန်ဆော်ရမည့်နေ့တစ်နေ့ကို ရောက်လာခဲ့သည်။

ထိုနေ့က. .

♣ ♣ ♣

ထိုနေ့က မောင်သုည နှီးစမိုးအပြည့်နှင့် လမ်းထိပ်မှကွမ်းယာဆိုင်လေးဆီသို့ဂိုးတော်မူခဲ့သည်။

ဟိုရောက်တော့ ဆိုင်ထဲမှာ သူ့ခါးလောက်သာ အရပ်ရှည်သော အသားမဲမဲနှင့်ကောင်မလေးတစ်ယောက်ထိုင်နေတာတွေ့လိုက်ရသည်။ ကောင်မလေး၏မျက်နှာမှာ ရွှေဆွဲပြားပါသည်ဆိုသော နှံ့ဖွက်သနပ်ခါးများ လေတိုးစရာမရှိအောင် လိမ်းခြယ်ထားသည့်အပြင် ကွမ်းချိုးတွေ အထပ်ထပ်တက်နေသော ရှုံများမှာလဲ ကျောက်မီးသွေးမှတွေ့သွားပါက လက်ညှိုးထိုး၍ကောသွားမှာသေချာ၏။

ဒါမှ ဓာတုကလျာသွား။

ထိုဓာတုကလျာသွားအလှပိုင်ရှင်မလေးကိုတွေ့လိုက်ရ၍ မောင်သုည ရင်ထဲမှာ ဗလောင်ဆူသွားသည်။ ဒါဟာ သူ၏ချစ်လှစွာသော အထာပိုတဲ့ ကညာပျိုကလေး မညွန့်မေ။

သူ မညွန့်မေကို အရမ်းချစ်သည်။

ဒါပေမယ့် မိန်းကလေးတစ်ယောက် ကိုယ့်ကိုပြန်ချစ်ဖို့ဆိုတာ သူတို့ ကိုယ့်ကိုအထင်ကြီးအောင်လုပ်ပြဖို့က လိုသေးတယ်မို့လား။ ခက်တာက စာရေးဆရာဆိုတာကလည်း နာမည်ကြီးရုံနဲ့ တန်းပြီးကားစီးနိုင်တဲ့အမျိုး မဟုတ်။ နောက်ပြီး ကောင်မလေးက သူစာရေးဆရာဆိုတာကို သိပုံတောင် မပေါ်။

"အစ်ကို ခါတိုင်းလိုပဲလား"

သူဆိုင်ရှေ့ဝင်ရပ်လိုက်သည်နှင့် မညွန့်မေ ကွမ်းယာများထည့်သော စတ္တူကန်တော့များထဲကို ငှက်ပျောရွက်များလိုက်ထည့်နေရာမှ ဓာတုကလျာ ရွှဲများပေါ် ရုံလောက်လေးပြုံး၍ မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် ဗမာဆေးနဲ့တစ်ဆယ်ဖိုး"

မညွန့်မေ အနားမှာချထားသော ခွေးခြေခုံပေါ် လှမ်းတက်ကာ ထုံးအိုးထဲမှတုတ်ကို မမီမကမ်းလှမ်းယူသည်။ သူ့လက်တိုတိုလေးနှင့် ဘယ်လိုမှ မမီ။ အမြင်မတော်၍ ထုံးတုတ်ကိုလှမ်းယူပေးတော့ မညွန့်မေအပြုံးလေးနှင့် လှမ်းယူကာ ကွမ်းရွက်များကိုထုံးသုတ်နေရာမှ. .

"အစ်ကို့ကို ဒီရပ်ကွက်ထဲမှာ တွေ့တွေ့နေတာကြာပြီ ဘာအလုပ် လုပ်တာလဲ၊ ဟို အစ်ကိုနဲ့တွဲနေတဲ့ ကိုဆန်းတို့ ကိုကြည်တို့ညီအစ်ကိုတွေလို ဝန်းရုန်လုပ်တာပဲလား"

တခြားလူဆိုလျှင် မောင်သုညထရိုက်မိမှာသေချာသည်။ အခုတော့ ပြုံးဖြီးဖြီးမျက်နှာကြီးနှင့်သာ ခေါင်းမော့ရင်ကော့လိုက်ပြီး. .

"မဟုတ်ပါဘူး ကိုယ်ကစာရေးဆရာပါ"

"ဩော်"

ဘာမှမထူးခြားသလို မညွန့်မေ ခေါင်းနှစ်ချက်ဆင့်ညိတ်၍ သူ့ ကွမ်းယာသူဆက်ယာနေသည်။ မောင်သုည နည်းနည်းတော့အောင့်သက်



သက်ဖြစ်သွား၏။

သူဖြစ်စေချင်တာက

"ဟယ်. . အစ်ကိုက စာရေးဆရာ ကလောင်နာမည်က ဘယ်လို ခေါ်လဲ၊ ဟာ. . ဒါဆို ကျွန်မခရေရှီဖြစ်တဲ့ စာရေးဆရာပဲပေါ့"ဆိုတာမျိုးတွေ နဲ့ မညွန့်မေဆွေ့ဆွေ့ခုန်သွားတဲ့ပုံ။ ဒါပေမယ့် ဟိုက သူစာရေးဆရာဆိုတာကို ယုံကြည်ပုံပင်မရ။

ထို့ကြောင့် မောင်သုည ချက်ချင်းပင် 'ချစ်သည်းညှာ'ဆိုသောခေါင်းစဉ် နှင့်မညွန့်မေအတွက် ဝတ္ထုတစ်ပုဒ်ရေးဖို့ကို ဆုံးဖြတ်ချက်ချလိုက်သည်။

"မညွန့်မေ ဝတ္ထုတွေဘာတွေဖတ်လား"

ဖတ်တယ်ဆိုရင်'ချစ်သဲညှာ'ဆိုတာကို သူလုံးချင်းချတော့မှာ။ ဒါပေမယ့် မညွန့်မေမျက်မှောင်ကြုတ်သွားပြီး. .

"ဘယ်လိုဝတ္ထုမျိုးလဲ"

"ဟို အေးအေးဆေးဆေး အရသာခံပြီးဖတ်လို့ရတဲ့ လုံးချင်းဝတ္ထု မျိုးလေ"

"ဩော် အဲဒါမျိုးတွေ ကျွန်မ,မဖတ်ဘူးရှင့်"

အလုပ်ကများတော့ အချိန်မရလို့ဖြစ်မည်။ မောင်သုည အားတက် သရောနှင့်ပင် ဆက်မေး၏။

"ဒါ ဒါဆို မဂ္ဂဇင်းရောဖတ်လားဟင်"

မညွန့်မေမျက်မှောင်ကြုတ်သွားပြန်သည်။ ပြီးမှ သူတစ်ခုခုကိုတွေး မိသွားသလို ဓာတုကလျာသွားများပေါ် ရုံလောက်လေးပြုံး၍. .

"ဟင့်အင်း ကျွန်မ အဲဒါလဲ မဖတ်ဘူး"

တမင်များရွဲ့နေသလားမသိ။ ဘာပဲဖြစ်ဖြစ် မောင်သုညကတော့ စိတ်ဓာတ်မကျသေးတဲ့အပြင် အချစ်အတွက် သူ့သန္နိဋ္ဌာန်ကိုပါ ရိုက်ချိုးပစ်ဖို့ ပထမခြေလှမ်းစလိုက်တယ်။

"ဒါဆို ဂျာနယ်ရောဟင်"

ဒီတစ်ခါတော့ မညွန့်မေ သူ့ကို သနားသွားပုံရသည်။ ပြုံးစစမျက် နှာကလေးနှင့်. .

"ဂျာနယ်လား အင်း ဂျာနယ်ကတော့ရှိပါတယ်။ ဟိုမှာလေ အများကြီးပဲ"

မညွန့်မေ လက်ညှိုးတိုတိုလေးနှင့်ညွှန်ပြရာကိုလှမ်းကြည့်ပြီး မောင်သုည ထကချင်လောက်အောင်ကို ပျော်သွားတယ်။ ဆိုင်ထဲက တန်းလျားလေးပေါ်မှာ ဂျာနယ်တွေက အထပ်လိုက်ကြီးကို။

"ရော့ အစ်ကို"

မျက်နှာရှေ့ရောက်လာသောကွမ်းထုပ်ကို မောင်သုည အပျော်တွေကြောင့် ပြုံးဖြီးဖြီးဖြစ်နေသောမျက်နှာကြီးနှင့် လှမ်းယူလိုက်သည်။ နောက် ကွမ်းဖိုးအတွက် ကျပ်တန်ငါးရွက်နှင့်ငါးကျပ်တန်တစ်ရွက်ထုတ်ပေးကာ သူ တည်းခိုရာတဲဂေဟာလေးဆီသို့ ပြန်လာခဲ့လေ၏။ ရင်ထဲမှာတော့ပီတိတွေ ကအပြည့်။

♣ ♣ ♣

"မောင်သုည ဂျာနယ်မှာ ဝတ္ထုတိုစရေးတော့မယ်"

ထိုသတင်းမှာ စာပေလောကအတွင်း အတော်လေးကို ဂယက်ရိုက် သွားလေသည်။ ဂျာနယ်တိုက်များမှ အယ်ဒီတာမင်းများမှာလည်း သူ့တိုက် လာနိုးနိုး၊ ငါ့တိုက်လာနိုးနိုးနှင့် မောင်သုည၏စာမူကို မဝံ့မရဲစိုးရိမ်စိတ်များ ဖြင့် စောင့်မျှော်နေရသောကြောင့် တချို့အသည်းငယ်သော အယ်ဒီတာမင်း များမှာ နေ့တွင်းချင်းကို စိတ်ကျန်းမာရေးဆေးရုံပို့ပစ်လိုက်ရသည်ဟု စာပေ လုပ်သားတစ်ဦး၏ပြောစကားအရသိရ၏။

♣ ♣ ♣

သိပ်မကြာလိုက်ပါ။

နောက်တစ်နေ့နံနက်တွင် နာမည်ကြီးဂျာနယ်တစ်စောင်မှာ မောင် သုည၏စာမူလေးပါလာသည်။ စာပေလောကသားအားလုံးလည်း ပိုပြီးအံ့ အားသင့်သွားကြ၏။

ဒါဟာ အိပ်မက်လား၊ တကယ်လားဆိုတာကို သူတို့ မခွဲခြားတတ်၊ နောက် ကာယကံရှင်ကိုမေးကြည့်ဖို့ဆိုတာကလည်း ဟိုစာရေးဆရာ အကောင်းစားကြီးမောင်သုညက စာမူခနဲ့ဂျာနယ်လက်ဆောင်လေးပိုက်ပြီး



မောင်သုည ချက်ချင်းပင် 'ချစ်သည်းညှာ'ဆိုသော ခေါင်းစဉ်နှင့် မညွန့်မေအတွက် ဝတ္ထုတစ်ပုဒ်ရေးဖို့ကို ဆုံးဖြတ်ချက်ချလိုက်သည်။

သူ့ဓာတုကလျာသွားအလှပိုင်ရှင်လေးရှေ့ကိုရောက်နေပြီ။

"ရော့ မညွန့်မေ ဒီထဲမှာ ကျွန်တော့်ဝတ္ထုလေးပါတယ်"

မျက်နှာရှေ့ရောက်လာသောဂျာနယ်ကိုကြည့်ကာ မညွန့်မေ မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ တစ်ခုခုကိုတွေးမိသွားသလိုနှင့် မညွန့်မေ ဓာတုကလျာရှဲများပေါ်ရုံလောက်လေးပြုံးကာ ဂျာနယ်ကိုလှမ်းယူလိုက်ပြီး. .

"ကျေးဇူးပဲ အစ်ကို"

"ရပါတယ်"

မောင်သုည အတော်ပျော်သွားတယ်။ မညွန့်မေက ဂျာနယ်ကိုချက်ချင်း ဟိုလှန်ဒီလှန်ကောက်လုပ်နေတာကို။

"သွားလိုက်ဦးမယ်"

"ဟုတ် အဲ ကွမ်းစားသွားဦးလေ"

"ရတယ် မစားတော့ဘူး"

ပြောပြောဆိုဆို မောင်သုညလှည့်ထွက်လာခဲ့သည်၊ ကြာကြာနေ လျှင် သူ့ရင်ခုန်သံတွေကို မညွန့်မေကြားသွား၍ နားစည်တွေပေါက်ထွက် ကုန်ပါက သူနောင်တကြီးစွာရနေရမည်ဆိုသောကြောင့်သာဖြစ်၏။

လောလောဆယ် မောင်သုညအရမ်းပျော်နေပါသည်၊ နောက် ဒီနေ့ သူပေးခဲ့သောဝတ္ထုလေးကို အခြေခံ၍ မနက်ဖြန် မညွန့်မေကိုဘယ်လို ချစ် ရေးဆိုရမလဲဟု သူစဉ်းစားလိုက်မိ၏။

♣ ♣ ♣

မနေ့က မညွန့်မေကို ဘယ်လိုစပြီးချစ်ရေးဆိုရင်ကောင်းမလဲဆို

တာကို စဉ်းစားမိထား၍ မောင်သုညအေးအေးလူလူပင် လမ်းထိပ်မှကွမ်းယာဆိုင်လေးဆီထွက်လာခဲ့သည်။ ဒီနေ့တော့ မြင်သမျှအရာအားလုံး သူ့အတွက် လှပနေ၏။ ကောင်းကင်ကြီးလှသလို မြေပြင်ကြီးလည်းလှပနေသည်။ ယုတ်စွအဆုံး လမ်းဘေးမှာ မီးတိုင်ကိုသေးဝင်ပန်းနေသော ခွေးဝဲစားကြီးပင် အတော်လေးလှနေသည်ဟု ခံစားလိုက်ရ၍ သူအနားမှာ စိတ်ရှည်လက်ရှည်ကို ထိုင်ကြည့်ခဲ့သေး၏။

"ထုံးစံအတိုင်းပဲနော်"

အလှတရားများကိုခံစားလာသော မောင်သုည ဆိုင်ရှေ့ဝင်ရပ်လိုက်သည်နှင့် မညွန့်မေ၏အသံလေးကိုကြားလိုက်ရသည်။ သူခေါင်းညိတ်ပြလိုက်၏။ ပြီးနောက် ပြုံးစစမျက်နှာလေးနှင့် ခေါင်းငုံ့၍ကွမ်းယာယာနေသော မညွန့်မေကိုပြန်ကြည့်ကာ တစ်လုံးထဲပြန်ဖြေ၏။

"ဟုတ်"

ဘာဆက်ပြောရမှန်းမသိဖြစ်သွားပြန်သည်။ မညွန့်မေကိုကြည့်ရသည်မှာလည်း ဝတ္ထုကိုဖတ်ပြီးသွား၍ သူ့ဆိုလိုရင်းကို သဘောပေါက်သွားသောကြောင့် မိန်းကလေးပီပီရှက်နေပုံရသည်။ ထို့ကြောင့် မောင်သုည အရဲစွန့်၍

"မနေ့က ကျွန်တော်ပေးခဲ့တဲ့ဂျာနယ် ဘယ်လိုနေလဲ"

မညွန့်မေ သူ့မူပိုင်အတိုင်း ဓာတုကလျာရှဲများပေါ် ရုံလောက်လေး ပြုံးလိုက်သည်။ ပြီးမှ တွေးတွေးဆဆမျက်နှာမျိုးလေးနှင့်

"အင်း. . မဆိုးပါဘူး ကောင်းပါတယ်"

သူ့အတော်လေး ပျော်သွားသည်။ မညွန့်မေမှဆက်၍

"ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲပြောပါ"

မောင်သုည ဝမ်းသာအားရ လှမ်းထောက်ပေးလိုက်သည်။ မညွန့်မေရှက်သလို ခေါင်းလေးငုံ့သွားပြီး. .

"အစ်ကိုက နောက်ရော ကျွန်မကို ဂျာနယ်တွေပေးဦးမှာမို့လား"

ထိုအမေးကြောင့် မောင်သုည ထကချင်လောက်အောင်ကို ပျော်သွားသည်။ ပြီးနောက် ရှိသမျှဂျာနယ်တိုက်များကို သူ့ ဝတ္ထုတွေရေးပို့ကာ ရသမျှဂျာနယ်များကို မညွန့်မေအား ပုံအောပေးလိုက်မည်ဟု ချက်ချင်းဆုံးဖြတ်ချက်ချလိုက်၏။



"ပေးမှာပေါ့၊ မညွန့်မေအလိုရှိရင် နောက်ထပ်ဂျာနယ်တွေ အများကြီးကို ထပ်ပေးဦးမှာ"

"ဟယ် တကယ်ပြောတာနော်"

မညွန့်မေ၏ ဝမ်းသာအားရအမေး။ မောင်သုည ပြုံးဖြီးဖြီးမျက်နှာကြီးနှင့်ခေါင်းညိတ်ကာ. .

"တကယ်ပေါ့"

"ဟာ ဝမ်းသာလိုက်တာ၊ ဒါဆို"

စကားကို ထပ်မဆက်သေးဘဲ မညွန့်မေ သူ့ကို တစ်ချက်ပြန်ကြည့်သည်။ မောင်သုညအလိုက်သိစွာဖြင့်. .

"ပြောလေ ဘာဖြစ်လဲ"

"ဟို တခြားတော့မဟုတ်ပါဘူး၊ မနေ့က အစ်ကိုပေးခဲ့တဲ့ဂျာနယ်က အတွင်းသားက နည်းနည်းရေပေါက်တယ်။ ဒါကြောင့် နောက်တစ်ခါပေးရင် အဖုံးတွေချည်းစုပေး သိလား"

"ဟင်"

မညွန့်မေစကားကြောင့် မောင်သုညမျက်လုံးများပြူးသွားသည်။ နောက် အူကြောင်ကြောင်နှင့် သူ့ရှေ့မှကွမ်းယာထုတ်သောစက္ကူကန်တော့ အထပ်လိုက်ကြီးဆီ အကြည့်ရောက်သွားသည်နှင့်၊

"ဟား. ."

မျက်လုံးများပြူးသည်ထက်ပြူးသွားရုံတင်မက ပါးစပ်ကြီးပါ ဟောင်းလောင်းဖြစ်သွားသည်။ အောက်ဆုံးကန်တော့မှာ 'ချစ်သည်ညှာ' ဆိုသော သူ့ဝတ္ထုခေါင်းစဉ်နာမည်ကြီးက ထင်းနေသည်ကို။

ထို့ကြောင့် မောင်သုည ဝေ့ဝဲလာသောမျက်ရည်များနှင့် မညွန့်မေကို ဆတ်ခနဲပြန်ကြည့်ကာ. .

"ဒါ. . ဒါဆို အဲဒီထဲက ကျွန်တော့်ဝတ္ထုလေးဖတ်လိုက်သေးလားဟင်

ဖတ်လိုက်သေးလား"

ငိုသံကြီးနှင့် သူ့အလောတကြီးမေးလိုက်သော်လည်း မညွန့်မေရှက်ပြုံးလေးနှင့်ပြန်ဖြေသည်။

"မနောက်ပါနဲ့အစ်ကိုရယ်၊ ကျွန်မမှ စာမဖတ်တတ်တာ"

"ဟိုက်"

မောင်သုည သူ့နဖူးသူပြန်ရိုက်လိုက်မိသည်။ မျက်နှာမှာ ဝမ်းနည်းစိတ်ကြောင့် တဖြည်းဖြည်းရှုံ့တွလာ၏။ နောက် သူပါးပြင်ပေါ်လိမ့်ဆင်းလာကြသောမျက်ရည်များကို လက်ဖနှောင့်နှင့်ပင့်သုတ်၍..

"ဝါး.."

စိတ်မထိန်းနိုင်တော့၍ သူ ကလေးငယ်တစ်ယောက်လို 'ဝါး'ခနဲ ငိုချပစ်လိုက်သည်။ ရုတ်တရက်ဆိုတော့ မညွန့်မေလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်သွားပြီး

"ဟား ဘာဖြစ်တာလဲ အစ်ကို ဘာဖြစ်တာလဲ"

"ဝါး"

"ဒုက္ခပါပဲ ဘာဖြစ်တာလဲအစ်ကို ခြင်ကိုက်လို့လား"

"ဝါး"

"မဟုတ်ဘူးလေ ဘာဖြစ်"

"ဝါး"

"ဟောတော့"

"ဝါး"

"အဲ.."

"ဝါး.."

"...."

"...."

● နောင်နော်နော်

> ငွေအတွက်ဆိုရင် ဘာမဆိုလုပ်လို့ရတယ်၊ ဒါမှ ငွေရှိရင် ဘာမဆိုလုပ်လို့ရမှာလေ။

# စော်ကားချက် ကောဝ်



## စော်ကားချက်

ချောင်းသာသို့ ဟန်းနီးမွန်းထွက်သွားသော သမီးထံမှ မာမီရေ သမီးကိုခုလာပြန်ခေါ်ပါတော့၊ သမီးဒီလူနဲ့မပေါင်းနိုင်တော့ဘူး သမီးကို သိပ်စော်ကားလို့ပါဆိုတဲ့ ငိုပြီးဆက်တဲ့ သမီးရဲ့ဖုန်းကြောင့် ဒေါ်မေစီခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး မီရာကားနဲ့ချောင်းသာကိုလိုက်ခဲ့ရပါ၏။

ချောင်းသာရောက်ရောက်ချင်း သမီးပေးတဲ့လိပ်စာအတိုင်းရှာတော့ ဘန်ဂလိုထဲမှာ သမီးကိုအခန့်သင့်ပဲ တစ်ယောက်ထဲတွေ့သဖြင့် မိန်းမချင်း နဖူးတိုက်မေးပါသည်။

"သမီး. . သမီးကို ဒီကောင်က ဘယ်လိုစော်ကားလို့လဲ. . မွှတာကိုဆန့်ကျင်ပြီး"

"အိုး. . အဲဒါကို သမီးခံနိုင်ပါတယ်၊ မနေ့ကပေါ့ မာမီ"

သမီးက ငိုပြီးတိုင်သည်။

"သူလေ. . သူ. . သူ့အဝတ်အစားတွေလျှော်နေရာက သမီးကို



ကိုယ့်အဝတ်တွေကိုယ်လျှော်တဲ့. . ပြောတယ် မာမီ"

"ဟယ်. . စော်ကားချက် ဒီကောင်ကဒီလိုပဲ ပြောသလားဟင် သမီးဘယ်လိုတုံ့ပြန်လိုက်လဲ"

"သမီးသည်းခံပါတယ်မေမေ၊ သူပြောသလိုပဲ ကိုယ့်အဝတ်ကိုကိုယ်လက်အနာခံပြီး လျှော်လိုက်တယ်မာမီ. . "

"ဪအေး ငါ့သမီးလိမ္မာတယ်"

"အဲဒါ မပြီးသေးဘူး မာမီ မနေ့မနက်ကတော့ အိပ်ရာကနိုးနိုးချင်းဟန်နီ မနက်စာဘာစီစဉ်ထားလဲလို့မေးတယ် မာမီ"

"ဟင်. . စော်ကားချက်. . စော်ကားချက် သူက တစ်ခုနင်းလို့ရတော့နောက်တစ်ခုထပ်နင်းဖို့ ကြိုးစားတာပေါ့. . သမီးဘယ်လို တုံ့ပြန်လိုက်လဲ"

"သမီးသည်းခံပြီး ပေါင်မုန့်ကြက်ဥကြော်ကို အပူခံပြီးကြော်ပေးခဲ့ပါသေးတယ် မာမီ"

အမေက ဒေါသပြေစေရန် သက်ပြင်းကိုချရင်း

"အင်း ငါ့သမီးလိမ္မာပါတယ်၊ လင်နဲ့မယားဆိုတာ အတိုင်းအတာတစ်ခုအထိတော့ သည်းခံရတာပေါ့"

"မပြီးသေးဘူး မာမီ သူက မနေ့ညနေက အကြီးကြီးထပ်စော်ကားတယ် မာမီ"

"ဟင်. . ထပ်စော်ကားသေးလား"

"စော်ကားတယ် သူရေအိမ်ထဲဝင်သွားပြီး တစ်စက္ကန့်တောင်မနေဘဲတဲ့. . နင်အိမ်သာတက်ပြီး ဘာလို့ရေမဆွဲတာလဲတဲ့. . စော်ကားတယ် မာမီ"

"အင်. . ဒီကောင် ဒီကောင် မာမီတို့အမျိုးက အီးအီးပါပြီးရင် ရေမဆွဲတဲ့အမျိုးဆိုတာ ဒင်းမသိရှာသလား သူသွားပြီးမှ ရေကိုဆွဲချလိုက်လဲ အဲဒီအပုံက မကျနေမှာမို့လား ဒါကတော့ မိန်းမတစ်ယောက်ရဲ့ကိစ္စကို တာဝန်မယူတာ ကျောတာ စော်ကားတာ လာသမီး. . အဲဒီကောင်နဲ့ မပေါင်းနဲ့တော့"

ကွဲသွားကြပါသည်။

● ကေတီ



ဥက္ကာမင်းဆောက်

# တစ်ခါတုန်းက ကေသရာဇာ

ကျွန်ုပ်သည် ခြသေ့်စင်စစ်ကေန်ဖြစ်သော်လည်း အံ့ဖွယ်သူရဲ ထူးကဲလှစွာ အိမ်ထောင်ကျသည့်နေ့မှစ၍ ကြွက်တစ်ကောင်ဘဝသို့ ပြောင်းလဲသွားတော့သည်။

"ဒါ. . ငါဘယ်လိုဖြစ်သွားတာလဲ"

ကျွန်ုပ်ကိုယ်ကျွန်ုပ်ကြည့်ပြီး လွန်မင်းစွာ တုန်လှုပ်အံ့ဩသွားသည်။ မင်္ဂလာဦးညမှာ တောအုပ်ပြူးတီးစလွန်းမှ မာမီဝက် လက်စွမ်းပြထားသည့် မျက်နှာချေမိတ်ကပ်များက ဖြူဖတ်ဖြူရော်ရှိနေဆဲ။ ကိုက်ခဲဆွဲဆန့်လိုက်သည်နှင့်သားကောင်မှာ တစ်စစီကြေမွသွားနိုင်သည့် ကျွန်ုပ်၏မေးရိုးကားကားကြီးများ



> "စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ..
> ကျွန်တော်လည်း
> ခင်ဗျားလိုပါပဲ
> အရင်ကဆို
> ကိုးတောင်တင်းတင်းပြည့်တဲ့
> ကျားကြီးပဲပေါ့..
> အိမ်ထောင်ကျပြီးမှသာ"

မည်သည့်နေရာသို့ရောက်သွားသနည်း။ မတွေးတတ်ပါ။ တောသုံးတောင်ကို ထောင်းလမောင်းကိုင်လှုပ်နိုင်ခဲ့သော ကျွန်ုပ်၏ခွန်အားဗလများလည်း ပျောက်ကွယ်ခဲ့ပေပြီ။ သန်မာထွားကြိုင်းသည့် ကြွက်သားအမြောင်းမြောင်းတို့နှင့်ဖွဲ့စည်းထားခဲ့သော ခန့်ညားဝင့်ထည်သည့် ကျွန်ုပ်၏ခန္ဓာကိုယ်မှာလည်းဗိုက်ပူနံကားရွံရှာဖွယ်အတိပြီးသည့် စုတ်ချွန်းချွန်းသတ္တဝါငယ်လေးအဖြစ် ပြောင်းသွားခဲ့ပေပြီ။ ငါသည် မည်သူ့ကိုမှမကြောက် ငါ့ကိုသာ အားလုံးထိတ်လန့်ချောက်ချားစေရမည်ဟူသည့်မာန်မာနတို့သည်လည်း အရည်ပျော်ကျခဲ့ရပေပြီ။ ဝမ်းနည်းဖွယ်ကောင်းလှပေစွ။

ကျွန်ုပ်သည် စိတ်ဆိုးမာန်ဆိုးနှင့် အားကုန်ဟိန်းဟောက်လိုက်မိ၏။ ခါတိုင်းကဲ့သို့ တောလုံးသိမ့်သိမ့်တုန်စေသည့် 'ဝေါင်း'ခနဲအသံထွက်ရမည့်အစား 'ကျွိ'ဟူသည့် အော့နှလုံးနာဖွယ်အသံသာ ထွက်လာတော့သည်။ သွားပြီ။ အားလုံးရေစုန်မျောကုန်ပြီ။ ဘယ်သို့လုပ်ရပ။ ဘဝကားဆိုးချေပြီ။

သိမ်ငယ်စိတ် ရှက်စိတ်တို့နှင့်အတူ မည်သူ့ကိုမှမတွေ့ချင် မမြင်ချင်တော့သောကြောင့် ကျွန်ုပ်သည် မြေကြီးကိုနက်နက်တူးကာ ပုန်းအောင်းနေရန်ကြံမိတော့သည်။ ကျွန်ုပ်၏ကိုယ်ပိုင်အစွမ်းအစအားလုံး ပျောက်ဆုံးခဲ့သော်လည်း သွားများကတော့ ချွန်မြနိုင်မာနေဆဲ။ ထို့ကြောင့်ပင် မာကျောသောသွားများကိုအားပြု၍ မြေကြီးကိုစတင်တူးဆွထိုးဖောက်တော့သည်။ ကျုံ့လှီသေးငယ်ကုန်သော ခြေနှင့်လက်တို့ဖြင့် တူးဆွထားသည့် မြေမှုန်မြေခဲများကို အပြင်းအထန်ယက်ကန်ထုတ်လိုက်၏။

စိတ်လိုက်မာန်ပါတူးရင်းဆွရင်းနှင့်ပင် မြေအောက်သို့ခရီးအတန် ပေါက်လာခဲ့ပေပြီ။ နောက်ဆုံးမှာတော့ မြေအောက်လိုဏ်ခေါင်းကြီးတစ်ခုထဲသို့ ရောက်သွားတော့သည်။

"တစ်ကောင်ရောက်လာပြန်ပပေ့"

"ကွိ ကွိ ကွိ ကွိ ကွိ"

ဆူညံစွာဆီးကြိုနေကြသည့် ကြွက်များ. . ဖြူနီညိုမှောင် အကြောင် အကြားစုံလင်လှ၏။ ရှည်ပုလုံးသွယ် အစားစားများပြားလှ၏။ ဤနေရာကား ကြွက်တို့၏ဘုံဗိမာန်ပင် ဖြစ်ပေရော့မည်။ ကျွန်ုပ်မှာ သူတို့နှင့်အပေါင်းအသင်း မလုပ်လိုလှသော်လည်း မိမိကိုယ်တိုင်က ကြွက်တစ်ကောင်ဘဝသို့ အရှင်လတ်လတ်ရောက်နှင့်နေသောကြောင့် အလိုက်အထိုက်တော့ဆက်ဆံရပေတော့မည်။

ကိုယ်ပေါ်မှာ အဝါအနက်စင်းကြားနှင့်ကြွက်တစ်ကောင် ကျွန်ုပ် အနီးသို့ရောက်လာသည်။

"မိတ်ဆွေ ခင်ဗျားက ခြင်္သေ့တစ်ကောင်ဖြစ်မယ်. . ဟုတ်စ"

ဒက်ထိမှန်လွန်းလှ၏။ ကျွန်ုပ်မှာ ကြွက်အသွင်ရောက်နေသော်လည်း ထိုငနဲက ကျွန်ုပ်၏မူလဘဝကိုသိနေ၏။

"ခင်ဗျား. . ဘယ်လိုသိလဲ"

ကျွန်ုပ်က ပြန်မေးလိုက်လေရာ ထိုငနဲက တကွိကွိရယ်၏။ ပြီးမှ. .

"သိတာပေါ့ဗျာ၊ မိတ်ဆွေရဲ့ပုံက မျက်နှာချေအဖွေးသားနဲ့ ကရော်ကမယ်ဖြစ်နေပေမယ့် လည်ဆံမွေးကတော့ခပ်ဖားဖားရှိနေတုန်းပဲ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ကျွန်ုပ်၏အသံတို့က ဝမ်းနည်းသံရောစွက်၍တုန်ခါနေသည်။ နဂိုဘဝကိုတွေးပြီး စိတ်မကောင်းဖြစ်လာသောကြောင့် မျက်ရည်များလည်း တစိမ့်စိမ့်လည်လာ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ. . ကျွန်တော်လည်း ခင်ဗျားလိုပါပဲ အရင်ကဆို ကိုးတောင်တင်းတင်းပြည့်တဲ့ကျားကြီးပဲပေါ့ အိမ်ထောင်ကျပြီးမှသာ



သူ၏စကားသံတို့က တိုးတိတ်ဝင်သွား၏။ ကျွန်ုပ်ကိုဖျောင်းဖျနေသည့်ကြားမှ သူပါရောပြီးစိတ်မကောင်းဖြစ်သွားဟန်တူသည်။

ဆိုကြပါစို့။ အနီကြွက်ကျားမှပင် ကျွန်ုပ်ကို အခြားကြွက်များနှင့် မိတ်ဆက်ပေး၏။ ကြွက်ဆင်၊ ကြွက်မြင်း၊ ကြွက်ကျားသစ်၊ ကြွက်ကုလားအုတ် အမျိုးပေါင်းစုံလင်လှချေ၏။ အားလုံးမှာ ကျွန်ုပ်နှင့်ဘဝတူများပင် ဖြစ်လေတော့သတည်း။

× × × ×

ကျွန်ုပ်သည် အချိန်ကြာလာသည်နှင့်အမျှ ကြွက်ဘဝ၌နေသား ကျလာတော့သည်။ ကြွက်ကျင့်ကြွက်ကြံ ကြံတတ်လာ၏။ ကြွက်ပါးဝလာပြီး နိုင်ထက်စီးနင်း ကြွက်ကျတတ်လာ၏။ ခြင်္သေ့ဘဝမှ ကူးပြောင်းလာသော ကြွက်ဖြစ်သောကြောင့် ခေသူတော့မဟုတ်။ တဖြည်းဖြည်းနှင့်အားလုံးကိုအုပ်စီးနိုင်လာတော့သည်။

× × × ×

တစ်နေ့သ၌ မြေပေါ်မှသတင်းတစ်ခုကြားရတော့သည်။ ကျွန်ုပ်၏ ညီအရင်းဖြစ်သူ ခြင်္သေ့ငယ်အိမ်ထောင်ပြုတော့မည်။ မင်္ဂလာပွဲကို တောလုံး အနှံ့သိုက်မြိုက်စည်ကားစွာကျင်းပမည်ဟု။

ကျွန်ုပ်မှာ ညီငယ်အတွက်အလွန်စိုးရိမ်သွားရသည်။

"မဖြစ်ဘူး. . မဖြစ်ဘူး. . ဒီကောင် အိမ်ထောင်ပြုလို့မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ ကျုပ်တို့အင်အားတစ်ကောင်တိုးတာပေါ့"

ကြွက်ကျားက ဝင်ထောက်၏။ ကျွန်ုပ်လက်မခံနိုင်။ ရှိစုမဲ့စုလည်ဆံမွေးလေးများလှုပ်ခါသွားအောင် ခေါင်းကိုခါယမ်းလိုက်သည်။

"ကျုပ်. . သူ့ကို ကြွက်ဘဝအရောက်မခံနိုင်ဘူး"

ကျွန်ုပ်တို့ အခြေအတင်ငြင်းခုန်ကြ၏။ အခြားကြွက်များကလည်း ဆူဆူညံညံ တစ်ကောင်တစ်ပေါက်ဝင်ပြောကြသည်။ မည်သူမှ ကျွန်ုပ်နှင့် အမြင်မတူ ကျွန်ုပ်ကတစ်ဖက်၊ အခြားကြွက်အပေါင်းကတစ်ဖက်၊ ကြွက်ကြွက်ညံကုန်တော့၏။

"အားလုံးတိတ်ကြတော့. . ခင်ဗျားတို့ သဘောမတူရင်လည်းနေကြ

ကျုပ်တစ်ကောင်တည်း ဒီမင်္ဂလာပွဲကိုရအောင်ဖျက်မယ်"

ဆုံးဖြတ်ပြီးသည့်အတိုင်း ကျွန်ုပ်သည် မင်္ဂလာပွဲသို့ရောက်အောင် လာခဲ့၏။ ညီငယ်၏မင်္ဂလာဧည့်ခံပွဲသည်ကား ကြီးကျယ်ခမ်းနားလွန်းလှပေ၏။ မီးရောင်စုံများထွန်းညှိထားသည်။ စားသောက်ဖွယ်ရာများမှာလည်း စုံလင်လွန်းလှ၏။ သတ္တဝါအပေါင်းမှာ စိတ်ကြိုက်သောက်စားမူးရစ်ကြပြီး အပျော်ကြီးပျော်နေကြလေသည်။

ညီငယ်ကိုကြည့်လိုက်တော့ သတို့သားပီပီ အကျော့ပြင်ထားသည်ကို တွေ့လိုက်ရ၏။ လည်ဆံမွေးကို ဆီမွှေးများနှင့်လိမ်းကျံထားပြီး တစ်ကိုယ်လုံးကိုလည်း အမွှေးနံ့သာများနှင့်ဆွတ်ဖျန်းထား၏။

မျက်နှာကြီးကတော့ ကျွန်ုပ်တုန်းကကဲ့သို့ပင် မိတ်ကပ်အလှပြင်မာမီဝက်လက်စွမ်းအပြလွန်ထားဟန်တူ၏။ ဖြူဖျော့ဖျော့နှင့် ခြသေ့်မသာပုံပေါက်နေသည်။ စပ်ဖြီးဖြီးလုပ်ထားတော့ ပိုဆိုးနေ၏။

"ဟေ့. . ဒီမင်္ဂလာပွဲကို ဖျက်လိုက်"

ကျွန်ုပ်က အော်ပြောလိုက်လေရာ သူက ပမာမခန့်ပြန်ကြည့်၏။ ပြီးနောက် မထီလေးစားပုံစံဖမ်းပြီး ဖုတ်လေသည့်ငါးပိ ရှိလောက်ဟန်မတူသည့်သဘောမျိုးနှင့်လှည့်ထွက်သွားသည်။

"ညီလေး. . ငါလေကွာ. . ငါ. . မင်းအစ်ကို"

"ဟား ဟား ဟား ဟား"

ကျွန်ုပ်၏စကားအဆုံး၌ သတ္တဝါအပေါင်းက အော်ကြီးဟစ်ကျယ်ရယ်ကြ၏။

"ကြွက်ကများ မတန်မရာ. . ခြသေ့်ရဲ့ အစ်ကိုလုပ်ချင်သေးတယ်"

ဝက်ဝံကြီးတစ်ကောင်၏ ခနဲ့တဲ့တဲ့အသံ။

"ကျုပ်မလိမ်ဘူး. . ကျုပ်ဟာ သူ့အစ်ကို"

"ဟား ဟား ဟား ဟား"

ရယ်ကြပြန်၏။ မျောက်မောင်းမတစ်ကောင်က ပြောင်စပ်စပ်မျက်နှာပေးနှင့်ရှေ့တိုးလာသည်။

"မောင်ကြီးကြွက်ရယ် စိတ်ထိန်းပါဦး ကျွန်မတို့ဆရာ ခြသေ့်မင်းက



ဘယ်တုန်းကမှ သူ့မှာ သူ့အစ်ကိုကြွက်ဝဲစားတစ်ကောင်ရှိတယ်ဆိုတဲ့အကြောင်း မပြောခဲ့ပါလား ခိခိခိ"

ဝံပုလွေတစ်ကောင်ကလည်း တင်ကိုလှုပ်ရမ်း၍ ကျွန်ုပ်ရှေ့ ရောက်လာပြန်သည်။

"ကိုကြီးကြွက်ကိုဖျူးချင်လို့ပါ ခြသေ့်ကြွက်ဖြစ်ဖြစ် မချမ်းသာ အဲလေ ဟုတ်ပါဘူး ကိုကြီးကြွက်ပေါ့နော်. . ဘယ်လိုကနေ ဘယ်လိုပေါ့နော်. . အခုလို ကြွက်ဝဲစားဖြစ်သွားတယ်ဆိုတဲ့ အကြောင်းလေးသိချင်လို့ ဖြေပေးပါနော်"

"ဝါး. . ဟား ဟား ဟား ဟား"

ဝံပုလွေမ၏ သရုပ်ဆောင်နေပုံကိုကြည့်ပြီး ဝိုင်းဟားကြပြန်သည်။ ကျွန်ုပ်အလွန်အမင်းစိတ်တိုသွား၏။

"ဟေ့ကောင်တွေ ကောင်မတွေ. . မှတ်ထား ငါဟာ အိမ်ထောင်မကျခင်က ခြသေ့်ကွ ခြသေ့် ဘာထင်လဲ"

"အမလေး. ကြောက်ပါရဲ့ ဘာမှမထင်ပါဘူး ကိုကိုကြွက်ရယ်တော်ပါတော့. . ဒီမှာ သေးထွက်တော့မယ် အဟင့်"

ရယ်သံများ သောသောညံကုန်၏။ အရင်ကလိုသာဆိုရင်ဖြင့်သည်မိုက်မဲသောသတ္တဝါများ မွှန်မွှန်ညက်ညက်ကြေနေလောက်ပေပြီ။ လည်ကုတ်ကိုခဲ၍ ဆွဲမွှေပစ်လိုက်ချင်စိတ်တို့က ယားယားထနေသော်လည်း အားမတန် မာန်ချ ဘာမှမတတ်နိုင် လက်မှိုင်ချရမည့် ကိန်းဆိုက်နေသောကြောင့် အသက်သာအောင့်၍ သေပစ်လိုက်ချင်တော့သည်။

"တစ်ကောင်တည်းပဲ. . ဒါပေမယ့် ကြွက်. . ဟီဟိ"

"အရှက်မရှိကြွက်ငပိ. . ခွိ ခွိ ခစ်"

တစ်ကောင်တစ်ပေါက် လှောင်ပြောင်သရော်သံများက ဆူညံ၍နေ၏။ ကျွန်ုပ်အံကိုတင်းတင်းကြိတ်လိုက်သည်။ ထို့နောက် ဘာမှပြောဆိုမနေတော့ဘဲ လျင်မြန်သောအဟုန်နှင့် ခြေထောက်များကြားဖြတ်ပြေး၏။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။ အစားအသောက်ဗန်းများပေါ် ခုန်ပေါက်ပြေးလွှား၏။ ဖရိုဖရဲဖြစ်ကုန်သည်။ အရက်အိုးများထဲဒိုင်ဗင်ပစ်ဝင်၏။

ဖိတ်စင်ထွက်ကုန်သည်။

"သွားပါပြီကွာ. . ဒီကြွက်လုပ်ပုံနဲ့ အားလုံးရွှံ့စရာဖြစ်ကုန်ပြီ"

"ကြွက်ညစ်ပတ်. . ကြွက်သဘောက်မသား"

"ကြွက်ပိန်ကြွက်လိန်. . ကြွက်ပျင်းကြွက်ဖျင်း"

ဒေါသများက ကျွန်ုပ်အပေါ်သို့ ပြုကျလာတော့သည်။ ထိုအချိန်မှာပင် မည်သူ့ခြေထောက်မှန်းမသိ ကျွန်ုပ်တင်ပါးသို့ ခပ်ဆတ်ဆတ်ပစ်ဝင်လာသောကြောင့် ကျွန်ုပ်မှာလွင့်ထွက်သွားရတော့သည်။ ကျသွားသည့်နေရာအနီးမှာမီးကြိုးတစ်ချောင်း ကျွန်ုပ်စိတ်တိုတိုနှင့် ကိုက်ကြိတ်ပစ်လိုက်တော့ မီးများအားလုံးမှောင်သွားပေပြီ။

"တောက်. . ကြွက်ယုတ်မာ"

"တွေ့ရင်တော့လားကွာ. . ဟင်း"

"မိလို့ကတော့. . အသေသတ်ပစ်မယ်"

"ဒီကြွက်ကတော့ကွာ. . ကျွတ်အောင်ကျပ်ကင်ပြီး အမြည်းလုပ်ပစ်မယ်"

ဝရုန်းသုန်းကားနှင့် ဆူညံကုန်ကြ၏။ အမှောင်ကို အကာအကွယ်ယူပြီး ကျွန်ုပ်လစ်ထွက်လာလိုက်သည်။ သတ္တိနည်း၍မဟုတ်၊ မိုက်လုံးကြီးသူမဟုတ်သောကြောင့်ဖြစ်သည်။ အဆုံးမှာတော့ ကျွန်ုပ်တို့ ကြွက်အပေါင်းပျော်စံရာ မြေအောက်လိုဏ်ခေါင်းဘုံဗိမာန်သို့သာ စိတ်မကောင်းခြင်းကြီးစွာနှင့်ပြန်ရောက်လာဖြစ်တော့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ နားထဲက တဂျစ်ဂျစ်အသံကြားမှ နိုးလာတော့သည်။ ဒါ. . မြေကြီးကိုတူးဆွနေတဲ့အသံ။ ထိုအသံသည် တဖြည်းဖြည်းကျယ်လောင်လာပြီး မြေနံရံတစ်ဖက်မှာ ပေါက်ထွက်သွားကာ မြေစိုင်ခဲများနှင့်အတူ တစ်စုံတစ်ရာသည်ရောထွေးလိမ့်ကျလာ၏။

ကြည့်လိုက်တော့. . မျက်နှာချေအဖွေးသား လည်ဆံမွေးဖားဖားနှင့် ကြွက်တစ်ကောင်. . ။

● ဥတ္တမာမင်းဆက်



ရန် လွ ယ် လွ ယ် ဖြ စ် လို သူ တို င်း အ တွ က်

# ရန်များအောင် စကား ပြောနည်း

ဆရာကြီးကြပ်နိုး

"ခင်ဗျားအမြင့်ကြောက်တတ်တယ်ထင်တယ်"

"ဘာကိုကြည့်ပြီးပြောတာလဲ"

"ရာထူးမှမတက်တာ"

---

"ဆရာရိုက်တဲ့ ဟာသဇာတ်ကား ဆရာနဲ့အတူကြည့်ချင်လိုက်တာဗျာ. ."

"ဘာဖြစ်လို့လဲ. ."

"ဒါမှ ဘယ်နေရာရယ်ရမလဲ သေသေချာချာသိမှာပေါ့ဗျာ. ."

---

"ပတ်ဝန်းကျင်ကို အမြဲတမ်းအထက်စီးကကြည့်ရတဲ့သူဖြစ်ချင်တယ်"

"အေး အဲဒါဆို နောင်ဘဝ သစ်ကုလားအုတ်ဖြစ်ပါစေ ဆုတောင်း"

---

"မင်းဟာ ငတုံးငအ အိမ်ရှင်မတစ်ယောက်ပဲလို့ အိမ်နီးချင်းတိုင်းက ပြောနေကြတယ်။ ဘာကြောင့်လဲကွယော"

"ရှင်သာ ဗိုလ်ချုပ်ဖြစ်ကြည့်ပါလား၊ ကျွန်မကို ဗိုလ်ချုပ်ကတော်လို့ပြောကြမှာပေါ့"

---

လောကကြီးပြီးပြည့်စုံဖို့ဆိုရင် မိန်းမတိုင်းသူတို့အားကိုးအားထားရဖို့ ယောကျ်ားရှိရမယ်ရှင့်။

အေး. . . ယောကျ်ားတိုင်းကလည်း အမှီအခိုခံကင်းမဲ့တဲ့ လူပျိုကြီးတွေဖြစ်နေရမယ်။

---

ပိုက်ဆံရှိရင် မိတ်ဆွေမလိုဘူး။

■


ရဲ့
လူဆိုး

# လှုဆိုး

"ဖြောင်း"

အထက်ပါအသံကြီးက ဆူနာမီရေလှိုင်းကြီး အဆောက်အဦးတစ်ခုကို ဝင်တိုက်လိုက်သလို ကျယ်လောင်စွာ ကြားလိုက်ရသည်။

ခဏကြာတော့ ကားပေါ် ပစ္စည်းတင်ရန်သွားမည်ဆိုသော ကျွန်တော့်သူငယ်ချင်းကျော်ကျော် သွပ်ပါးလေးသူအုပ်ကိုင်ကာ ညှိုးငယ်စွာ ထွက်လာသည်ကို တွေ့လိုက်ရသည်။

× × ×

လွန်ခဲ့သော ငါးမိနစ်. .

"ငါ့အစ်ကိုကွာ၊ မုတ္တမကို ပစ္စည်းတင်ပေးဖို့ခိုင်းလို့ ရောက်လာရတာ"

ကျော်ကျော်၏စကား။ ကျွန်တော်နှင့် ကားဂိတ်မှာ လာဆုံနေခြင်းဖြစ်၏။

"အဲဒါကွာ သထုံတို့ ဘီးလင်းတို့ ရန်ကုန်ကားတို့ဆိုရင် ပစ္စည်းတင်ခမနည်းတောင်းမှာ"

"အဲဒီတော့"

"ပေါင်ကိုသွားမယ့်ကား ရှာနေတာကွ"

မော်လမြိုင်၊ မုတ္တမ၊ ပေါင်ဆိုသည်မှာ ကပ်လျက်ဖြစ်ကြောင်း လူ



တိုင်းနီးပါး သိကြသည်။ လူရွှင်တော်များ၏ နှုတ်ဖျားမှာကိုက မှန်သံဖြင့်

"လက်ဦးက ပေါင်မှာနေတယ်၊ အခြေအနေမကောင်းလို့ မုတ္တမပြောင်းခဲ့တာ"

ဆိုသော ပြက်လုံးမျိုး ကြားဖူးကြပေလိမ့်မည်။

"ဟေ့ကောင်ရ. . ပေါင်ကားဂိတ်က ဟိုမှာလေ၊ ဘာရှာနေစရာလိုလဲ"

ငတိ ရယ်ကျဲကျဲလုပ်ပြီး. .

"ကားတွေတော့မြင်တာပေါ့ကွ၊ ဒါပေမယ့် မေးလို့ရမယ့် ကောင်မလေးရှာနေတာ ဟီဟီ"

ထုံးစံအတိုင်း တဏှာကလည်း ရှူးသေး။

"ဟော ဟိုမှာတွေ့ပြီ၊ ငါသွားမေးလိုက်ဦးမယ်၊ အဆင်ပြေရင်တော့ ဟီဟီ"

ဆိုကာ ကောင်မလေးခပ်လှလှတစ်ယောက်တည်း ငေါင်စင်းစင်းထိုင်နေသော ကားဆီသို့ သုတ်ခြေတင်သွား၏။

ငါးမိနစ်ပြည့်ပြီ။

"ဖြောင်း"

အထက်ပါ အသံကျယ်ကြီးကြားပြီး ကျော်ကျော် သွပ်ပါးလေးသူအုပ်ကိုင်ကာ ပြန်ရောက်လာသည်။

"ဘာ. . ဘာဖြစ်သွားတာလဲဟင်"

ကျွန်တော့် အလောတကြီးအမေး။ သွပ်ပါးပြင်ပေါ် လက်ငါးချောင်းရာ အထင်းသား။ ငတိက အူကြောင်ကြောင်နှင့်။

"ဘာ. . ဘာဖြစ်သွားတာလဲဟင်"

"ဟာ အဲဒါ ငါမေးရမှာလေ၊ ဘာဖြစ်သွားတာလဲလို့"

ငတိက ကလယ်ကလယ်နှင့်. . .

"ငါက သူ့ကို ကောင်းကောင်းမွန်မွန် သွားမေးတာပဲ၊ အဲဒါကို ပါးချလွတ်တယ် အဟင့်"

ကျွန်တော် မျက်မှောင်ကြုတ်သွားသည်။ သူပြောပုံအတိုင်းဆို ဟို

က အတော်လွန်တာပဲ။

"နေပါဦး၊ မင်းက ဘာသွားမေးလို့လဲ"

"ပစ္စည်းလေးတင်ချင်လို့ သွားမေးတာကို အဟင့်အဟင့်"

"အေးလေ၊ အဲဒါ မင်းက ဘယ်လိုမေးလဲ အပြည့်အစုံပြော"

"ကျွန်တော့်ပစ္စည်း မုတ္တမတင်ချင်လို့ ပေါင်ကားနော်"

"ဟာ"

မျက်လုံးပင်ပြူးသွားရသည်။ သူက ရိုးရိုးသားသားပြောသော်လည်း အဓိပ္ပာယ်သက်ရောက်မှုက တစ်မျိုးဖြစ်နေသည်။

"ဟာ မင်းဟာက အဲလိုကြီးပြောလိုက်တော့ ပုံစံတစ်မျိုးဖြစ်သွားတာပေါ့"

"ငါမှ အဲလိုမတွေးတာ"

"အဲ. . အဲလိုတော့ မဖြစ်သေးပါဘူးကွာ"

"ငါ. . ငါသွားပြန်တောင်းပန်ရမလားဟင်"

ပါးချခံရတာတောင် တဏှာကမကုန်သေး။ သက်ပြင်းသာချမိ၏။

"အေး တောင်းပန်ချင်လည်း သူ့ရှေ့ရှိုရှိုသေသေနေရာတောင်းထိုင်ပြီးမှ အသေအချာ ရှင်းပြတောင်းပန်"

× × ×

သုံးမိနစ်ခွဲအကြာ. .

"ဖြောင်း"

နာဂစ်မုန်တိုင်းကြီး ထရမ်စဖာမာတိုင်ကို ရိုက်လှဲလိုက်သလို အသံကြီး ကြားလိုက်ရ၏။ ခုနက သွားပြန်တောင်းပန်မည်ဆိုသော ကျော်ကျော် နောက်ပါးလေးတစ်ဖက်အုပ်၍ တရွေ့ရွေ့ပြန်ရောက်လာသည်။ နောက်ပါး တစ်ဖက်မှာ လက်ငါးချောင်းရာ။

"ဘာ. . ဘာဖြစ်သွားတာလဲဟင်"

ကျွန်တော်ကသူ့ကိုမေးရမည့်စကား။ သူက ပြန်မေးနေသည်။

"အဲဒါ ငါမေးရမယ့်စကားကွ၊ မင်း အသေအချာရှင်းမပြဘူးလား"

ကျော်ကျော် ပါးပြင်ပေါ် လက်အုပ်ပြီး ခေါင်းကိုဖြည်းညင်းစွာခါသည်။



"တောင်းပန်ချိန်တောင် မရပါဘူးကွာ၊ အဟင့် အဟင့်"

"ဟင် ဒါဆို မင်းကိုသူကဘာလို့ ပါးချတာလဲ"

"ထိုင်ခွင့်တောင်းရုံလေးပါ"

"မင်းက ဘယ်လိုပြောလို့လဲ"

"ဖင်ချမယ်နော်"

"ဟာ"

"ငါ့ဖင်လေး သူ့ရှေ့ထိုင်ခုံပေါ် ချမလို့ပြောတာကို ပါးချလွှတ်တယ် အဟင့် အဟင့်"

ငတိ မျက်ရည်လည်ရွှဲပါဖြစ်နေသည်။

"မင်းက အဲလိုပြောတော့ ဟိုက ပါးချမှာပေါ့"

"ငါ တောင်းပန်ချင်သေးတယ်"

တဏှာကမကုန်သေး။

"ဒါဆိုလည်း ကားပေါ်မတက်နဲ့၊ ကားအောက်ကပဲ တောင်းပန်"

ကားပေါ်တက်ပြီး ထိုင်ခွင့်တောင်းနေလျှင် ပြဿနာကတက်မှာကိုး။

"အေးပါ၊ ငါ ကားအောက်ကပဲ တောင်းပန်ပါမယ်"

× × ×

တစ်မိနစ်အကြာ. .

"ဖြောင်း"

ဂီရိမုန်တိုင်းဘင်္ဂလားဒေ့ရှ်သို့ ဝင်သွားသောအသံ။

ကျော်ကျော် ပါးပြင်ကိုလက်အုပ်၍ နေးကွေးစွာပြန်ရောက်လာသည်။

"ဘာဖြစ်တာလဲဟင်"

"အဲဒါ ငါမေးရမှာကွ၊ ဘာဖြစ်ပြန်ပြီလဲ"

"ငါ မေးရုံမေးတာ၊ သူပါးချ. . အဟင့် အဟင့်"

"မင်းဘယ်လို သွားပြောလို့လဲ"

"အောက်ကပဲနေပါရစေ၊ တောင်းပန်ပါတယ် ပေါင်ကားနော်"

သက်ပြင်းချမိသည်။

"ကဲ ဘာမှမပြောနဲ့တော့ ပြန်တော့မယ်"

"ငါ တော့တာပြန္ဒတ်ဆက်လို့ရမလားဟင်"

ပါးသုံးချက်အချခံရတာတောင် ရောဂါက အကင်းမသေသေး။ စကားပြောတာမဟုတ်တော့ ကိစ္စမရှိ။

"နှုတ်ဆက်ကွာ ပြီးရင်သွားမယ်"

ဆိုင်ကယ်ပေါ် သူ့ကိုတင်ပြီး ထွက်လာခဲ့သည်။

"ဟော့ ဟော့ လိုက်လိုက် ရှေ့ကကောင်တွေပဲ"

အနောက်ကအော်သံ။ လှည့်ကြည့်လိုက်တော့ လူတစ်အုပ်ကြီး လိုက်လာသည်။

"ဟော့ကောင် လူတွေလိုက်လာပြီ ဘာဖြစ်တာလဲ"

"ငါနှုတ်ဆက်လိုက်တာလေ၊ လက်လေးချောင်းဝဲပေါက်နေလို့ ကောင်းတဲ့တစ်ချောင်းနဲ့ပဲ လက်ပြနှုတ်ဆက်လိုက်တာ"

"ဘယ်တစ်ချောင်းကောင်းလဲ"

"လက်ခလယ်"

ပြေးရတာတောင် နည်းသေး။

● လူဆိုး

ပဟေဠိအဖြေမှန်

(၁) သားရေပင်
(၂) ဘာမှမဆိုင်ဘူး။
(၃) သွားချီး
(၄) လျှပ်စစ်မီး






**သတ္တုရှာဖြိုမိသူ**

ကာစီနိုလောင်းကစားရုံတစ်ခုတွင် မိန်းမတစ်ယောက်ကစားနေသည်။ သို့ရာတွင် ထိုနေ့အဖို့ သူမအတွက် ကံဆိုးနေသည်ဟုဆိုရမလောက် ပွဲတိုင်းရှုံးနေသည်။ သူမနှင့်အတူကစားနေသော ကစားဖော်အမျိုးသားက

"ခင်ဗျားလောင်းမယ့်နံပါတ်ကို ကိုယ့်ရဲ့အသက်အတိုင်း လောင်းကြည့်ပါလားဗျာ၊ တစ်ခါတလေ သိပ်အလုပ်ဖြစ်တယ်ဗျ"

ဟု ပြောလိုက်သည်။

အမျိုးသမီးက တစ်ချက်စဉ်းစားပြီး တစ်ခြားကစားဝိုင်းသို့ထသွား

သည်။ ကျန်ရစ်ခဲ့သောကစားဝိုင်းမှာ အံ့စာဆက်ကစားနေစဉ် နောက်ဖက်ဝိုင်းဆီမှ စီခနဲအော်သံနှင့်အတူ ရုတ်ရုတ်သဲသဲဖြစ်သွားသဖြင့် သွားကြည့်ကြရာ. .

သူတို့နှင့်အတူကစားခဲ့သောအမျိုးသမီးဖြစ်ပြီး ကြမ်းပြင်ပေါ်တွင် သတိလစ်မေ့မြောနေသည်ကို တွေ့လိုက်ရသည်။

ထိုအခါ အမျိုးသားကြီးက မည်သို့ဖြစ်ပျက်ခဲ့သည်ကို ဝိတ်တာအား မေးမြန်းကြည့်ရာ. .

"ဘယ်လိုဖြစ်လဲတော့ မသိဘူးခင်ဗျ၊ သူမှာရှိသမျှအကုန်ကို နံပါတ် ၂၉မှာ အောလိုက်တယ်။ အဲ အံ့စာတုံးက ၃၆မှာလဲကျရော သူလဲအခုလို မေ့လဲသွားတော့တာပဲခင်ဗျ. . "

## သမင်စီးသူ



တနင်္ဂနွေနေ့ မနက်စောစောတွင်ဖြစ်သည်။ အမဲလိုက်ခြင်းကိုခုံမင်သော ဘီလ်တစ်ယောက် ပထမဆုံးသမင်ပစ်ရာသီအတွက် အမဲလိုက်ထွက်ရန် စောစီးစွာနိုးနေသည်။

မနက်စာကော်ဖီသောက်ရန် အောက်ထပ်မီးဖိုခန်းသို့ ဆင်းလာရာတွင် သစ်ရွက်ပိုက်ကွန်ဝတ်စုံကို ဝတ်ဆင်ပြီး စားပွဲတွင်ထိုင်နေသော သူ၏ဇနီး ဂျူဒီကို တွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။

"မင်း. . အဲဒါဝတ်ပြီး ဘာလုပ်မလို့လဲ"

"ရှင်နဲ့အတူ အမဲပစ်လိုက်မလို့"



အမဲပစ်ထွက်ရန် ကြိုတင်မှာကြားထားသော အစီအစဉ်များ ရှိသေးသဖြင့် ဘီလ်ခမျာ စိတ်ပျက်စွာဖြင့် ဂျူဒီကိုခေါ်သွားရန် ဆုံးဖြတ်လိုက်ရသည်။

နှစ်နာရီအကြာတွင် တက္ကဆက်ပြည်နယ်အစွန်ဖက် အမဲပစ်ရန် ကြိုတင်စီစဉ်ထားသော နေရာသို့ရောက်လာကြသည်။

ဘီလ်က သူ့မိန်းမဂျူဒီအား သမင်ပစ်ရာတွင် အနှောင့်အယှက်မဖြစ်စေရန် သမင်များနှင့်ဝေးရာတွင်နေရာချပေးပြီး

"တကယ်လို့ သမင်တစ်ကောင်တွေ့ပြီဆိုရင် သေသေချာချာဂရုစိုက်ပြီးချိန်၊ ပြီးမှပစ်နော်"

"သေနတ်သံကြားတာနဲ့ ငါပြေးလာခဲ့မယ်"

ဟုဆိုကာ ထားရစ်ခဲ့သည်။ ဂျူဒီတစ်ယောက် သမင်မဆိုထားနှင့် ဆင်တစ်ကောင်ရှိနေတောင် မလွယ်ဆိုတာကိုသိသောအပြုံးဖြင့် လျှောက်လာခဲ့သည်။

၁၅မိနစ်ခန့်အကြာတွင် သေနတ်ပစ်လိုက်သံကို ဘီလ်ကြားလိုက်ရသည်။

ဂျူဒီရှိသောနေရာသို့ ဘီလ်အပြေးအလွှားသွားရပြန်သည်။ သူမအနားသို့ နီးကပ်လာချိန်တွင် ဂျူဒီ၏အာခေါင်ခြစ်အော်သံကိုပါ ကြားလိုက်ရသည်။

ဘီလ်မှာ စိုးရိမ်စိတ်ဝင်လာပြီး နားမလည်နိုင်အောင်ဖြစ်ရသဖြင့် ဂျူဒီရှိရာ မြန်နိုင်သမျှမြန်အောင်ပြေးသွားခဲ့သည်။ ထိုအချိန်တွင် နောက်ထပ်သေနတ်သံတစ်ချက်ကို ထပ်ကြားရပြီး ဂျူဒီ၏အော်သံကိုပါ ကြားလိုက်ရပြန်သည်။

"ငါ့သမင်ကို ထားခဲ့စမ်းလို့ ပြောနေတယ်လေ"

မြင်ကွင်းအားလုံး ရှင်းလင်းစွာမြင်ရချိန်တွင် ဘီလ်မှာအံ့အားသင့်သွားရသည်။ တက္ကဆက်ကောင်းဘွိုင်တစ်ယောက် အလွန်အမင်းကြောက်ရွံ့စွာဖြင့်လက်ကိုလေထဲမြှောက်ထားသည်ကို တွေ့ရသည်။

"ဗိုကေ. . ကောင်းပါပြီ အမျိုးသမီး ဒါခင်ဗျား သမင်ပါ ဒါ. . ဒါပေမယ့် ကုန်းနှီးလေးကိုတော့ ဖြုတ်ယူသွားပါရစေဦးခင်ဗျာ"



## ရောင်တော်ပြန်

ကောင်လေးတစ်ယောက်ဟာ သူချစ်သူရဲ့ချိန်းဆိုမှုကြောင့် သူချစ်သူရဲ့မိသားစုနဲ့တွေ့ဆုံဖို့ရှိလာပါတယ်။ ကံဆိုးချင်တော့ သူ့မှာ မကြာခဏ လေလည်တတ်တဲ့အကျင့်ကရှိနေပါတယ်။

ဒီလိုနဲ့ ကောင်မလေးအိမ်ကိုရောက်လာခဲ့ပြီး သူ့မိဘများနဲ့ စကားလက်ဆုံကျနေပါတော့တယ်။ အိမ်မှာတုန်းက သူစားလာခဲ့တဲ့ အမဲနှပ်နဲ့ဘီယာကတန်နိုးပြပြီး ဗိုက်ထဲကလှိုက်လှိုက်လာပါတယ်။

ကံကောင်းချင်တော့ သူ့ကောင်မလေးမွေးထားတဲ့ခွေးဟာ သူ့ပေါင်ပေါ်ကို ခုန်တက်လာပါတယ်။ ခွေးကိုချီထားရင်း နည်းနည်းစီထုတ်လိုက်ရင် ခွေးကပေါက်တယ်လို့ထင်မှာပဲလို့ သူ့ကိုယ်သူတွေးလိုက်ရင်း လေလည်လိုက်ပါတယ်။ ထိုအခါတွင် ကောင်မလေးက. .

"ဘိုနီ အောက်ဆင်းလာခဲ့စမ်း"

ကောင်လေးစိတ်ထဲမှာတော့. .

"တော်ပါသေးရဲ့ ခွေးကြောင့်ပဲလို့ သူတို့ထင်သွားလို့"

ဆိုပြီး နောက်တစ်ကြိမ် ထပ်မံထုတ်လွှတ်လိုက်ပါတယ်"

ကောင်မလေးကလဲ နောက်တစ်ကြိမ်ထပ်အော်လိုက်ပြန်ပါတယ်။

"ဘိုနီ အောက်ဆင်းလာခဲ့စမ်း"

ဒီလိုနဲ့ ကောင်လေးအတွက် စိတ်သက်သာရာဖြစ်စေပြီး ခွေးကိုပွေ့ကာ လေလည်မြဲလည်နေတော့ရာ နောက်ဆုံးတွင် ကောင်မလေးက

"ဟဲ့ ခွေးငတုံး. . နင့်အပေါ်သူ့ယိုမချခင် အောက်ဆင်းလာခဲ့စမ်းလို့ ပြောနေတယ်နော်. . "





**မှန်ကန်သမား**

စတိုးဆိုင်မှထွက်ခွာလာသောအမျိုးသမီးတစ်ဦးသည် စာရေးမအား ပြန်အမ်းငွေမှားနေကြောင်း ပြန်လာပြော၏။


ထိုအခါ စာရေးမက

'ကောင်တာမှမထွက်မီစစ်ဆေးပါ။ ကောင်တာမှထွက်ပြီးလျှင် မှားယွင်းမှုတာဝန်မခံ'

ဟူသည့် ဆိုင်းဘုတ်ကို ညွှန်ပြ၏။ ဤတွင် အမျိုးသမီးက

'ဒီလိုလား ဒီကအမှန်အကန်သမားဆိုပေမယ့် မင်းပိုအမ်းတော့လည်း မုန့်ဝယ်စားရတာပေါ့'

ဟု ပြောဆိုပြီးထွက်သွားလေတော့သည်။



ပုံပလုံး

# ဦးဘကီး

ကျုပ်တို့နယ်မြို့ကလေးမှာက တူတူတန်တန်ပွဲစားတစ်ယောက်ဖြစ်ဖို့ဆိုရင် တစ်အချက်က အရင်းအနှီးရှိရမယ်။ (အဲဒါက များလေကောင်းလေ) နှစ်ကတော့ ရုတ်ချည်း ထသွားထလာလုပ်နိုင်မယ့် စီးစရာကိုယ်ပိုင်ယာဉ်တစ်ခုခုတော့ရှိရမယ်။

ကျန်တာတွေကတော့ သိပ်အရေးမကြီးဘူး။ မရှိလည်းရတယ်။ ရှိလည်းရတယ်။ ဥပမာ ဟမ်းဖုန်းတို့ဘာတို့ပေါ့။

ပြီးခဲ့တဲ့အပတ်ကတော့ ဈေးချောင်ချောင်နဲ့ရလို့ဆိုပြီး ဆိုင်ကယ်လေးတစ်စီးဝယ်လိုက်မိတာ ခိုးဘီးဖြစ်နေလို့ ရှိစုမဲ့စုအရင်းအနှီးကလေးတရားရုံးကို အလည်အပတ်ရောက်နေလို့။

ပွဲစားပီပီ အရင်းအနှီးကလည်းမရှိရင်မဖြစ်၊ စီးစရာကလည်းမရှိရင်မဖြစ်မို့ လက်ရှိစီးနေတဲ့ ဆိုင်ကယ်စုတ်ကလေးကိုပြန်ရောင်းရတဲ့ငွေလေးနဲ့အရင်းအနှီးလုပ်၊ လောလောဆယ်စီးစရာအနေနဲ့က စက်ဘီးတစ်ပတ်ရစ်ကလေးတစ်စီးဝယ်ပေါ့ဗျာ။ မတတ်နိုင်ဘူး။ ဟိုနားဒီနားလောက်တော့ သွားလို့လာလို့ရမယ့်ပစ္စည်းအနိမ့်ကလေးဘာလေးတွေ့ရင် စရန်လောက်တော့ပေးပြီး ခဏသိမ်းထားနိုင်မယ် ဒီသဘောပေါ့။

အဲဒါဗျာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆိုင်ကယ်စုတ်ရောင်းရငွေလေးပိုက်ပြီး စက်ဘီးကလေးတစ်စီးဝယ်ပြန်မယ်စဉ်းစားနေတုန်း အရင်မျက်မှန်းတန်းဘူးနေတဲ့ 'ခင်နီး'ဆိုတဲ့ကောင်နဲ့တွေ့ပြီး သူငွေအမြန်လိုနေလို့တဲ့ ခုစီးလာတဲ့စက်ဘီးလေးကို ရောင်းပေးပါဆိုတာနဲ့ ကိုယ်ကလည်း ဝယ်ဖို့လိုလို့လိုက်ရှာနေတဲ့ပစ္စည်း သူကလည်း ငွေလိုလို့ရောင်းချင်ဆိုတော့ဗျာ အချင်းချင်းညှိပြီး အသစ်ဆို ဆိုင်မှာခြောက်သောင်းလောက်တန်မယ့် အသစ်လောက်နီးနီးပစ္စည်းကို တစ်သောင်းခွဲနဲ့ဈေးဆစ်ပြီးဝယ်လိုက်တယ်။ ကိစ္စပြီးစွတွေပြီးချိန်ကျတော့ နေ့ခင်းထမင်းစားချိန်ရောက်ပြီ။

"အသစ်ဆို
ဆိုင်မှာခြောက်သောင်း
လောက်တန်မယ့်
အသစ်လောက်နီးနီး
ပစ္စည်းကို
တစ်သောင်းခွဲနဲ့
ဈေးဆစ်ပြီး
ဝယ်လိုက်တယ်။"

အဲဒီတော့ ထမင်းစားပြီးမှပဲ အလုပ်ဆက်လုပ်တော့မယ်ဆိုပြီး အိမ်ပြန်ခဲ့တော့တယ်။

"ဖေ မန်မန်းက ကျော့ကျရစ်နေတာပဲ"

အိမ်ပေါ်တက်တက်ချင်း ဆီး၍ပြောလိုက်သော ကလေးငယ်၏အသံကြောင့် ပင်ပန်းနွမ်းနယ်နေသောခန္ဓာကိုယ်မှာ အားပြတ်သလိုဖြစ်သွားပြီး စိတ်လည်းအတော်တိုသွားမိ၏။

သို့သော် နှုတ်မှဘာမှမထွက်နိုင်ခင် အိမ်အတွင်းမှထွက်လာသော အသံဆိုးကြီးကြောင့် ပြောမည့်စကား

များမှာဆွံ့အသွားရသည်။

"ဩော် ဩော် ကျေးဇူးရှင်လေးကြည့်စမ်း။ ကျေးဇူးရှင်ကြီးလာတာနဲ့ ဆီးတိုင်တာပေါ့လေ"

ပြီးနောက် အခန်းထောင့်တွင်ခွေခွေလေးအိပ်နေသော သမီးကြီးထံမေးဆတ်ပြရင်း

"ဟိုမှာ နင့်အစ်မ အပူရှပ်ပြီးအဖျားဝင်နေလို့ ဆရာခိုအခိုးပွင့်ဆေးပုပ်ထုတ်ဆေးတစ်ထုတ် ဝယ်တိုက်လိုက်တာ ဆန်နှစ်ဘူးဖိုး ၂၀၀ ကုန်သွားတာလေ။ အဲဒီတော့ အဲဒီဆန်နှစ်ဘူးအစား ရေနှစ်ဘူးပိုထည့်ပြီးချက်လိုက်ရတာ။ နည်းနည်းတော့ ပျော့မှာပေါ့။ မပျော့စေချင် နင့်အဖေကိုပြောထား ဒါမျိုးတွေရှိတယ်လို့"

မပြောချင်တော့ပါ။ ပြောလျှင်မဆုံးနိုင်သောစာရင်းရှင်းတမ်းနှင့် ကိုယ့်ကိုကိုယ်ပင် လုံးဝမသိသော ကိုယ်၏အသုံးမကျမှုများ ကောင်းကွက်တစ်ခုမှမရှိသောအချက်များကို ဘယ်အချိန် ဘယ်လိုရှာဖွေထားမှန်းမသိ၊ ပလပ် ပလပ်နှင့် နန်းစတော့ ပြောသတ်မယ့်အသံ မခံနိုင်အောင် ကြားရဦးမည်။ ထို့ကြောင့် ဟချင်ထွက်ချင်နေသည့် အပေါ်ပေါက်ကို ပိတ်၍ အောက်ပေါက်ကိုဖွင့်ပေးလိုက်၏။

"ငွိ" မှတ်ထား ဟင်း. .

ပြီးနောက် သားငယ်လေးအားချော့၍

"လာ သားလေး မန်မန်းစားရအောင်"

"နချားဘူး. . နချားဘူး. . အဲဒီ အော်အော့မန်မန်းကြီး နချားဘူး။ 'ဝက်ကော်ဖီ'ပဲသောက်တော့မယ်"

'လက်ဘက်ရည်'နှို့ 'ကော်ဖီ'တို့အား ဝယ်မတိုက်နိုင်၍ 'ထမင်းရည်'ကိုပင်'ဝက်ကော်ဖီ' 'ခွေးလက်ဘက်ရည်'စသည်ဖြင့် ချော့မော့လိမ်ညာ၍တိုက်ခဲ့သောဇလုံကလေးအားဆွဲယူ၍လာ၏။

"မန်မန်းမစားရင် သားသား ဆာနေမှာပေါ့"

"ချာကျာ ချာကျာ နံ့မနချားဘူး"

"လာပါသားရဲ့. ဟင်းကောင်းပါတယ်။ ဒီမှာကြည့် ဟင်းက ဟင်. . "

'ဟင်'တစ်လုံးမှလွဲ၍ ဘာသံမှမထွက်နိုင်အောင်ပင် အသံတိတ်သွားရ၏။

အဘယ်ကြောင့်ဆိုသော် ကလေးအားချော့မော့ပြောဆိုရင်း အုပ်ဆောင်းအား အသာလှပ်လိုက်ရာ ငရုတ်သီးပင်မပါသော ငါးပိရည်ကျဲတစ်ခွက်၊ ပျော့ပြဲနေသောထမင်းပန်းကန်တစ်ချက်က ငုတ်စိ ငုတ်စိ နှင့်စောင့်နေ၏။

ရွေးချယ်စရာ ဘာမျှမရှိ။

"ဟင်းတွေ ဒီလောက်အမယ်များများမချက်ပါနဲ့ မိန်းမရယ်၊ ငါ ဒီမှာ ဘယ်ဟင်းခွက်ကို နှိုက်ရမှန်းမသိဖြစ်နေပြီ။

"အေး အဲဒီငါးပိရည်ကျဲကလေးတော့ ရွာကကျွပ်အမေ လူကြုံနဲ့ထည့်ပေးလိုက်တာ ဒီမနက်ကမှရောက်လာလို့ စားရတာမှတ်"

"နောက်မို့လို့ကတော့ ဒီမနက် ဆန်ပျက်လေးဆားဖြူးပြီး နှစ်ပါးသွားရမှာ၊ ဟင်း. . အကြီးမက ဒီလောက်နဲ့မကောင်းဘဲ ဒါထက်ပိုများလို့ကတော့ ဆန်ပျက်ကနေဆန်ပြုတ်ဖြစ်ပြီလို့သာမှတ်လိုက်"

"နို့ ဈေးဘိုးကကော"

"ဩော် ဈေးဖိုး! လာပြောနေသေးတယ်၊ တော့်ပိုက်ဆံက လေတိုက်သလိုပဲ ဝှစ်ခနဲ ဝှစ်ခနဲ ပျောက်ပျောက်သွားတတ်လို့ လေမထိ နေမထိ ရေမထိအောင် ဟောဒီအထဲလုံးလက်



"ကလေးအား ချော့မော့ပြောဆိုရင်း အုပ်ဆောင်းအား အသာလှပ်လိုက်ရာ ငရုတ်သီးပင်မပါသော ငါးပိရည်ကျဲတစ်ခွက်၊ ပျော့ပြဲနေသော ထမင်းပန်းကန်တစ်ချက်က"

ပြီးထည့်ထားတာတောင်"

ထဘီရင်လျားအောက်မှ လက်နှီးရောင်ချွေးခံအစုတ်နှင့်ထုတ်ထားသည့် ပျော့ပြဲနေသောရင်ဘတ်ကို ဗျတ် ဗျတ်နှင့်ပုတ်ပြရင်း

"ဈေးဝယ်ချိန်မရောက်ခင်တော့ကလေးတွေက ဘာဖိုး ညာဖိုး ရပ်ကွက်က ဘာကြေး ညာကြေး ပြီးတော့ အလှူခံ၊ ပြီးတော့ သာရေး နာရေး ဆွမ်းလောင်းကြေး၊ မွှာရုံကြေး၊ ရေဖိုး၊ မီးဖိုး၊ ထင်းဖိုး၊ ကျောင်းဖိုးတွေနဲ့ ကဲ. . ဈေးဝယ်ချိန်လည်းရောက်ရော သတိရလို့စမ်းကြည့်တော့ အလုံးလေးလည်းအပြားဖြစ်ပြီး တစ်ပြားမှမတစ်ပြားတော့တဲ့ဟာ ဘယ်လိုလုပ်ဈေးသွားရတော့မလဲ"

တွေ့လား။

ကျုပ်မိန်းမရဲ့စာရင်းရှင်းတမ်းက အဲလိုရှင်းတယ်။ သိပ်ကျွမ်းကျင်တဲ့မိန်းမ. .

တကယ်ပြောတာ ကျုပ်လည်းသူ့စကားထဲကအတိုင်း နေမထိ၊ လေမထိ၊ မြေမထိနဲ့ တစ်သက်လုံးဥထားဘဲ့အလုံးကြီးနဲ့သာ ဒင်းပါးစပ်ကိုခွံ့ပြီး ပိတ်ထားချင်တော့တယ်။ ဟုတ်တယ်လေ။ (နှလုံးပြောတာပါ)

မတတ်နိုင်ဘူးလေ။ ထမင်းမဟုတ်၊ ဆန်ပြုတ်မဟုတ်တဲ့ ဆန်ပျက်ကိုပဲ ဘာမပါညာမပါ ငါးပိရည်နဲ့ရောသမျှ အာမထိ လျှာမထိ (အာထိလျှာထိလျှင် အရသာကခံနေမိဦးမှာ) မျှောချပိုက်ဖြည့်လိုက်ပြီးနောက်. . အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ် ကျောဆန့်မှိန်းနေလိုက်တော့တယ်။

မှေးခနဲဖြစ်သွားလိုက်တာဘယ်လောက်ကြာတယ် မသိဘူးဗျာ။ ပွစိ ပွစိနဲ့ ပလွတ် ပလွတ်ပြောနေတဲ့အသံတွေကြားရလို့ ရုတ်ခနဲထကြည့်လိုက်တော့ ရဲနဲ့ရပ်ကွက်လူကြီးတွေကျုပ်ခင်စိုးဆီကဝယ်ခဲ့တဲ့စက်ဘီးနားဝေ့လည်ဝေ့လည်နဲ့ ဒါနဲ့ကမန်းကတမ်းထပြီး. .

"ဘာလဲ. . ဘာကိစ္စရှိလို့လဲဗျ၊ အလှူခံဆိုလည်း အေးရာအေးကြောင်းလုပ်လို့ရပါတယ်ဗျာ"

"ဪ. . ဒီမှာလေ ဒီကောင်လေး မနေ့ကပျောက်သွားတဲ့စက်ဘီးကို ဒီမှာပြန်တွေ့လို့"

"ဘာဗျ အဲဒါ ခုမနက်ပဲကျုပ်ခင်စိုးဆီကဝယ်ခဲ့တာ"

ဆိုတော့ လူကြီးတစ်ယောက်က

"ဟုတ်တယ်လေ၊ အဲဒီ



ကောင်က နာမည်ကြီးသူခိုးလေ မသိဘူးလား၊ ခုတော့ ဖမ်းမိပြီးအချုပ်ထဲရောက်နေပြီပေါ့။ သူဖော်လို့ ကျုပ်တို့လာတာလေ"

"သူခိုးတစ်ကောင်ကကြောက်အားလန့်အားနဲ့ အားအားယားယားလက်ညှိုးထိုးတိုင်း ခင်ဗျားတို့ရပ်ကွက်ထဲပတ်ပြီး ရုတ်ရုတ်သဲသဲလိုက်လုပ်နေရအောင် အဲဒီသူခိုးရဲ့လက်ညှိုးမှာ ခင်ဗျားတို့အတွက်လုပ်ပိုင်ခွင့်အာဏာတွေပါလို့လား"

ကျုပ်လည်း အိပ်ချင်မူးတူးနဲ့ မိန်းမကိုလည်းမကျေနပ်၊ ထမင်းကိုလည်း မကျေနပ်။ ကိုယ့်ကိုကိုယ်လည်း မကျေနပ်နဲ့မို့ မကျေနပ်ချက်တွေပေါင်းမိသွားလားမသိပါဘူးဗျာ။ မဆီမဆိုင် ပတ်ကြမ်းမိပါလေရော၊ ရပ်ကွက်လူကြီးလည်း ဘယ်နားထိသွားတယ်မသိပါဘူးဗျာ၊ ကျုပ်ကိုစေ့စေ့ကြည့်ပြီး. .

"ဟိတ်လူ ခင်ဗျား စကားကြည့်ပြောဗျာ။ သူခိုးပြောတိုင်း လျှောက်လုပ်နေရအောင် ကျုပ်တို့ကသူခိုးတပည့်တွေမဟုတ်ဘူးဗျ"

"ဒါဆို ဆရာပေါ့"

"ဟုတ်တယ် ဆရာ"

"ထင်သားပဲ. . ရုပ်ကိုက

ကျုပ်လည်း တင်းတင်းနဲ့ အတင်းကိုငြင်းတော့တာပဲ။ ဟုတ်တယ်လေဗျာ။ အခုပဲဝယ်လာတာ စီးတောင်မစီးရသေးဘူး။ ခိုးရာပါပစ္စည်းဖြစ်ပြန် သက်သေခံပစ္စည်းအနေနဲ့ သိမ်းခံထိဦးမယ်ဆိုတော့

ဟင်း. . ဟိုက အသေးဆို ခင်ဗျားက အကြီး၊ ဟိုက အလတ်ဆို ခင်ဗျားက ဂျုတ်(ချုပ်)ဖြစ်မယ့်ရုပ်။

စသည်ဖြင့် ပေါ့ဗျာ။ တစ်ယောက်တစ်ပေါက်နဲ့ စကားတွေက လိုရင်းမရောက်ဘဲ ဘယ်တွေချော်ကုန်မှန်းမသိ၊ အနိုင်လုပြောနေကြရင်းမှ လူကြီးတစ်ယောက်ကကြားဝင်ပြီး. .

"ကဲ. . ကဲ တော်ကြပါတော့ဗျာ သူနိုးခင်စိုးကိုလည်းမိထားပြီးပြီ။ ခင်စိုးရဲ့နိုးစင်(နိုးရာပါပစ္စည်းစာရင်း)အရ ဒီစက်ဘီးကနောက်ဆုံး(၃၁၆)ခုမြောက်ပစ္စည်း"

"ပစ္စည်းပိုင်ရှင်က ဟောဒီက မောင်ပါပီ၊ မောင်ပါပီရဲ့ထွက်ဆိုချက်အရ စက်ဘီးရဲ့ထိုင်ခုံအရင်းဘားတန်းမှာ လွကြိုးနဲ့ဖြတ်ပြီးရေးထားတဲ့ သူ့ရဲ့နာမည်အတိုကောက် 'P..P'ဆိုတာကိုလည်း ဒီကလူကြီးတွေအားလုံးမြင်ကြပြီးပြီဆိုတော့"

"ဒါ တိုက်ဆိုင်မှုလည်းဖြစ်နိုင်တာပဲဗျ၊ စက်ဘီးတိုင်း အိုဗျာ. . အရာဝတ္ထုတိုင်းမှာတော့ အဲလိုပွန်းရာစင်းရာလေးတွေကတော့ ရှိနိုင်တာပဲ။ အဲဒါကို ခင်ဗျားတို့ကလိုရာဆွဲပြီး အမှန်တရားလျှောက်လုပ်နေလို့ မရဘူးလေ"

ကျုပ်လည်း တင်းတင်းနဲ့ အတင်းကိုငြင်းတော့တာပဲ။ ဟုတ်တယ်လေဗျာ။ အခုပဲဝယ်လာတာ စီးတောင်မစီးရသေးဘူး။ နိုးရာပါပစ္စည်းဖြစ်ပြန် သက်သေခံပစ္စည်းအနေနဲ့ သိမ်းခံထိဦးမယ်ဆိုတော့. .

ဒီတော့မှ အဲဒီလူကြီးတွေကြားထဲက လူငယ်တစ်ဦးတိုးထွက်လာပြီး. .

"ကျွန်တော်က ပါပီရဲ့အစ်ကို ပါရကီးပါ။ အဲဒီစက်ဘီးကို ကျွန်တော့်ညီစာမေးပွဲအောင်လို့ဝမ်းသာလွန်းလို့ ကျွန်တော့်ရဲ့လုပ်အားခလေးနဲ့ဝယ်ပြီး လက်ဆောင်ပေးခဲ့တာပါ။ အဲဒီအကြောင်းကို ကျွန်တော့်ညီတောင်မသိအောင် ကျွန်တော်စာလေးတစ်စောင်ရေးပြီး စက်ဘီးရဲ့လက်ကိုင်တန်းမှာထည့်ထားပါတယ်"

"ဒီကလူကြီးတွေအားလုံးမယုံကြည်ဘူး၊ သံသယရှိတယ်ဆိုရင် စက်ဘီးရဲ့လက်ကိုင်အစွပ်ကိုချွတ်ပြီး အထဲမှာ ကျွန်တော်ရေးထားတဲ့စာရွက်လေးရှိ,မရှိ ဟုတ်,မဟုတ်ကြည့်ကြပါ"

ဆိုပြီးပြောလိုက်တော့ လူကြီးတစ်ယောက်က လက်မြန်ခြေမြန်နှင့်ထပြီး စက်ဘီးလက်ကိုင်စွပ်ကလေးအား လှည့်ချွတ်လိုက်ရာ လက်ကိုင်၏သံပိုက်လေးအတွင်း လိပ်၍ထည့်ထားသောစာရွက်လိပ်ကလေးတစ်ခုအားတွေ့ကြရ၏။ စာရွက်ကလေးအားဆွဲထုတ်၍ လူအများရှေ့တွင် အသံထွက်ဖတ်လိုက်ရာ. .

**ညီလေးပါပီအတွက် အောင်မြင်ခြင်းအမှတ်တရ လက်ဆောင်**

**ညီလေး ဒီထက်မက အောင်မြင်ပျော်ရွှင်နိုင်ပါစေ**

**ကိုကြီးပါရကီး**

နောက်ဆုံးတော့ဗျာ. . ခင်ဗျားတို့လည်း ခုလောက်ဆို မှန်းလို့ရနေလောက်ပါပြီ။

ထိတာပေါ့ဗျာ။ ကျုပ်ပဲထိသွားတာပေါ့။

နာတာမှ သေလောက်အောင်ကိုနာတာ။

အဲဒီမှာ ကျုပ်အံ့သြတာက ကျုပ်'အသက်'ပဲဗျ။

ဘယ့်နှယ်ဗျာ ဘာကြောင့်များ ဒီလောက်ထိတွယ်ကပ်ပြီး ရှင်နေသေးလည်းမသိပါဘူး။ အမှန်ဆိုတစ်ခါတည်း'ဖွတ်'ခနဲထွက်သွားလိုက်ရမှာ။

ဟုတ်တယ်လေ၊ ခင်ဗျားစဉ်းစားကြည့်။



ဘာဗျ၊ငွေ၊ငွေကြောင့်မဟုတ်ပါဘူး။ ဒီငွေလေးတစ်သောင်းခွဲလောက်နဲ့ ဘာဖြစ်ရမှာလဲ။ ဘယ်နားကျပျောက်ပျောက် ဘယ်သူ့ပေးပေး ဘာလုပ်လုပ် ဘာမှမဖြစ်လောက်ပါဘူး ရတယ်။(ပလုံသွားပြီပေ့ဆိုတော့လည်း ဒီလိုပဲဖြေရမှာပေါ့ လေ။ ရမှမရတော့တာ။ စောစောကစားထားတဲ့ ဆန်ပျက်ကိုတော့ အားနာပါရဲ့)

ခုဟာကဗျာ။

ကျုပ်ကို တစ်သက်လုံး အထင်မကြီးတဲ့ ကျုပ်ရပ်ကွက်ထဲမှာ၊ ဘယ်တော့မှ အေးရာအေးကြောင်းနားနားနေနေ နေလို့မရတဲ့ ကျုပ်အိမ်မှာ၊ ပြီးတော့ ဘယ်တော့မှ ကျုပ်အပေါ် ကောင်းကွက်မတွေ့တတ်တဲ့ သေအောင် သေအောင် ပြောသတ်တတ်တဲ့ကျုပ်မိန်းမရှေ့မှာ ပြဿနာကလာဖြစ်ရတယ်လို့ဗျာ။

တကယ်ပြောတာ 'ဖွတ်'ခနဲသာအသက်ထွက်သွားရင် ခုလို 'ဗျွန်း'ခနဲ အရှက်ကွဲစရာမလိုတော့ဘူးပေါ့။

● ပုံတလုံး


အဆွေတော်
ရှေ့နေဘိုးစိကျွးနှင့်
နှစ်မှုတစ်မျက်နွက်

# ရွှေနေဘိုးစံကွားနှင့် နှစ်မှတစ်မျက်ခွက်

'ကဲ . . စိတ်မပူလင့် ငါ့ကောင်။ အမှန်တရားဘက်မှာ အကွားရှိတယ်။ အမှားကိုအကွားမုန်းတယ်။ ဒီတော့ စရန်သာမစသွား။ အမှုကိုလေ့လာထားမယ်။ အမှုကတော့ နိုင်ပြီလို့သာမှတ်ပြီး စိတ်အေးပေတော့'

'ကျေးဇူးပါပဲ အဘိုးစံကွား။ ဒီမှာ ဘိုးစံကွားအတွက် စရန်ငွေပါ'

စရန်ငွေထည့်ထားသော စာအိတ်ကိုဖွင့်၍ ဘိုးစံကွားက ညာဘက်မျက်လုံးတစ်လုံးသာပြူး၍ စောင်းငန်းကြည့်ရှုပြီး ခေါင်းကို ဆတ်ခနဲညိတ်ကာ အလုပ်လက်ခံခြင်းကို နိတ်ထွိတ်စေလေပြီ။

အနိုသူငယ်ကား ခြံဝသို့နောက်ကြောင်းမလှုံ့စွာလှည့်ကြည့်ပြီး. . .

'ဟင်. . လာပြီ လာပြီ အဘိုး ကျွန်တော်သွားပြီဗျို့'



> ကျွန်ုပ်တို့၏ မိတ်ဆွေ မောင်ဝကြီးကား ခြုံဝင်းဝမှဖြတ်ပြေးသွားသော ရဲကြီးဆိုသော အမှုသည်လူငယ်အား ခါးထောက်ကြည့်နေရင်း ဇဝေဇဝါမျက်နှာကြီးနှင့်

စကားပင် မဆုံးလိုက်။ ဟောလိဝုဒ်သိပ္ပံကားထဲက ယာဉ်ပျံတွေအတိုင်း ဗိုခေါ် အောင် လှစ်ခနဲ ကွေ့ပတ်ပြေးချသွားတော့၏။

ကျွန်ုပ်မောင်ပိန်းပေါင်နှင့် ရွှေနေကြီးဘိုးစံကွားလည်း တစ်ယောက်နှင့်တစ်ယောက် နားမလည်နိုင်တဲ့မျက်နှာနှင့်ပြန်ကြည့်ရင်း ၄င်းလူငယ်အား စက်တတ်ယာဉ်တစ်မျှဖြစ်သွားစေသော အကြောင်းတရားတို့ဖြစ်တည်ရာ ခြံဝင်းအဝသို့ စေ့ငုကြည့်မိရာ. . .

'မောင်ဝကြီး'

ကျွန်ုပ်တို့နှစ်ဦးလုံး၏နှုတ်မှ ယောင်၍ထွက်မိကြလေသည်။

ဟုတ်ပါပေသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမောင်ဝကြီးကား ခြံဝင်းဝမှဖြတ်ပြေးသွားသော ရဲကြီးဆိုသော အမှုသည်လူငယ်အား ခါးထောက်ကြည့်နေရင်း ဇဝေဇဝါမျက်နှာကြီးနှင့်ပြန်လှည့်လာရာ ကျွန်ုပ်မှပင်. . .

'လာ. . မောင်ဝကြီး ကိစ္စထူးပြန်ပြီမှတ်တယ်'

ကိုဝကြီးက လေပူတစ်ချက်မှုတ်ထုတ်ကာ-

'ဟူး. . ထူးပါပြီကောဗျာ။ အနို့နေစမ်းပါဦး။ ဟို သူတောင်းစားကောင် ရဲကြီး ဘာလာလုပ်တာလဲဗျ၊ ဟင်'

ဘိုးစံကွားမှပင်. .

'ဩော်. . ကျွန်ုပ်အမှုသည်ရဲကြီးနဲ့ မောင်ဝကြီးက သိကျွမ်းဟောင်းတွေကိုး။ အိမ်း ဒီသူငယ်အဖြစ်က တော်တော့်ကိုသနားစရာကောင်းပါတယ်။ သူ့အလုပ်ရှင်က သူ့ကို အလုပ်တွေနင်းကန်ခိုင်းပြီး၊ လုပ်အားခကျတော့ လုံးဝဘိုးမပေးဘူးတဲ့။ ခုခေတ်ကလည်း သိတယ်မဟုတ်လား။ အစစရာရာဘိုးတက်

နေတဲ့ခေတ်ကြီးဆိုတော့ ကုန်ဈေးနှုန်းလို အရှည်ပါးတဲ့ကောင်က ဘယ်နေလိမ့်မတုံး။ သူလည်း လိမ့်တက်တော့တာပေ့ါ။ အဲဒါ လုပ်အားခက တဖြည်းဖြည်း မလောက်မငှဖြစ်လာရတော့တာနဲ့ သူ့အလုပ်ရှင်မှာ လုပ်ခတိုးတောင်းတာ လူမဆန်တဲ့အလုပ်ရှင်က လုပ်အားခကို လုံးဝတိုးမပေးဘူးတဲ့လေ။ အဲဒီမှာ ခုလို တိုင်ရတောရနဲ့ ဖြစ်ကုန်ကြတော့တာပေ့ါ။ တရားရုံးမှာ စကားပြောကြမတဲ့လေ'

"အောင်မာ. . ရာရာစစ ဒီအနှမ်းကောင်က တရားစွဲမတဲ့လား၊ တောက်. . "

ဝကြီး၏ကြုံးဝါးတောက်ခေါက်သံကြောင့် ကျွန်ုပ်တို့နှစ်ဦးမှာ ဘာမဆိုင်ညာမဆိုင်နှင့် မျက်နှာငယ်လေးများနှင့် ကိုဝကြီးအား နားမလည်နိုင်စွာ ငေးကြည့်နေမိကြ၏။ အတန်ကြာမှ ဘိုးစံကွားက ဝကြီးအားလက်တို့ကာ တုန်သောတိုးသောအသံနှင့် မရဲတရဲမေးမြန်း၏။

'ဘာ. . ဘာများဖြစ်လို့လဲ မောင်ဝကြီးရယ်'

'တောက်. . အဲဒီ ခွေးသူတောင်းစားရဲကြီးတိုင်မယ်ဆိုတဲ့ သူ့အလုပ်ရှင်က ကျုပ်ပဲဗျ'

'ဟင်'

'အလို'

'အလုပ်အကိုင်က ဘာမှဟုတ်တိပတ်တိမလုပ်ချင်ဘဲ လစာတိုးလိုချင်တယ်ဆိုတဲ့ကောင်။ မင်းကတောင် တိုင်ရဲတောရဲတယ်ဆိုတော့ ဝကြီးကလည်း စိန်ခေါ်ရင် ပြဿနာကို ဝရိန်ဆော်ပြီးအပြတ်ရှင်းတဲ့ကောင်ကွ။ အဘိုးစံကွား ကျွန်တော်တစ်ထိုင်တည်းဆုံးဖြတ်ပြီး အလုပ်အပ်တယ်။ ရော့. . စရန် အဲဒီအမှုကိုနိုင်အောင်လိုက်ပေး'

"ဟင်. . အဲ. . အဲဒါတော့ ကျွန်ုပ် ရဲကြီးအမှုကိုလက်ခံထားပြီးပြီ"

လုပ်မနေနဲ့ဗျာ။ ပြန်အမ်းလိုက် ကျွန်တော်က အမြဲဖောက်သည်ပဲ ကျွန်တော့်ကိုဦးစားပေး ဟုတ်ပြီလား'

ဘိုးစံကွား မျက်နှာငယ်လေးနှင့် မည်သို့ ဆုံးဖြတ်ရမည်မသိဖြစ်နေ၏။

'အဲ. . အဲဒါတော့'



'အဲဒါတော့ လုပ်မနေနဲ့ဗျာ။ ကျုပ်ကို ကတိပေးလိုက်မယ်မဟုတ်လား။ ဒီရဲကြီး တစ်ခါတည်းမှတ်သွားအောင် စကားလုံးလှလှတွေနဲ့ ဆော်ပလော်တီးပေးစမ်းပါဗျာ'

ဘိုးစံကွား မည်သို့ဆုံးဖြတ်ရမှန်းမသိပုံနှင့် တွေဝေနေရပေတော့၏။

"အင်း. . ဒါက ဒီလိုရှိပါတယ် မောင်ဝကြီးရဲ့။ ဒီမောင်ရဲကြီးက ကျွန်ုပ်ကိုအရင်အမှုလာအပ်ပြီး ကျွန်ုပ်ကလည်း လက်ခံလိုက်ပြီဆိုတော့ကာ ဒီလိုလုပ်ပါလား မောင်ဝကြီးရယ် ကျွန်ုပ်မိတ်ဆွေ ရှေ့နေကြီးဦးလေဥ(ဆာလကာကြီး)နဲ့'


ဝကြီးမှ အိပ်ကပ်ထဲ
ပါလာသော ငွေသုံးရာ
ကျော်အား
ထပ်ချပေးလေရာ
ရှေ့နေကြီး ဘိုးစံကွားမှာ
ယူရအခက် ငြင်းရအခက်
ဖြစ်နေပေသည်။


"ထပ်. . သူနဲ့အပ်ရင် ကျွန်တော်ရှုံးသွားမှာပေ့ါ။ လုပ်ပါ အဘ သူ့ငွေပြန်အမ်းလိုက်စမ်းပါ။ ကျွန်တော်နှစ်ဆတိုးပေးပါ့မယ်။ ရော့ဗျာ. . စရန်ထပ်ယူထားဦး"

ပြောပြောဆိုဆို ဝကြီးမှ အိပ်ကပ်ထဲပါလာသော ငွေသုံးရာကျော်အား ထပ်ချပေးလေရာ ရှေ့နေကြီးဘိုးစံကွားမှာ ယူရအခက် ငြင်းရအခက် ဖြစ်နေပေသည်။ အခက်အခဲကို ပြေလည်စေသောငှာ ကျွန်ုပ်မှပင်ကြားဝင်၍. .

'လက်ခံပေးလိုက်ပါ အဘိုးစံကွားရယ်။ နောင် တရားသူကြီးတွေနဲ့ ရှေ့နေတွေပါပညာတိုးရအောင် ဒီအမှုကို တရားခံဖက်ကရော တရားလိုဖက်ကပါ လိုက်ပေးလိုက်ပါ။ ဒါမှ နောင်လာနောက်သားရှေ့နေလက်သစ်များ အမှုတစ်ခုကို ဘယ်လိုခင်းပြီး ဘယ်အခက်ခဲကို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ပညာရတော့မှာပေ့ါ။ တခြားရှေ့နေတွေနဲ့ဆို အဘိုးစံကွားကို မယှဉ်နိုင်တာနဲ့ အမှုက ဘယ်လိုမှကြည့်ကောင်းမှာမဟုတ်ဘူး။ ဘိုးစံကွားနဲ့ ဘိုးစံကွားယှဉ်မှ

ဘိုးစံကွားရဲ့ ပညာဘာဂီ ကွာလတီပေါ်လွင်ပြီး ဘိုးစံကွားဆိုတာ ဘိုးစံကွားကြီး ပါလားဆိုပြီးသိသွားကြမယ်။ ဟုတ်ဖူးလား ဘိုးစံကွား'

ကျွန်ုပ်လည်း အဘိုးစံကွားအား သာသာထိုးထိုးမြှောက်ပင့်ပို့ပေးပြီး နားချလိုက်ရာ ဘိုးစံကွားမှာ တစ်ခဏမျှ မိန်းမောမင်တက်တွေဝေနေတော့၏။ ဤအခွင့်အရေးကိုလက်လွှတ်မခံဘဲ ကိုဝကြီးက ထပ်မံတိုက်တွန်းပြန်၏။

'ဟုတ်တယ် အဘိုးစံကွား၊ တရားခံရှေ့နေစံကွားနဲ့ တရားလိုရှေ့နေ စံကွား၊ ဘယ်သူက ဉာဏ်များမလဲ။ အမှန်ဇယားဆွဲကြည့်ရအောင်နော် အဘ"

"ဟုတ်တယ်အဘ"

"မှန်တယ်အဘ"

"ထောက်ခံတယ်အဘ"

စသည်ဖြင့် ကျွန်ုပ်တို့၏ အာဂလောင်များ ပတ်ကြားအက်အောင် တိုက်တွန်းပါမှ နဂိုအမြှောက်ခတ်ခံရှိသော ဘိုးစံကွားမှာ "ဟင်း ဟင်း ဟင်း" နှင့် နှလုံးပီတိ ဆီထိလေဟတ်ပြီး တရစပ်လက်ခံလိုက်သတည်း။

xxxx

ဒုံး . . ဒုံး . . ဒုံး . . ဒုံး . .

"ကဲ . . တရားလိုတွေ၊ တရားခံတွေစုံပြီးလား"

"စုံပါပြီ"

"ဒါဆိုအမှုစစ်မယ်"

တရားသူကြီးက တရားရုံးအတွင်းသို့ဝေ့ကြည့်လိုက်ပြီး တရားလိုနှင့် တရားခံကြား ကားရားခွထိုင်နေသော အဘိုးစံကွားအားတွေ့ရသဖြင့် တစ်ခဏ ကြောင်စီစီဖြစ်သွား၏။

"ကဲ . . တရားလို မောင်ရဲကြီး၊ မင်းကို အကျိုးဆောင်ပေးမယ့် ရှေ့နေ ကဘယ်မှာလဲ"

ဘိုးစံကွား မတ်တတ်ထရပ်ကာ အောင်မြင်ခန့်ညားသောလေသံနှင့်

"ကျွန်ုပ် ရှေ့နေလက်ကား ဘိုးစံကွားပါ"

တရားသူကြီးက ရှေ့နေဘိုးစံကွားကိုတစ်ချက်ကြည့်ကာ ခေါင်းညိတ် အသိအမှတ်ပြု၏။



"ဒါဆို တရားပြိုင် မောင်ဝကြီးရဲ့ အကျိုးဆောင် ပေးမယ့်ရှေ့နေကရော"

အဘိုးစံကွား မတ်တတ်ထရပ်ပြရပြန်သည်။

"အဟမ်း . . အဲဒါလဲ ကျွန်ုပ် ရှေ့နေချွတ်တား ဘိုးစံကွားပြန်ပါပဲ"

တရားသူကြီး မျက်ခုံး အစုံမြင့်တက်သွားပြီး . . .

"မဟုတ်သေးဘူးလေ။ ရှေ့နေကြီးက တိုင်တောသူဘက်က ဖြေရှင်းပေးမှာလား၊ အတိုင်ခံရသူဘက်က ချေပပေးမှာလား"

> "ရှေ့နေကြီးက တိုင်တောသူဘက်က ဖြေရှင်းပေးမှာလား၊ အတိုင်ခံရသူဘက်က ချေပပေးမှာလား"
> "နှစ်ဖက်လုံးကပဲ ဆိုပါတော့"

"နှစ်ဖက်လုံးကပဲ ဆိုပါတော့"

"နှစ်ဖက်လုံးက ဟုတ်လား"

"ဟုတ် . . အဟိ"

"ကဲ . . တရားလိုနဲ့ တရားပြိုင်ပုဂ္ဂိုလ်တွေကရော ကျေနပ်ကြရဲ့လား"

တရားလို ကိုရဲကြီးနှင့် တရားပြိုင်မောင်ဝကြီးတို့ နှစ်ဦးစလုံးထရပ်ပြီး

'ဟုတ်ကဲ့၊ ကျေနပ်ပါတယ်'

တရားသူကြီး အကြပ်ရိုက်သွားပြီး မည်သို့လုပ်ရမည်မသိဖြစ်နေ သည်။

"ကဲ . . ကဲ တရားလိုရော၊ တရားပြိုင်ရော ပုဂ္ဂိုလ်နှစ်ဦးလုံးက လိုလား တယ်ဆိုတော့ ကျွန်ုပ်အနေနဲ့ ဘာမှပြောစရာမရှိတော့ဘူး။ ကဲ . . တရားစစ်ရင် မယ်"

တရားသူကြီးက တိုင်တိုင်းချက်များကိုလှေ့လာပြီး . .

"ဤအမှုတွင် တရားလိုမောင်ရဲကြီးသည် မောင်ဝကြီးလုပ်ကိုင်နေ သော ပုံနှိပ်လုပ်ငန်းမှ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရသည်။ ၄င်းမောင်ရဲကြီး

မှာ အလုပ်ဝင်တာ ငါးနှစ်ပင်ပြည့်ခဲ့သော်ငြား လုပ်အားခအပြောင်းအလဲ လုံးဝမရှိခဲ့ပါ။ လုပ်ငန်းဝင်စဉ်က ကုန်ဈေးနှုန်းနှင့်လောက်ငှခဲ့သော်ငြား ယနေ့အချိန်တွင် အလွန်ကျပ်တည်းနေသဖြင့် လုပ်အားခတိုး၍လိုချင်ကြောင်း လျှောက်ထားတိုင်တောသော အမှုဖြစ်တယ်။ ကဲ. . အလုပ်ရှင် မောင်ဝကြီး လုပ်အားခကို တိုးပေးသင့်ပါလျက် ဘာကြောင့်တိုးမပေးခဲ့ပါလဲ လျှောက်တင်ပါ"

ရှေ့နေဘိုးစံကွားမှ အိတ်ခြေကြီးတစ်ခွဲသားနှင့်ထပြီး. .

"အဟမ်း. . ဒါက ဒီလိုရှိပါတယ်။ ဒီတိုင်တန်းသူမောင်ရဲကြီးဟာ အလုပ်လုပ်ခဲ့တယ်ဆိုပေမယ့် သူ့လုပ်အားကို မောင်ဝကြီးက ဘာမှပြည့်ပြည့်ဝဝ မရခဲ့ပါဘူး'

"အနို့ သူ့တိုင်တန်းချက်ထဲမှာ သူဟာတစ်နေ့ကို ရှစ်နာရီတိတိအလုပ်ဆင်းရတယ်လို့ ဆိုထားပါသကော"

ဘိုးစံကွားက အရန်ကော,ဆိုသောအကြည့်နှင့် တစ်ချက်မျှပေစောင်းကြည့်ပြီး. .

"သူဟာ တစ်နေ့ကို(၈)နာရီ အလုပ်ဆင်းကြောင်းကို ကျွန်ုပ်ငြင်းပယ်ခြင်းမဟုတ်ပါဘူး။ တရားသူကြီးမင်းလည်း ပညာတတ်တစ်ယောက်ပါပဲ။ ဒီတော့ တွက်ချက်ကြည့်ရင်သိမှာပါပဲ။ တစ်နေ့ကို(၈)နာရီ အလုပ်လုပ်တဲ့အတွက် ဒါဟာ နေ့တစ်နေ့ရဲ့ သုံးပုံပုံ,တစ်ပုံအချိန်ပါပဲ။ ဒီတော့ တစ်နှစ်မှာ(၃၆၆)ရက်ရှိတဲ့အနက်(၁၂၂)ရက် အလုပ်လုပ်တယ်ဆိုတဲ့သဘောပေါ့"

တရားသူကြီးက စိတ်ပါဝင်စားစွာနှင့်. .

"အင်း. . ဆက်ပါဦး"

"(၁၂၂)ရက်အလုပ်လုပ်တယ်ဆိုပေမယ့် စနေရက်တွေဟာ ရုံးပိတ်ရက်တွေဖြစ်တယ်။ တစ်နှစ်မှာရှိတဲ့စနေအရေအတွက်က (၅၂)ရက်ဖြစ်ပါတယ်။ ဒီတော့ သူ့ရဲ့လုပ်ရက်ဟာ(၇၀)ရက်ပဲကျန်တာကိုတွေ့ရမှာပါ၊ ပြီးတော့ တနင်္ဂနွေရက်ဟာလည်း ရုံးပိတ်ရက်ပါပဲ၊ တစ်နှစ်မှာ တနင်္ဂနွေကလည်း(၅၂) ရက်ရှိပါတယ် ထပ်နှုတ်ပါဦး ဒါဆို သူအလုပ်လုပ်တဲ့ရက်ဟာ (၁၈)ရက်ပဲ ကျန်ပါတယ်"

"ကျွတ် ကျွတ် ကျွတ်. . . တော်တော်နည်းတာပဲ"



**မောင်ရဲကြီး၏ မျက်နှာမှာ**
**ငယ်ရလွန်းသဖြင့်**
**ဖုန်မှုန့်လောက်သာ**
**ကျန်တော့သည်။**
**ခံစားရလွန်းသဖြင့်လည်း**
**ငိုတော့မယောင်ယောင်**

တရားသူကြီး၏ သံဝေဂနှင့် တရားကျသံ

"ကျန်ပါသေးတယ် တရားသူကြီးမင်းခင်ဗျ. . အလုပ်ရဲ့ထုံးစံအရ တစ်နေ့ကိုတစ်နာရီ ထမင်းစားနားကြပါတယ်. . ခင်ဗျာ"

"အေးလေ. . ဒါကထုံးစံပဲကို"

"အဲဒီတစ်နာရီစီဟာ (၂၄)ရက်ပြည့်ရင် တစ်ရက်နားတာနဲ့ ညီမျှပြန်တယ် ရက်(၂၄၀)ဆိုရင်(၁၀)ရက်နားသွားပြီ၊ တစ်နှစ်ကို ရက်(၃၆၀)ပဲထားဦးတော့ သူ့ရဲ့နားတဲ့ရက်ဟာ (၁၅)ရက်ဖြစ်နေပြန်ပြီခင်ဗျ နှုတ်ပါဦး ခုနကလက်ကျန်(၁၈)ရက်ထဲက အလုပ်လုပ်ရက်ဘယ်နှစ်ရက်ကျန်မလဲ (၃)ရက်ပဲကျန်ပါတယ်"

တရားသူကြီးမှ အလေးအနက်စဉ်းစားပြီး. .

"အင်း. . ဒါဆိုရင်တော့လည်း ဒီသူငယ်မောင်ရဲကြီးဟာ တစ်နှစ်လုံးမှ ဘာအလုပ်မှကို မယ်မယ်ရရမလုပ်ဘဲ ညာလို့င်းစားခဲ့တာပဲ"

မောင်ရဲကြီး၏မျက်နှာမှာ ငယ်ရလွန်းလှသဖြင့်ဖုန်မှုန့်လောက်သာကျန်တော့သည်။ ခံစားရလွန်းသဖြင့်လည်း ငိုတော့မယောင်ယောင်။

ရှေ့နေဘိုးစံကွားက အောင် မြင်ခန့်ညားသောအသံနှင့် ဆက်လက်လျှောက်ထားပုံမှာ. .

"သူ့ရဲ့လုပ်အားက တစ်နှစ်လုံးမှ(၃)ရက်ပဲရှိပါတယ်။ သူ့ရဲ့လုပ်အားခက တစ်လကိုတစ်သောင်းခွဲဆိုတော့ တစ်နှစ်ကို တစ်သိန်းရှစ်သောင်းရနေပါတယ်။ အဲဒီ တစ်သိန်းရှစ်သောင်းအတွက် အလုပ်လုပ်ရတဲ့ရက်က သုံးရက်ထဲဆိုတော့ တစ်ရက်ကိုငွေခြောက်သောင်းနဲ့ညီမျှနေပါတယ်။ တစ်ရက်ကို ငွေ

ခြောက်သောင်း ဘယ်သူကများပေးနိုင်မှာလဲ တရားသူကြီးမင်း"

တရားသူကြီးက အားရပါးရထောက်ခံ၏။

"အေးလေ ကျုပ်တို့တောင် တစ်ခါတလေမှရတာမျိုး"

"ဒီတော့ ကျွန်တော့်အမှုသည်မောင်ဝကြီး လွန်ပါသေးလား

တရားသူကြီးမှ ပြာပြာသလဲနှင့်. .

"ဟာ. . ဘယ်လိုလုပ်လွန်တယ်ပြောလို့ရမှာတုန်းဗျ။ ဒီလောက်ရက်ရောထားတာပဲ"

မောင်ဝကြီးကား ပျော်မဆုံးတော့။ ကျွန်ုပ်မောင်ပိန်းပေါင်လည်း ဤမျှတိကျလှသောလျှောက်လဲချက်ကိုကြားရသဖြင့် ပီတိဖြစ်မဆုံး ပညာရမဆုံးတော့။ တော်တဲ့ ဘိုးစံကွားပါပေ။

တရားသူကြီးက အလေးအနက်စဉ်းစားနေပြီး. .

"အင်း. . ဒီလိုဆို ဝကြီးမှာ အပြစ်မရှိကြောင်း သေချာပြီဆိုတော့ ဒီတရားလိုမောင်ရဲကြီးဟာ အလုပ်လုပ်မလုပ်ဘဲ ငွေအတင်းလိုချင်ပြီး မဟုတ်ကဟုတ်ကတွေကိုအမှုဆင်ပြီး တရားရုံးကိုအလုပ်ရှုပ်အောင်လုပ်တာပဲ။ အမိန့်ချမယ်။ တရားရုံးတော်နှင့် တရားရေးဝန်ထမ်းများကို အနှောင့်အယှက်ပေးပြီး မဟုတ်ကဟုတ်က တိုင်ကြားအမှုဖွင့်သော တရားခံမောင်ရဲကြီးအား"

မောင်ရဲကြီးကား ငိုလေပြီ။ လစာတိုးချင်၍ ရှိစုမဲ့စုလေးပေး၍ ရှေ့နေငှားကာအမှုဖွင့်သော်ငြား အခြေအနေအရ တရားခံဖြစ်နေပေပြီ။

ထိုအချိန်မှာပဲ ရှေ့နေဘိုးစံကွား၏ အောင်မြင်သော ခန့်ညားစေးပိုင်သောအသံကြီးက ထပ်မံပေါ်ထွက်လာပြန်လေသည်

"ဟိုး. . စတော့. . ရပ် ရပ်၊ အဲလို အလျင်စလိုဆုံးဖြတ်လို့မရသေးဘူးလေ"

တရားသူကြီးက အူကြောင်ကြောင်ဖြစ်သွားပြီး. .

"အင်. . မရသေးဘူးလား"

ရှေ့နေဘိုးစံကွားက ၎င်း၏မူပိုင်စတိုင် ဝင်းဦးအား ကရင်နီကောင်ကိုက်သကဲ့သို့ တစ်ဖက်သောနှုတ်ခမ်းသာ ရွဲ့ရွဲ့ကလေးပြုံးရင်း တထေ့ထေ့ ပြယ်၏။



"မရသေးဘူးလေ။ မရသေးဘူး။ ကျွန်ုပ်ရဲ့အမှုသည်မောင်ရဲကြီးကို ဘာလို့အပြစ်ပေးရမှာလဲ။ မရသေးဘူး။ သူမှအမှားမလုပ်တာဘဲ ကျွန်ုပ်ကန့်ကွက်ပါတယ်"

"ဟင်. . ခုနကပဲ တရားပြိုင်ဝကြီးဘက်က ခင်ဗျားကြီးပဲ လျှောက်လဲခဲ့တယ်လေ။ ခင်ဗျားလူ မောင်ဝကြီးမှန်ရင် ဒီတရားလို မောင်ရဲကြီး မှားရမှာပေါ့"

ကျွန်ုပ်ရဲ့အမှုသည် မောင်ရဲကြီးကို ဘာလို့ အပြစ်ပေးရမှာလဲ။ မရသေးဘူး။ သူမှအမှားမလုပ်တာဘဲ ကျွန်ုပ်ကန့်ကွက်ပါတယ်။

ဘိုးစံကွားက ခွေးသူခိုးသွားကြားညပ်သလို ပါးတစ်ခြမ်းထဲကွက်ပြုံးပြီး. .

"မမှားဘူး။ မောင်ရဲကြီး အလုပ်ချိန်နည်းရတာ တစ်နှစ်မှာ(၃၆၆) ရက်ပဲရှိလို့"

"ဟင်. . သူလဲ(၃၆၆) ပဲလား"

"ဟုတ်တယ်။ (၃၆၆)ပဲ။ တရားသူကြီးမင်းလဲ ပညာတတ်ပဲ"

"အင်. . ပညာလား နည်းနည်းပဲတတ်တာပါကွာ။ ဒီလောက်ကြီးလည်း မဟုတ်ပါဘူး"

"ကဲ. . ဒီတော့ ဒီလိုစဉ်းစားကြည့်မယ်။ တနင်္ဂနွေတစ်ရက်ဟာ အလုပ်နားရက်ဖြစ်တယ်။ ဒါကြောင့် အလုပ်လုပ်ဖို့ (၃၁၄) ရက်ပဲကျန်တယ်'

တရားသူကြီးက ပြူးကြောင်ကြောင်ကြည့်ရင်း အင်းလိုက်ပေးရ၏။

'အင်း'

'ပြီးတော့ စနေ၊ သူလည်း(၅၂)ရက်ပဲ။ ခုနက ကျန်တဲ့(၃၁၄)ရက်ထဲက (၅၂)ရက်ထပ်နှုတ်လိုက်ရင်(၂၆၂)ရက်ပဲကျန်ပါတော့တယ်။ ပြီးတော့

ဆေးပညာရှုထောင့်ကကြည့်ရင် လူတစ်ယောက်ဟာတစ်ရက်မှာ အနည်းဆုံး (၈)နာရီ အိပ်စက်သင့်တယ်လို့ဆိုပါတယ်။ ဒီအရေအတွက်ဟာ တစ်နှစ်အတွက်ဆိုရင် ရက်ပေါင်း (၁၂၂)ရက်နဲ့ ညီမျှပါတယ်။ ဒီတော့ ခုနကကျန်တဲ့ (၂၆၂)ရက်ထဲက အိပ်ချိန်(၁၂၂)ရက်ကိုနှုတ်လိုက်ရင် အလုပ်လုပ်ဖို့ရက်ပေါင်း (၁၄၀)ပဲ ကျန်တယ်ဆိုတဲ့သဘောပဲ ဟုတ်တယ်မဟုတ်လား တရားသူကြီးမင်း'

'ဟုတ်. . ဟုတ်ပါတယ် ဘိုးစံကွား. .'

'တစ်နေ့ကို တစ်နာရီလောက်တော့ ကိုယ်လက်လှုပ်ရှားအားကစား မလုပ်သင့်ဘူးလားဗျာ'

'အင်း. . လုပ် လုပ်သင့်တာပေါ့။ ဒါမှ ကျန်းမာရေးကောင်းပြီးအလုပ်လုပ်နိုင်မယ်။ လုပ်ပါ. . လုပ်ပါ'

'လုပ်တဲ့အခါကျတော့ တစ်နေ့တစ်နာရီဆိုတော့ တစ်နှစ်ကိုနာရီပေါင်း(၃၆၀)ရှိတယ်။ အဲဒီ (၃၆၀)ကို တစ်ရက်ဆိုတဲ့(၂၄)နာရီနဲ့စားရင် ရက်ပေါင်း(၁၅)ရက်ရတယ်ခင်ဗျ။ ခုနက ကျန်တဲ့ရက်ပေါင်း(၁၄၀)ထဲက (၁၅)ရက် ထပ်နှုတ်ရင် (၁၂၅)ရက်ပဲကျန်တယ်ပေါ့ဗျာ'

တရားရုံးတစ်ခုလုံး ကတ်ကူလေတာထုတ်ပြီးတွက်သူတွက်၊ ပေသီးနှင့်တွက်သူတွက်၊ စာရွက်ပေါ် ချပြီးတွက်သူတွက်နှင့် စာမေးပွဲခန်းလိုဖြစ်နေပြီ။ ဘိုးစံကွား၏လျှောက်လဲချက်များက အဆုံးမသတ် သေး။

'အင်း. . ပြီးတော့၊ လူတစ်ယောက်ဟာ မနက်စာ၊ နေ့လည်စာ၊ ညစာအတွက် အစားစားချိန်က တစ်နေ့ကို(၂)နာရီလောက်တော့ ရှိပေပေါ့ဗျာ။ ဒီတော့ ခုနင်က (၁၂၅)ရက်ထဲက ရက်(၃၀) ထပ်နှုတ်ရဦးမပေါ့ဗျာ ဆိုတော့ကာ အလုပ်လုပ်ချိန်က (၉၅)ရက်ပဲ ကျန်တော့တာပေါ့။ အဲ. . ပြီးတော့ တစ်နေ့မှာ(၂)နာရီလောက်တော့ အပေါင်းအသင်းတွေနဲ့ဆိုင်လေးထိုင်စကားစမြည်ပြော စသည်ဖြင့် လူမှုရေးကိစ္စအတွက်တော့ အချိန်ကိုဖဲ့ပေးရင်လွန်မှာလားဗျ"

တရားသူကြီး ကြောင်စီစီနှင့်

"အင်. . မလွန် မလွန်ပါဘူး"

'ကဲ. . မလွန်ရင် နှုတ်လိုက်ဦး ရက်(၃၀)။ (၉၅)ရက်ထဲကရက်(၃၀) နှုတ်တော့ (၆၅)ရက်ပဲကျန်တာပေါ့ဗျာ။ ထားပါဦးတော့။ အလုပ်သွား အလုပ်



ပြန်နဲ့ လမ်းခရီးမှာ ဘတ်စ်ကားပေါ်မှာ ကြာချိန်ကလည်း တစ်နေ့နှစ်နာရီလောက်ရှိသေးသကွ ဒီတော့(၆၅)ရက်ထဲက ရက်(၃၀) ထပ်နှုတ်တော့ (၃၅)ရက်ပဲကျန်တယ်။ မှတ်နော်။ မှတ်နော် အဲဒီမှာမှ တို့ဗဟုသုတအတွက် သတင်းလေး ကိုရီးယားကားလေးနဲ့ (၁)နာရီလောက်တော့ အပန်းဖြေရမှာပေါ့ ဟုတ်ဘူးလား"

●

**အဲဒီမှာမှ**
**တို့ဗဟုသုတအတွက်**
**သတင်းလေး**
**ကိုးရီးယားကားလေးနဲ့**
**(၁)နာရီလောက်တော့**
**အပန်းဖြေရမှာပေါ့**
**ဟုတ်ဘူးလား**

●

တရားသူကြီးလည်း ယောင်ပေပေနှင့် ထောက်ခံရပြန်၏။

"အင်း. . ဟုတ်တာပေါ့။ ကျုပ်လည်းဒီအတိုင်းပဲ"

"ကဲ. . ဒီတော့(၁၅)ရက်ထပ်နှုတ်ရင် ခုနကကျန်(၃၅)ရက်ဆိုတော့ ခုရက်(၂၀)ပဲကျန်တော့တယ်။ အလုပ်သမားတစ်ယောက်ဟာ တစ်နှစ်လုံးမှာ (၃)ရက်လောက်တော့ သာရေး၊ နာရေးအတွက် ခွင့်ခံစားခွင့်ပေးသင့်တာပေါ့နော်။ ဒီတော့(၁၇)ရက်ပဲကျန်တော့တာပေါ့။ ကဲ (၁၇)ရက်ထဲမှာ ရုံးပိတ်ရက်ကတော့ ကျွန်တော့်အမှုသည်က အလုပ်လုပ်ချင်တယ်ဆိုရင်တောင် အလုပ်ရှင်က တံခါးဖွင့်မပေးဘူး။ အဲဒါက(၁၀)ရက်ဆိုတော့ အလုပ်လုပ်ရက်က(၇) ရက်ပဲကျန်တော့တယ်။ အဲဒီ(၇)ရက်ထဲက သင်္ကြန်ပိတ်ရက်(၅)ရက်နှုတ်ပါဦး"

"အင်း. ."

တရားသူကြီးက လက်သီးနှစ်လုံးဆုပ်ရင်း တစ်ချောင်းစီထောင်ပြီး

နှုတ်ကြည့်သည်။

"(၂)ရက်ပဲ ကျန်တော့တာပေါ့နော်။ အိစ်. . နည်းနည်းလေး"

ဘိုးစံကွားက မိန့်မိန့်ကြီးပြုံးကြည့်ရင်း. . .

"ဒါပေါ့ ကဲ. . ကဲ အဲဒီ (၂)ရက်အနက်က (၁)ရက်လောက်တော့ ပေးဖျားဦး။ တစ်နှစ်လုံးမှာမှ(၁)ရက်ထဲလေ။ ရတယ်မဟုတ်လား"

တရားသူကြီးက တိုးတိမ်သောအသံဖြင့်. . .

"အေးလေ. . တစ်ရက်ထဲဆိုတော့လည်း ဖျားပေါ့။ ဖျား. . ဖျား။ ဒါဖြင့် အလုပ်လုပ်ရက်က တစ်နှစ်လုံးမှာမှ(၁)ရက်. . ရက်. . ရက်'

"ဟိုးထားဦး. . "

တရားသူကြီး တစ်ချက်ကြောင်သွား၏။ ပြီးမှ ဇဝေဇဝါနှင့်

"ဘာ. . ဘာဖြစ်လို့လဲဟင်"

"အဲဒီ လက်ကျန်ရက်လေးတစ်ရက်ကိုတော့ အလုပ်မခိုင်းပါနဲ့ဗျာ။ အဲဒီနေ့က သူ့မွေးနေ့ဗျ"

တရားသူကြီးလည်း မည်သို့ပြန်ပြောရမည်မသိဘဲ လက်ချောင်းလေးများ ချိုးလိုက် ရေလိုက်နှင့်ကြောင်နေ၏။

ရွှေနေဘိုးစံကွား၏ အောင်မြင်ခန့်ညားသောအသံက ပေါ်လာပြန်၏။

'ကဲ. . ဒီလို တစ်နှစ်မှာ (၃၆၆)ရက်ထဲရှိနေမယ်ဆိုရင် ကျွန်တော့် အမှုသည်မောင်ရဲကြီး ဘယ်လိုအလုပ်ဆင်းရမလဲ။ တရားသူကြီးအနေနဲ့ ဉာဏ်ပညာနဲ့ယှဉ်တွေးပြီးဆုံးဖြတ်ပါ"

'ရှိုး ဖြောင်း ဖြောင်း ဖြောင်း'

'တရားရုံးတစ်ခုလုံး ဆူညံစွာ ဩဘာပေးကြလေ၏။ လူအများမှာ ဘိုးစံကွား၏ လျှောက်လဲချက်နှင့် ဉာဏ်ပညာကို မလေးစားဘဲ၊ မချီးကျူးဘဲ မနေနိုင်အောင်ဖြစ်နေကြ၏။ ကျွန်ုပ်မောင်ပိန်းပေါင်းကား ဆိုဖွယ်မရှိပြီ။ တရားသူကြီးကား ကြက်ကြီးလည်လိမ်ထားသည့်အလား မည်သူ့ကို အနိုင်ပေး၍ မည်သူ့ကိုအရှုံးပေးရမည်ဟု မဆုံးဖြတ်နိုင်ဘဲ တွေပဲတွေ ငေးပဲငေးနေ၏။

အတန်ကြာမှ မဝံ့မရဲ တုန်တုန်ယင်ယင်အသံတစ်ချက်ပေါ်လာ၏။



'တုံ'

အားလုံးသော ပရိတ်သတ် အမှုသည်များ လှည့်ကြည့်ကြသောအခါ တရားသူကြီးက အသက်မဲ့ မျက်လုံးကြီးနှင့် ပရိတ်သတ် အားလုံးကို ဝေ့ကြည့်ပြီး-

အားလုံးသောပရိသတ်
အမှုသည်များ
လှည့်ကြည့်ကြသောအခါ
တရားသူကြီးက
အသက်မဲ့မျက်လုံးကြီးများနှင့်
ပရိတ်သတ်အားလုံးကို
ဝေ့ကြည့်ပြီး

"အင်း. . အမှုတစ်ခု ဖြစ်လာပြီဆိုတော့ တစ်ယောက်မှန်ရင် တစ်ယောက် မှားမယ်ဆိုတဲ့ နိယာမက ရှိနေတော့ကာ ရှေ့နေ ဘိုးစံကွားကိုပဲ မေးရတော့မှာပဲ။

"ဒါဖြင့် ဒီအမှုသည် မောင်ရဲကြီးမှန်တာပေါ့"

ရှေ့နေဘိုးစံကွားက အောင်ပွဲရစစ်သူကြီးပမာ ခါးကော့ရင်မော့၍ ဝံ့စားစွာဆိုသည်။

'မောင်ရဲကြီး မှန်ပါတယ်'

'ဒါဖြင့် ဝကြီးမှားသလား'

'ကျွန်ုပ်လျှောက်တင်ခဲ့ပြီးပါပြီ။ မောင်ဝကြီး မမှားပါဘူး'

'အင်း. . ဒီတော့ ဒီအမှုကိုဆိုက်နှစ်ခုထဲ စဉ်းစားလို့ မရတော့ဘူး။ လေးဘက်လေးတန်က စဉ်းစားရမယ်'

ဘိုးစံကွားကား အထက်စီးလေသံနှင့် မိန့်မိန့်ကြီးပြော၏။

'စဉ်းစားပါ။ စဉ်းစားပါ။ စဉ်းစားတာဟာ တရားသူကြီးရဲ့ အလုပ်ပဲ'

'အင်းပေါ့လေ. . တရားလိုရော၊ တရားပြိုင်ရော နှစ်ယောက်လုံးက မမှားဘူးဆိုတော့ ဘိုးစံကွား အားမနာနဲ့နော်။ ပြော. . ကျွန်တော်များ မှားနေလား'

ဘိုးစံကွား တစ်ချက်ကြောင်သွားပြီး. .

'အင်. . တရားသူကြီးက မမှားပါဘူး။ မမှားပါဘူး။ ဆက်လုပ်ပါ။ မမှားပါဘူး'

တရားသူကြီးက ချင့်ချင့်ချိန်ချိန်နှင့် စဉ်းစားတွေးဆရင်း. .

'အင်းလေ. . အဲဒါဆိုရင်တော့ မှားနိုင်တဲ့လူက တစ်ယောက်ထဲ ရှိတော့တာပေါ့'

တရားရုံးတစ်ခုလုံး စိတ်ဝင်စားသွားကြ၏။

ဘိုးစံကွားက. .

'ကဲ. . လင်းစမ်းပါဦး။ ဘယ်သူမှားသတုန်း'

တရားရုံးတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်သွား၏။ အတန်ကြာမှ တရားသူကြီးအသံကြီးသာ ဟိန်းထွက်လာ၏။

'ခင်ဗျားပဲ'

'အင်'

တရားသူကြီး၏လက်ညှိုးက ပစ်မလွဲ ဖိုးစံကွား၏မျက်နှာသို့တန်းတန်းကြီးစိုက်ထိုးလျက်. .

'ဒုံး. . ဒုံး. . ဒုံး'

'ကဲ. . အမိန့်ချမယ်။ ဘယ်သူမှာမှ ဘာမပြစ်မှုမရှိဘဲ တရားရုံးကို အလုပ်ရှုပ်အောင်လုပ်တဲ့ ရှေ့နေဘိုးစံကွား။ နောင် တရားရုံးကို မထီတရီ မလုပ်ရဲအောင် အချုပ်တစ်သက် လွတ်ရက်မရှိ ကျခံစေ'

'ဟင်. . အောင်မငီး'

တရားစီရင်ပွဲကား ပြီးလေပြီ။ ရှေ့နေများ၊ တရားသူကြီးများလည်း မည်သည့်အရာကိုဆောင်၍ မည်သည့်အရာကိုရှောင်ရမည်ကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း သိရှိမှတ်သားရသွားကြပေပြီ။ တရားရုံးထဲတွင်ပရိသတ်များစဲသွားပြီ။ ဤအမှုကိုဖြစ်မြောက်အောင် အဓိက တွန်းအားပေးခဲ့သော ကျွန်ုပ်မောင်ပိန်းပေါင်ကား ဆရာ့ဒုက္ခကို မကြည့်ရက်နိုင်သဖြင့် သာမန်ပရိသတ်များနှင့်ရောနှောကာ ကိုယ်ရောင်ဖျောက်ထွက်ခဲ့ရပေတော့၏။ ကျွန်ုပ်ရှေ့၌ တစ်ယောက်လက်တစ်ယောက်ကိုဆွဲကာ ကသုတ်ကရက်နှင့် ထွက်သွားသော တရားလိုမောင်ရဲကြီးနှင့် တရားပြိုင်မောင်ဝကြီးအား လျှပ်တပြက်



မြင်မိသေးသည်။ သူတို့လည်း တစ်ယောက်နှင့်တစ်ယောက် အထင်လွဲတိုင်မိရာမှ သဘောမှန်သိသွားပြီး ချစ်သွားကြဟန်တူသည်။ ရဲသားနှစ်ဦးကြား အာမခံမည့် ကယ်မမည့်သူကို ကလယ်ကလယ်နှင့်ရှာရင်း ဘိုးစံကွားကား ကန့်လန့်ကန့်လန့်နှင့် ပါသွားလေပြီ။

ဤသူကား အတတ်ပညာစွမ်းသူပါပေ။

xxxx

● အဆွေတော်

ကြော်ငြာ

ခေတ်အဆက်ဆက်
အရစ်တက်နေ
အချစ်သက်သေ။ ။

အသစ်စက်စက်
သစ်ရွက်လှေ ဗီဒီယို
ရိုက်တော့မယ်တဲ့ခင်ဗျ။ ။



အတွေးလက်ဆောင်



# လာထား ကြက်တစ်ကောင်

မိန်းမကြောက်သူတွေဟာ လူစွမ်းလူစမဲ့နေသူတွေပဲလို့ လျှောက်တင်လိုက်တဲ့အမတ်ကြီးစကားကို ဘုရင်ကသိပ်သဘောကျ တာနဲ့ လိုရာဆုတစ်ခုတောင်းစေတယ်။ အမတ်ကြီးက. .

"ထွေထွေထူးထူးဘာမှမလိုချင်ပါဘူး၊ တိုင်းပြည်တွင်းက မိန်းမ ကြောက်သူတွေကို ကြက်တစ်ကောင်စီ အခွန်ကောက်ခွင့်သာပေးသနား ပါ"

လို့ တောင်းဆိုတော့ ဘုရင်ကြီးကလည်း ကောက်စေပေ့။

အမတ်ကြီးက အမိန့်တော်နဲ့အရပ်ထဲထွက်တယ်။

နေမွန်းမတည့်မီမှာပဲ ကြက်ခြင်းကြီးငယ်တွေနဲ့ ကြက်တွေ အပြည့်အသိပ်ထည့်ပြီး ပြန်ရောက်လာတယ်။ ဘုရင်က. .

"ဟ. . အမတ်ကြီး ငါ့တိုင်းပြည်မှာ မိန်းမကြောက်တဲ့သူ ဒီလောက်တောင်များသလားဟ နေမွန်းတောင်မတည့်သေးဘူး ကြက် တွေအများကြီးရလာတယ်၊ ဒါဟာ လူစွမ်းလူစမဲ့သူတွေသိပ်များတာပဲ ဆိုတဲ့အဓိပ္ပာယ်ရတယ် မကောင်းဘူး. . မကောင်းဘူး"

အမတ်ကြီးက ဘုရင်နားကပ်၍ အသံကျယ်ကျယ်နှင့်

"အဲဒါ အသာထားပါဦး မင်းကြီးရယ်၊ ထပ်ကောက်ရင် အများ ကြီးကိုရဦးမှာ ခုပြန်လာတာ အဲဒီကိစ္စမဟုတ်ဘူး ဟိုဘက်ရွာမှာ မြာ အနိပ်တစ်ပွေတွေ့လို့ မင်းကြီး'တော်'ကောက်ချင်ကောက်လို့ရအောင် သတင်းလာပို့တာ"

ဘုရင်က မျက်လုံးပြူးသွားပြီး. .

"ဟဲ့ ဘယ့်နှယ် အော်ကျယ်ဟစ်ကျယ်လုပ်ရတာလဲ မိဖုရား ကြီး နားပေါက်သွားမှဖြင့်"

အမတ်ကြီးက မိန့်မိန့်ကြီးပြုံး၍

"လာထား ကြက်တစ်ကောင်"

●ဇီဝနိုင်

# အိုင်ဒီယာဘကျော်

ပေါ်တင်ကြိုးမွှားရေး



မသောင်းဟာန် အလုပ်တစ်ခုလုပ်ချင်သည် ပြော၍ ကြိုတင်ဖုန်းဆက်ထားသောကြောင့် မြို့ထဲမှာနေသော အစ်မတစ်ယောက်မှ ကိုဘကျော်ကို ငွေ(၂၀၀၀၀၀) ထုတ်ပေးလိုက်လေသည်။

ထိုငွေ(၂၀၀၀၀၀)ကို ပိုက်၍ အိမ်ပြန်ရန် ကိုဘကျော် ကားမှတ်တိုင်သို့ လျှောက်လာခဲ့သည်။ ဈေးတစ်ခုအနား အရောက်မှာတော့. .

"လာထားနော်၊ ဆိတ်သား တစ်ပိဿာ သူများလို(၈၀၀၀) မရောင်းဘူး၊ (၂၀၀၀)ထဲ၊ ဟောဒီက မှန်ကြီးဆိုတဲ့ သောက်သုံးမကျတဲ့အကောင်က ခွေးမို့လို့ သူများလို(၈၀၀၀) မရောင်းဘဲ (၂၀၀၀)နဲ့ရောင်းပစ်နေတာ။ စိတ်ဝင်စားရင် လာထား။ သူများလို (၈၀၀၀) မရောင်းဘူး၊ သောက်သုံးမကျတဲ့ မှန်ကြီးတို့က ခွေးသူတောင်းစားမို့(၂၀၀၀)နဲ့ရောင်းပစ်တာ၊ လာထားနော်၊ သူများလို (၈၀၀၀) မရောင်းဘူး၊ လတ်လတ် ဆတ်ဆတ်ကြီးတွေ တစ်ပိဿာလုံးမှ (၂၀၀၀)ထဲ"

ထိုအသံကြောင့် ကိုဘကျောက်ခြေလှမ်းများရပ်တန့်သွားသည်။ အသံလာရာကို လှမ်းကြည့်လိုက်တော့ ဈေးဝင်းအတွင်း အသားငါးဆိုင်ခန်းတွေနှင့် ခပ်လှမ်းလှမ်းမှာရှိသောခြံစည်းရိုးအနားတွင် လူတစ်ယောက် ပုဆိုးကိုခါးတောင်းကျိုက်၍ အာပေါင်အာရင်းသန်သန်နှင့် ဆိတ်သားအော်ရောင်းနေတာကို တွေ့လိုက်ရသည်။ သူ့ရှေ့မှာလဲ ဆိတ်သားပုံကြီးက နည်းနည်းနောနောမဟုတ်။ ဝယ်သူမှာလည်း တန်ဖိုးနည်းလျှင်အထင်သေးခံရသောခေတ်ကြီးကို အားကျ၍လားမသိ။ သူ့ဆိုင်ရှေ့မှာ သိပ်မတွေ့ရ။

အိုင်ဒီယာဘကျောက် တစ်ချက်စဉ်းစားလိုက်သည်။ ပြီးနောက် သူ အကြံတစ်ခုရသွား၍ ဈေးထဲဝင်ကာ အသားငါးတန်းများတွင် မယောင်မလည်နှင့် ဆိတ်သားဈေးစုံစမ်းကြည့်သည်။ တစ်ပိသာ(၈၀၀၀)တစ်ပြားမှမလျှော့။

ထို့ကြောင့် ကိုဘကျောက် ဆိတ်သားသည်မှန်ကြီးဆိုသူကို သနားသွားသည်။

"ဒီကောင့်နှယ်. . ဈေးနည်းရင်လူအထင်သေးခံရတဲ့ခေတ်ကြီးအကြောင်း မသိသေးဘူးနဲ့တူတယ်။ သူများ ၁ပိသာ(၈၀၀၀)မရောင်းချင်ရင်တောင် (၈၅၀၀)လောက်တော့ရောင်းပေ့။ အခုတော့ တစ်ပိသာ(၂၀၀၀)တဲ့အေးလေ. . ဒါဟာလဲ သူပြောသလို သောက်သုံးမကျ၊ ခွေးလိုမိုက်တဲ့ကောင်မို့လို့တော့မဖြစ်နိုင်ဘူး။ သူ့ရဲ့ရိုးသားမှုနဲ့စေတနာက ဦးဆောင်နေလို့ပဲဖြစ်ရမယ်။ ဘာပဲဖြစ်ဖြစ်ပါလေ။ မသိသူကျော်သွား၊ သိသူကလော်စား၊ အဲလေဖော်စားဆိုတဲ့စကားအတိုင်း ကိုယ်ကတော့ မင်းကို **Sorry**လို့ပဲ ပြောလိုက်ပါရစေ။ ဟဲဟဲ ဒါမှလဲ အိုင်ဒီယာဘကျောက်ပီသတော့မကိုးကွ"

ထိုအတွေးကြောင့် ကိုဘကျောက်မျက်နှာ ပြုံးဖြီးဖြီးကြီးဖြစ်သွားသည်။ ပြီးနောက် ဆိတ်သားသည်နားခန့်ခန့်ကြီးသွား၍ ရှိသမျှဆိတ်သားအားလုံးကို ချိန်ခိုင်းလိုက်သောအခါ ဆိတ်သားသည်မှန်ကြီးဆိုသူ သူ့ကိုတအံ့တသြပြန်ကြည့်၍. .

"ဆ. . ဆရာ တကယ်ပြောနေတာလား"

ကိုဘကျောက် မိန့်မိန့်ကြီးပြန်ဖြေလိုက်သည်။

"တကယ်မဟုတ်ဘူး နှစ်ကယ် မင်းဆီမှာရှိတဲ့ဆိတ်သားမှန်သမျှ



●သူ့ရှေ့မှာလည်း
ဆိတ်သားပုံကြီးက
နည်းနည်းနောနောမဟုတ်၊
ဝယ်သူမှာလည်း တန်ဖိုးနည်းလျှင်
အထင်သေးခံရသောခေတ်ကြီးကို
အားကျ၍လားမသိ၊
သူ့ဆိုင်ရှေ့မှာ သိပ်မတွေ့ရ၊

တစ်ပိသာ(၂၀၀၀)နဲ့အကုန်ချိန်။ ပြီးတော့ မင်းဆီကဆိတ်သား ဘယ်သူ့ကိုမှမရောင်းဘဲ နောက်ထပ်(၄)ရက်တိတ် ငါ့ကိုပဲရောင်းပါ့မယ်ဆိုတဲ့ ကတိစာချုပ်ပါ တစ်ခါတည်းချုပ်မယ်"

ထိုစကားကြောင့် မှန်ကြီးမျက်နှာ နေအထိခံထားရသောမြက်နုသဖွယ်ညှိုးငယ်သွားပြီး. .

"အဲလိုတော့မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော့်မှာလဲ တခြားဖောက်သည်တွေကရှိ"

သူ့စကားမဆုံး။ ကိုဘကျောက်လေသံမာမာနှင့်. .

"မလိုချင်ဘူး ဟေ့ကောင်။ အဲဒီလေးရက်ကို မင်းစာချုပ်မချုပ်နိုင်ရင် အခုလည်း ငါမဝယ်တော့ဘူး"

ပြောပြောဆိုဆို ကိုဘကျောက်အနားမှ လှည့်ထွက်ရန်ပြင်သည်။ မှန်ကြီး ကပျာကယာပြန်လိုက်ဆွဲပြီး၊

"နေ. . နေပါဦး ဆရာရယ်"

"ဘာလဲကွ"

"ဟိုလေ ဆရာက အဲဒီလေးရက်အဆင်ပြေရင် နောက်ကော အားပေးဦးမှာလား"

“ဒါပေါ့ကွ. . အဲဒီလေးရက်က အစမ်းသဘောမျိုးပဲ၊ အဆင်ပြေရင် နောက်ပိုင်း မင်းနဲ့ငါတိုက်ဆောက်ကားစီးလို့ရပြီ”

ကိုဘကျော်ခန့်ခန့်ကြီးပြောလိုက်သောစကားကို ဆိတ်သားသည်လေး အပြည့်အဝယုံကြည်သွားပုံရသည်။ ဆုံးဖြတ်ချက်ကို ချက်ချင်းချပြီးသွားသလို မျက်နှာကြီးပြုံးရွှင်လာပြီး။

“ဒါဆိုလဲ လုပ်. . ဆရာရယ်။ ကျွန်တော်နေ့စဉ်ပေါ်တဲ့အတိုင်း တစ်ရက်ကို အချိန်(၂၀)နှုန်းနဲ့ လေးရက်စာ တစ်ခါတည်းစာချုပ်ပေးလိုက်မယ်”

“အေး ဒီလိုလုပ်စမ်းပါကွ”

ထို့နောက် နှစ်ယောက်သား လေးရက်စာဆိတ်သားအရောင်းအဝယ်အတွက် စာချုပ်ကြသည်။ ငွေကိုလဲ ကိုဘကျော်သိက္ခာအကျခံပြီး အကြွေးမထား။ ဒီနေ့စာအပါအဝင် အချိန်နှစ်ဆယ်နှုန်းနှင့်လေးရက်စာ စာချုပ်အတွက်ပါ ငွေ(၂၀၀၀၀၀)‘ဖတ်ခနဲ’ချပေးလိုက်သည်။

ဖြစ်ချင်တော့ ကိုဘကျော်ပြန်ခါနီးမှသိရသည်မှာ ဆိတ်သားသည်လေးမောင်မှန်ကြီးသည် ဒီရပ်ကွက်အတွင်းရှိ သူ့အစ်မတို့ခြေရင်းအိမ်မှာနေကာ မယားအိုကြီးနှင့်သူ့ထက်လေးနှစ်စီကြီးသော သားငါးယောက်ကိုရှာကျွေးနေရတာတဲ့လေ။

စိတ်ထဲမှာတော့ မကောင်း။

ဒါပေမယ့် ကိုဘကျော် ပြုံးဖြီးဖြီးနှင့်လှည့်ပြန်လာခဲ့သည်။

× × ×

ကိုဘကျော် သွေးများရဲဗလောင်းခတ်နေသောဆာလာအိတ်တစ်လုံး ဆိုက္ကားပေါ်တင်၍ အိမ်ပြန်ရောက်လာခဲ့သည်။ သူ ဆာလာအိတ်ကို အိမ်ပေါ်ဆွဲတင်၍ အနားရောက်လာသောမသောင်းဟန်ကို အစအဆုံး ပြန်ရှင်းပြလိုက်တော့။

“တော် အဲဒီလိုလုပ်လာတာကတော့ ဟုတ်ပါပြီ။ ဒါတွေကို ဘယ်သူကသွားရောင်း”

မသောင်းဟန်စကားမဆုံး ကိုဘကျော်စိတ်ပျက်သွားသလို မျက်နှာပေးနှင့်



“ဟား. . မင်းပဲရောင်းရမှာပေါ့ကွ။ သွားရောင်း အချိန်လေးရှိတုန်းအခုပဲသွားရောင်းလိုက်။ တစ်ပိဿာ(၈၅၀၀)တစ်ပြားမှမလျှော့နဲ့။

“တော့်ဟာက မဟုတ်သေးပါဘူး”

“ဘာမဟုတ်ရမှာလဲကွ”

“ဟောတော်. . ဈေးထဲမှာ တစ်ပိဿာ(၈၀၀၀)နဲ့ရောင်းနေတာ . . တော့်ဟာက (၈၅၀၀)ဆိုတော့ ဘယ်သူက ဝယ်မှာတုန်း”

မသောင်းဟန်စကားကြောင့် ကိုဘကျော် အတော်လေးကို စိတ်ပျက်သွားပြန်သည်။

“အဲဒါပြောတာပဲ၊ အကြံတုံး ဉာဏ်တုံးလို့ပြောတော့လဲ မကြိုက်ပြန်ဘူး။ ဦးနှောက်ကိုအလုပ်ပေးပါ ပေးပါဆိုတော့လဲ နားထင်ပေါ်လက်ထောက်ပြီး ချီးဖို့လောက်ပဲသိတယ်။ ဒီပုံစံအတိုင်းဆိုရင် မင်းတို့ဘယ်လိုလုပ်ပြီး ကြီးပွားတိုးတက်နိုင်မှာလဲ။ ဒီမှာ အသေအချာမှတ်သွား၊ သူများထက်ဈေးပိုရောင်းချင်ရင် သူများလို ဘယ်တော့မှလက်ငင်းမရောင်းရဘူး။ တစ်ပတ်တန်သည် နှစ်ပတ်တန်သည် ဆိုင်းပစ်ခဲ့ ဒီကြားထဲ အဆင်မပြေရင်လဲ တတ်နိုင်သလောက်လာပေးပါလို့ပြော”

“ဟဲ့ သောင်းဟန်မ ငါပြောတာကြားလား”

ကိုဘကျော် သူပြောတာကို မျက်လုံးပြူးကြီးနှင့် နားသောတဆင်နေသော မသောင်းဟန်ကိုစိတ်မရှည်သလို လှမ်းအော်ပစ်လိုက်သည်။ မသောင်းဟန်လန့်သွား၍. .

“ကြားပါတယ်တော့၊ သေမလို့ အဲလောက်အော်နေရတာလား”

“အေး. . ကြားရင်လဲ ဆိတ်သားတွေယူပြီး အမြန်သာဒိုးတော့”

သူ့စကားဆုံးသည်နှင့် မသောင်းဟန် မျက်စောင်းတစ်ချက်လှမ်းထိုးသည်။ ပြီးနောက် ပြင်ဆင်စရာရှိတာများပြင်ဆင်၍ ဆိတ်သားဗန်းခေါင်းရွက်ကာ ရပ်ကွက်ထဲထွက်သွားလေသည်။

အိုင်ဒီယာဘကျော်မှာတော့ မကြာခင် သူဌေးဖြစ်တော့မည့်သူ့ရဲ့ အကြံအစည်များကိုပြန်တွေးကာ ပီတိတွေဖြစ်နေသည်။

သိပ်တော့မကြာလိုက်။

အတိအကျဆိုရလျှင် မသောင်းဟန်ဆိတ်သားရောင်းထွက်သွားပြီး (၄၅)မိနစ်ကျော်ကျော်လောက်မှာ စိတ်ကူးထဲတွင် တိုက်နှစ်လုံး၊ ကားခြောက်စီး ပိုင်ဆိုင်နေပြီဖြစ်သော ကိုဘကျောက်ရှေ့သို့ ရပ်ကွက်ရုံးမှပြာတာကလေး မောင်မြငွေ ရောက်လာလေသည်။

"ကိုဘကျောက် ခင်ဗျားကို ဥက္ကဋ္ဌခေါ်ခိုင်းလိုက်လို့"

မကြာခင် ဤရပ်ကွက်ကိုစွန့်၍ ရွှေတောင်ကြားမှာတိုက်နှစ်လုံး သွားဝယ်တော့မည့်သူမို့ ကိုဘကျောက်မျက်နှာကို ခပ်တင်းတင်းလုပ်လိုက်ပြီး။

"ဘာကိစ္စလဲ"

"ဘယ်သိမလဲဗျာ၊ သိချင်ရင်လိုက်ခဲ့၊ ဟိုမှာ ခင်ဗျားမိန်းမလည်း စောင့်နေတယ်"

ထိုစကားကြောင့် ကိုဘကျောက်ခေါင်းထောင်သွားသည်။ နောက်သူမျက်မှောင်များကြုတ်၍ စဉ်းစားသော်လည်းအဖြေကထွက်မလာ။

ဒါကြောင့် ကားခြောက်စီးပိုင်တော့မည့်သူမို့ ကိုဘကျောက် ဆိုက္ကားခ (၅၀)တန်ခရီးကို ငွေ(၂၀၀)'ဖတ်ခနဲ'ထုတ်ပေး၍ ရပ်ကွက်ရုံးသို့ခန့်ခန့်ကြီး လိုက်သွားလေသည်။

× × ×

ဟိုရောက်တော့ ရပ်ကွက်လူကြီးများရှေ့တွင် အမိမဲ့သား ရေနည်းငါးသဖွယ် မျက်လုံးလေး ကလယ်ကလယ်၊ ပါးစပ်ကလေး ဟစိဟစိဖြစ်နေသော မသောင်းဟန်ကိုတွေ့လိုက်ရသည်။ အနားမှာလည်း ဆိတ်သားများထည့်ထားသည့် ကျွတ်ကျွတ်အိတ်လေးတွေကိုင်၍ အမျိုးသမီးတော်တော်များများ ရပ်နေကြသည်။ မျက်နှာတွေကတော့ တစ်ခုခုကို မကျေမနပ်ဖြစ်နေကြသည့်ပုံ။

"ဘာဖြစ်နေကြတာလဲဟင်"

ထိုသို့မေး၍ ကိုဘကျောက်အနားရောက်သွားသည်။ ဥက္ကဋ္ဌက တစ်ခုခုပြောမည်အလုပ် စိတ်မထိန်းနိုင်တော့သည့် အမျိုးသမီးတစ်ဦးမှ. .

"ဘာဖြစ်ရမလဲ တော့်မိန်းမလေ ကျုပ်တို့ကို ဆိတ်သားဆိုပြီးခွေးသားတွေကို လိမ်ရောင်းတယ်"



"ဟုတ်တယ်. . ကျွန်မတို့လည်း အဟုတ်မှတ်ပြီးဝယ်လိုက်တာ ဟောဒီမှာကြည့် ခွေးခေါင်းကြီး အစွယ်ကြီးကိုပြူးလို့"

"အို့အေ ညည်းဟာက ဘာဟုတ်သေးလဲ။ ငါ့မှာက ခွေးခြေထောက်ကြီးပါလာတာ။ ဘယ့်နှယ် လက်ဆိုတော်သေး"

တစ်ယောက်တစ်ပေါက်ထွက်ပေါ်လာသော စကားသံများနှင့်အတူ သက်သေအဖြစ်ထုတ်ပြထားသော ခွေးခေါင်းကြီးနှင့် ခွေးခြေထောက်များကို ကြည့်၍ ကိုဘကျောက် ကြက်သေ၊ ဘဲသေတင်မက မန်ဒါလီသေပါသေသွားသည်။

"ကဲ ဘကျောက် အဲဒီပြဿနာ မင်းဘယ်လိုရှင်းမလဲ။ အေး. . မရှင်းနိုင်လို့ကတော့ လင်မယားနှစ်ယောက်လုံး အချုပ်ထဲဝင်ဖို့သာပြင်"

ဥက္ကဋ္ဌစကားသံကြောင့် ကိုဘကျောက်သတိပြန်ဝင်သွားသည်။ မသောင်းဟန်ကိုပြန်ကြည့်လိုက်တော့ ခုနလိုမဟုတ်တော့ဘဲ သူ့ကိုစားမတတ် ဝါးမတတ်ကြည့်နေ၏။

ထိုအချိန် ကိုဘကျောက်နားထဲ အသံတစ်ခုပြန်ကြားလိုက်ရသည်။ ထိုအသံကတော့. .

"လာထားနော်၊ ဆိတ်သားတစ်ပိဿာ သူများလို(၈၀၀၀)မရောင်းဘူး။ (၂၀၀၀)ထဲ၊ ဟောဒီက မှန်ကြီးဆိုတဲ့ သောက်သုံးမကျတဲ့အကောင်က ခွေးမို့လို့ သူများလို(၈၀၀၀)မရောင်းဘဲ (၂၀၀၀)နဲ့ရောင်းပစ်နေတာ။ စိတ်ဝင်စားရင်လာထား၊ သူများလို(၈၀၀၀)မရောင်းဘူး၊ သောက်သုံးမကျတဲ့မှန်ကြီးတို့က ခွေးသူတော်ကောင်းစားမို့(၂၀၀၀)နဲ့ရောင်းပစ်တာ။ လာထားနော်၊ သူများလို (၈၀၀၀) မရောင်းဘူး၊ လတ်လတ်ဆတ်ဆတ်ကြီးတွေ တစ်ပိဿာလုံးမှ (၂၀၀၀)ထဲ"

● ဒိုင်ဒီယာဘကျော်

မေးလိုက်ရင် လူတိုင်းဒုက္ခနဲ့ချည်းပဲ။
ကျွန်တော်တို့နေထိုင်နေတဲ့ကမ္ဘာကြီးက တခြားကမ္ဘာတစ်ခုရဲ့
ငရဲပြည်ဆိုတဲ့နေရာများလား။



# ဂြိုလ်ကော် ဆငှမထပ်

မြို့တစ်မြို့တွင် ထူးခြားသောစတိုးဆိုင်ကြီးတစ်ခုကို ဖွင့်လှစ်

လင်ယောက်ျားမျိုးစုံကို သပ်ရပ်စွာခင်းကျင်းထားပြီး တစ်ထပ်တက်တိုင်း ပိုမိုနှစ်လိုဖွယ်ကောင်းသော လင်ယောက်ျားများရရှိနိုင်သည်။ ကြိုက်နှစ်သက်သောအထပ်သို့ တိုက်ရိုက်ဝင်ရောက်ရွေးချယ်နိုင်သည်။ သို့ရာတွင် အပေါ်ထပ်သို့ဆက်တက်မည်ဆိုလျှင် ထွက်လာခဲ့သောအထပ်သို့ ပြန်လည်ဝင်ရောက်ခွင့်မရှိပေ။ စတိုးဆိုင်အပြင်သို့ထွက်ရန်မှအပ အောက်ထပ်သို့ ပြန်လည်ဆင်းခွင့်မရှိပေ. . .။

သို့နှင့်

အမျိုးသမီးငယ်တစ်ယောက်သည် လင်ယောက်ျားရှာရန်အတွက် ထိုစတိုးဆိုင်ကြီးသို့ ရောက်ရှိလာခဲ့သည်။

ပထမထပ် တံခါးဝတွင် တွေ့ရသော ဆိုင်းဘုတ်၌

"ပထမထပ်- အလုပ်ရှိသော ယောက်ျားများ"

အမျိုးသမီးက ဆိုင်းဘုတ်ကိုဖတ်ပြီး

"အင်း. . ဒါက ငါ့ရဲ့နောက်ဆုံးရည်းစားထက်တောင် ပိုကောင်းနေသေးတယ်၊ ဒါပေမယ့် နောက်ထပ်ဘာတွေရှိဦးမလဲ ကြည့်လိုက်ဦးမယ်လေ"

ဟုဆိုကာ နောက်တစ်ထပ်သို့ ဆက်တက်သွားသည်။

ဒုတိယထပ်တွင် ရေးထားသည်က

"ဒုတိယထပ်-အလုပ်ရှိပြီး ကလေးများချစ်တတ်သော ယောက်ျားများ"

အမျိုးသမီးက

"အင်း. . ဒါလဲကောင်းတာပဲ. . နောက်ထပ် ဘာများကျန်သေးလည်းဆိုတာသိချင်လိုက်တာ. . "

သို့နှင့် နောက်တစ်ထပ်ဆက်တက်သွားပြန်သည်။

တတိယထပ်တွင်ရေးထားသည်မှာ

"တတိယထပ်-အလုပ်ရှိပြီး ကလေးချစ်တတ်သော အင်မတန်မှကြည့်ကောင်းသော ယောက်ျားများ"

အမျိုးသမီးမှာ ပို၍အံ့အားသင့်သွားပြီး အပေါ်ထပ်သို့ဆက်သွားရန်အားသန်လာသည်။



ဤသို့ဖြင့် စတုတ္ထထပ်သို့အရောက်. . တံခါးဝတွင်ရေးထားသည်မှာ

"စတုတ္ထထပ်-အလုပ်ရှိပြီး ကလေးချစ်တတ်သော ချွဲမက်ဖွယ်ယောက်ျားများ အိမ်အလုပ်များကိုပါ ကူညီလုပ်ကိုင်ပေးသည်"

"အို"

အမျိုးသမီးမှာ အံ့သြလွန်း၍ အသံထွက်ပြီး ရေရွတ်မိသည်အထိဖြစ်သွားသည်။

"အင်မတန်ကောင်းတာပဲ နောက်ထပ် ဘာတွေများထပ်တိုးလာမလဲ သိရအောင် နောက်တစ်ထပ်ကိုတက်ကြည့်ဦးမှ"

ဟုဆိုကာ အပေါ်ထပ်သို့ စိတ်အားထက်သန်စွာဖြင့် ချီတက်သွားလေသည်။

ငါးထပ်မြောက်တွင်ရေးထားသည်မှာ

"ပဥ္စမထပ်-အလုပ်ရှိပြီး ကလေးချစ်တတ်သော လွန်စွာရုပ်ရည်ချောမောပြီး အိမ်အလုပ်များကိုဝိုင်းကူသည့်အပြင် ကြည်နူးဆွတ်ပျံ့ဖွယ် ချစ်မှုရေးရာတွင်ထက်သန်သောယောက်ျားများ"

ဟု ရေးသားထားသည်ကို တွေ့ရသည်။

"အို. . ငါတော့ ကော်တာပဲ"

"ဒါပေမယ့် တစ်ထပ်ကျန်သေးတယ်၊ အဲဒီမှာ ဒီထက် ပိုကောင်းတာတစ်ခုခုတော့ ငါ့ကိုမျှော်လင့်နေမှာ အမှန်ပဲ"

ဟုဆိုကာ ၆ထပ်မြောက်သို့ ဆက်တက်သွားသည်။

ခြောက်ထပ်မြောက်တွင် ရေးထားသည်မှာ

"ဆဋ္ဌမထပ်-သင်သည် ဤအထပ်၏'၉၅၇၈၉၉' ယောက်မြောက်ညသည်ဖြစ်သည်။ ဤအထပ်တွင် မည်သည့်ယောက်ျားမျှမရှိပါ။ ဤအထပ်သည် မိန်းမများအား ရောင့်ရဲကျေနပ်စေရန် မည်သို့မျှမဖြစ်နိုင်ကြောင်း သက်သေပြရာအထပ်ဖြစ်သည်"

ဟု ရေးသားထားသည်ကို သာ တွေ့ရသည်။

● ဂြိုလ်တော်


မျိုးကိုမျိုး
ဒေါ်ငွေသက်သက်

# အောင့်သက်သက်

ကျွန်တော့်ကံကလည်း ဘယ်လိုမှန်းမသိပါဘူး။ အလုပ်ကို တစ်ခုတည်းလုပ်ရတာမျိုးရှားပါတယ်။ နှစ်ခုသုံးခု ပြိုင်လုပ်ရတာမျိုးကို မကြာခဏကြုံရလေ့ရှိပါတယ်။

အခုလည်းကြည့် ပန်းချီဝင်းမောင်(**AZ**)က ဖက်ရှင် ဂျာနယ်တစ်စောင် လုပ်ချင်တယ်။ တာဝန်ယူပေးပါဆိုတာနဲ့ ကျွန်တော် ခေါင်းညိတ်လက်ခံပြီး လုပ်ကိုင်ပေးနေတုန်းမှာပဲ ရွှေသမင်စာပေနဲ့ ကျွန်တော့်လုံးချင်းဝတ္ထုတွေ စာချုပ်ချုပ်ပြီး ထုတ်ဝေဖို့ကလည်း ဖြစ်လာပါတယ်။

အစကနဦးကတော့လည်း တစ်ဖက်ကဂျာနယ်လုပ်ပြီး တစ်ဖက်က စာရေးလည်းဖြစ်တာပဲလို့ ကျွန်တော်ပေါ့ပေါ့ပဲတွေးမိတယ်။ ဒါပေမယ့် ကျွန်တော့်မှာ အဲဒီလောက် ပါရမီမရင့်သန်မှန်း လုပ်ကြည့်မှသိရပါတယ်။

ဂျာနယ်အလုပ်ဆိုတာကလည်း အများသားရယ် သတင်းဦးမို့ သတင်းထူးမို့ တင်ပြပုံဆန်းသစ်ဖို့အပြင် စာနယ်ဇင်းပွဲတွေကိုလည်း မပြတ်တက်ရပါသေးတယ်။ မိုးလင်းမိုးချုပ် ဂျာနယ်ကိစ္စတွေနဲ့ပဲလုံးပမ်းနေရတဲ့အခါ လုံးချင်းဝတ္ထုရေးဖို့မပြောနဲ့၊ ဝတ္ထုတိုဘက်တောင် မလှည့်နိုင်ပါဘူး။

ဒီမှာတင် ကျွန်တော်ဘာသဘောပေါက်လိုက်သလဲဆိုတော့ စာနယ်ဇင်း အလုပ်ဆိုတာ သူများအတွက် လုပ်ပေးနေရတာပဲလို့ ဒါကြောင့် ကျွန်တော်လည်း ကျွန်တော့်အလုပ်ဖြစ်တဲ့ စာရေးခြင်းအလုပ်ကို ပြန်လုပ်နိုင်ဖို့ ပြင်ဆင်ရတယ်။ တစ်ဖက်မှာလည်း စာချုပ်ကရှိသေးတယ် မဟုတ်လား။

ဒါနဲ့ ကျွန်တော်လည်း ရန်ကုန်မှာဆိုရင် စာရေး ဖြစ်မှာမဟုတ်ဘူး။ နယ်ထွက်မှပဲရေးဖြစ်မယ်ဆိုတာ သဘောပေါက်လိုက်ပြီး ဂျာနယ်ကို



အယ်ဒီတာအဖွဲ့ထဲဝကွက်အပ်ခဲ့ပြီး ခရီးရက်ရှည်ထွက်လိုက်ပါတော့တယ်။ အဲဒီအချိန်မှာ လုံးချင်းဝတ္ထု(၂)အုပ်၊ ဝတ္ထုတိုပေါင်းချုပ်(၂)အုပ်၊ ကဗျာ(၁)အုပ်နဲ့ ပို့စ်မော်ဒန်ပုံပြင်များဆိုတဲ့ စာအုပ်(၁)အုပ် ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်ခရီးထွက်ပြီဆိုတာနဲ့ ဂျာနယ်မဂ္ဂဇင်း စာမျက်နှာအချို့မှာ သတင်းတစ်ပုဒ်အနေနဲ့ ဖော်ပြပေးကြပါတယ်။

ဒါကလည်း. . . စာပေစာနယ်ဇင်းမိသားစု စိတ်ဓာတ်နဲ့ ကျွန်တော့်အတွက်ပိုင်းလုပ်ကိုင်ပေးကြတဲ့သဘောပါ။ ရွှေမျက်လုံးဖက်ရှင်ဂျာနယ်ရဲ့ အယ်ဒီတာချုပ်လည်း ဖြစ်သလို စာရေးဆရာတစ်ယောက်လည်းဖြစ်တဲ့ ကျွန်တော့်ကို စာဖတ်ပရိသတ်တွေ သတိထားမိပြီး ကျွန်တော်ရေးတဲ့ လုံးချင်းဝတ္ထုတွေ အချိန်တိုအတွင်း ပရိသတ်လက်ထဲ ရောက်ရှိနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီပေးကြတာပါ။ ဒီအတွက် ကျွန်တော့်ဘက်ကလည်း ကျေးဇူးတင်ရပါတယ်။ အထူးသဖြင့် ကျွန်တော့်ကို ညီငယ်တစ်ယောက်လို သဘောထားဆက်ဆံတဲ့ ဆရာမြတ်ခိုင်ဟာ သူ့ရဲ့ ဂျာနယ်တွေဖြစ်တဲ့ အချစ်ဂျာနယ်၊ မဟာဂျာနယ်တွေကနေ တစ်ဆင့် ကျွန်တော့်ရဲ့သတင်းတွေ ကျွန်တော်ရေးတဲ့ဝတ္ထုတွေနဲ့ပတ်သက်ပြီး အများဆုံးဖော်ပြအကူအညီပေးသူပါ။ ပေါ်ပြူလာ၊ အလင်းတန်း၊ သတင်းစုံ၊ အင်တာဗျူးဂျာနယ်တွေ ရဲ့ကျေးဇူးတွေလည်း ကျွန်တော့်အပေါ်မှာရှိပါတယ်။

ဒီလိုနဲ့ ကျွန်တော်လည်း အေးချမ်းသာယာတဲ့ နယ်မြို့လေးမှာ နှစ်လခွဲလောက်ကြာအောင် သွားရောက်နေထိုင်ပြီး စာတွေဖိရေးဖြစ်ပါတယ်။

ကျွန်တော်တည်းခိုနေထိုင်တဲ့ ကျွန်တော့်မိတ်ဆွေရဲ့အိမ်ဟာ မြို့ရဲ့အစွန်ဘက်ကျတာမို့ ပိုပြီးတိတ်ဆိတ်

အေးချမ်းပါတယ်။ ကျွန်တော်လည်း စာရေးရတာ အလွန်အဆင်ပြေပါတယ်။

(၂)လလောက်အကြာမှာတော့ ကျွန်တော်စာလာရေးနေတဲ့သတင်းဟာ တစ်စတစ်စနဲ့ မြို့ပေါ် ရပ်ကွက်အားလုံးလိုလိုက သိသွားပုံရပါတယ်။

ဒီမှာတင် စာရေးစာဖတ် ဝါသနာပါသူ လူငယ်တွေဟာ တစ်ယောက်ချင်းသော်လည်းကောင်း အုပ်စုလိုက်သော်လည်းကောင်း ကျွန်တော့်ဆီကို ရောက်ရှိလာကြပါတော့တယ်။ အများစုကတော့ ကဗျာသမားတွေဖြစ်တာကိုတွေ့ရပါတယ်။

ဒီလိုနဲ့ ကျွန်တော်လည်း သူတို့နဲ့အချိန်ပေးပြီး စကားပြောရပါတယ်။ ငြင်းဆန်ရခက်တဲ့ ထမင်းစားဖိတ်ကျွေးမှုအချို့နဲ့ လက်ဖက်ရည်သောက်ဖိတ်မှုအချို့ကိုလည်း လက်ခံရပါတယ်။ သူတို့ရေးထားတဲ့ ကဗျာတွေကိုလည်း ဖတ်ရပါတယ်။ တချို့ဆိုရင် ကဗျာပုဒ်ရေ တစ်ရာကျော်လောက်အထိအောင်ကို ရေးသားထားတာတွေ့ရပါတယ်။ သူတို့ရေးသားထားတဲ့ကဗျာတွေကို ပေးဖတ်ပြီး လိုအပ်သလို ပြင်ဆင်ပေးဖို့ပြောလာတာကိုတော့ ကျွန်တော်ငြင်းရပါတယ်။ ကျွန်တော်က ကဗျာကိုပြင်လည်း မပြင်တတ်သလို သင်လည်းမသင်တတ်တဲ့အကြောင်းပြောပြီး ကျွန်တော်ဉာဏ်မီသလောက် အကြံပေးပါတယ်။ အားပေးစကားပြောပါတယ်။

ကျွန်တော်နဲ့ တွေ့ဆုံကြုံကြိုက်တုန်း ကဗျာအကြောင်းအပြင် ကျွန်တော်နဲ့ အသက်အရွယ်မတိမ်းမယိမ်းတွေဖြစ်ကြတဲ့ တာရာမင်းဝေ၊ မင်းခိုက်စိုးစန်၊ နီကိုရဲနှင့် အကြည်တော်တို့ရဲ့အကြောင်းတွေကိုလည်း သူတို့ စိတ်ဝင်တစားမေးမြန်းသွားကြပါတယ်။ အဲဒီစာရေးဆရာတွေနဲ့ ခင်သလား၊ ဘယ်သူရေးတဲ့ ဘယ်ဝတ္ထု၊ ဘယ်ဆောင်းပါးကိုတော့ဖြင့် ဘယ်လိုမြင်သည်။ ကျွန်တော့်သဘောထားကရော ဘယ်လိုရှိမလဲ၊ ဘာညာစသည်ဖြင့် မေးမြန်းဆွေးနွေးကြပါတယ်။ ကျွန်တော်လည်း ကျွန်တော်ပြောနိုင်သလောက် ပြောခွင့်ရှိသလောက်တော့ ပြန်လည်ပြောဆိုဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံပွဲတိုင်းမှာ နှစ်ဦးနှစ်ဖက် ကျေနပ်အားရမှုရှိကြပါတယ်။



ဒီလိုနဲ့ ကျွန်တော်လည်း ကျွန်တော်မှန်းထားတဲ့ လုံးချင်းဝတ္ထုအရေအတွက်ကိုရောက်အောင် ရေးသားပြီးစီးသလောက်ရှိပြီမို့ ပြန်ဖို့ပြင်ဆင်ရပါပြီ။

ရန်ကုန်ပြန်ခါနီးမို့ထင်တယ်။ စိတ်ကတက်ကြွလန်းဆန်းပြီး မနက်စောစောအိပ်ရာနိုးနေပါတယ်။ လုံးချင်းဝတ္ထုတွေ မှန်းထားသလောက် ရေးသားပြီးစီးသွားလို့ ဝန်ထုပ်ဝန်ပိုးကြီးပေါ့သွားသလို ခံစားရတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

စောစောစီးစီး တစ်မနက်ခင်းမှာ ရန်ကုန်မှာ မမြင်ရနိုင်တဲ့ တောတောင်သဘာဝအလှတွေကို ကျွန်တော်အားရအောင် ခံစားနေမိပါတယ်။ နောက်ပြီး နှစ်လခွဲလောက်ကြာအောင် စိတ်အေးချမ်းသာနေထိုင်ခဲ့ရတဲ့ မြို့လေးကိုလည်း သံယောဇဉ်ဖြစ်မိပြီး ခွဲခွာရမှာတောင် စိတ်ထဲတစ်မျိုးကြီးဖြစ်ရပါတယ်။

နယ်တွေမှာက စာရေးဆရာတစ်ယောက်အပေါ် အထူးအလေးထားသလို စာပေချစ်စိတ်လည်း တော်တော်လေးကြီးမားတာကိုသတိပြုမိပြီး ကျွန်တော်ပီတိဖြာမိပါတယ်။ ဒါက ရန်ကုန်မှာချည်းပဲနေရင် မသိနိုင်ပါဘူး။ နယ်ဘက်တွေကို ခရီးထွက်မှသိနိုင်တာမို့ ကျွန်တော့်အတွက်တော့ အမြတ်ပါပဲ။

ကျွန်တော်နံနက်စာစားပြီးချိန်လောက်မှာ

ကောင်မလေးနှစ်ယောက်ရောက်လာပြီး ကျွန်တော့်ကို အော်တိုရေးခိုင်းပါတယ်။ ပြောရရင် ကျွန်တော်အော်တို မရေးတတ်ပါဘူး။ အချစ်ဝတ္ထုတွေကိုစောင်းပေးရေးသူတစ်ယောက် အနေနဲ့လည်း ဆုံးမဩဝါဒနဲ့ဆိုင်တာတွေ ဘဝအတွေး အခေါ်နဲ့ ဆိုင်တာတွေ စသည်ဖြင့် ကြီးကြီးကျယ်ကျယ်တွေ ရေးပေးလိုက်ဖို့ရာလည်း ကျွန်တော်လက်မရဲပါ။ ဒါကြောင့် အမှတ်တရအဖြစ် လက်မှတ်လေးပဲ ထိုးပေးလိုက်ပါတယ်။

သူတို့က ကျေးဇူးတင်ကြောင်း ပြောပြီးတဲ့နောက် ကျွန်တော်ရောက်နေကြောင်း သတင်းကြားကတည်းက တွေ့ချင်ပေမယ့် ဘယ်မှာဆိုတာ အတိအကျမသိရတဲ့အတွက် ဒီနေ့ ရောက်ဖြစ်လာကြောင်းပြောပါတယ်။ လည်ပတ်ချင် တဲ့နေရာတွေရှိရင်လိုက်ပို့ပေးမယ့်အကြောင်းပြောပါတယ်။ အင်မတန်ကို ဖော်ရွေပြီး သဘောမနောကောင်းသူတွေမှန်း သူတို့စကားအရ ကျွန်တော်သတိပြုမိပါတယ်။

ဒီလိုနဲ့ ဆက်ပြီးပြောလာတဲ့ သူတို့စကားတွေက၊

"ဒါနဲ့ဆရာက ဘာတွေရေးတာလဲဟင်"

"ဗျာ ဩော် ကျွန်တော် ဝတ္ထုတွေရေးပါတယ်"

"ဩော်. . ဟုတ်လား။ ဒါနဲ့ အတိုရေးတာလား၊ အရှည်ရေးတာလားဟင်"

"ဗျာ ဩော် ကျွန်တော် အတိုရော၊ အရှည်ရော ရေးပါတယ်"

"ဩော် ဟုတ်လား အင်း. . ထင်တော့ထင်သားပဲ စာရေးဆရာဆိုမှတော့ ဝတ္ထုရေးတဲ့စာရေးဆရာပဲဖြစ်ရမယ် လို့ ပြောလို့ပြောတာမဟုတ်ဘူး။ ကျွန်မတို့က ဆရာ့ဝတ္ထု တွေကို တစ်ခါမှမဖတ်ဖူးဘူး သိလား"

"ဗျာ. . ဩော် ဟုတ် ဟုတ်ကဲ့"

သူတို့က ရိုးရိုးသားသားပြောလိုက်ပေမယ့် ကျွန်တော့်



မှာတော့ နင်သွားရပါတယ်။

ကျွန်တော် ဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ် မှာပဲ သူမတို့လည်း နေရာမှထပြီး။

"ဒါဆို ကျွန်မတို့ကို ခွင့်ပြုပါဦးဆရာ"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

"နောင်နှစ်တွေလည်း ကျွန်မတို့မြို့မှာစာလာရေး ဖို့ဖိတ်ခေါ်ပါတယ်နော် ဆရာ"

"ဩော် ဟုတ်ကဲ့ ကျွန်တော်ကြိုးစားပါ့မယ်။ ကျေးဇူးပါပဲ"

သူမတို့နှစ်ယောက် အပြုံးနှင့်ကျောခိုင်းထွက်ခွာဖို့ ပြင်ပြီးမှ တစ်ယောက်က တစ်စုံတစ်ခုသတိရသွားဟန်နဲ့၊

"ဩော်. . ကြည့်ပါဦး။ ကံကောင်းလို့ အရေးကြီး တာမှ မေ့သွားတော့မလို့" လို့ ရေရွတ်ပြီး။

"ဒါနဲ့ ဆရာ့ကလောင်နာမည်က ဘာလဲဟင်"

"ဗျာ ဩော် မျိုးကိုမျိုးပါ"

"ဩော် မျိုးကိုမျိုးတဲ့လား။ မှတ်ရလွယ်သားပဲ ဟိုလေ ရန်ကုန်ကစာရေးဆရာတစ်ယောက် ရောက်နေ တယ်ဆိုလို့သာလာရတာ၊ ဘယ်သူမှန်းလဲမသိ၊ ဆရာ့ကလောင် နာမည်လည်း မကြားဖူးဆိုတော့ အင်း. အခုတော့ လူရော ကလောင်ရော သိသွားပြီပဲ၊ ကျွန်မတို့ အားပေးမယ်သိလား ဆရာ"

"ဩော် ဟုတ် ဟုတ်ကဲ့ ကျေး. . ကျေးဇူးပါပဲ"

ပြောပြောဆိုဆို ထွက်ခွာသွားသောသူမတို့ကို ကြည့်ရင်း ကျွန်တော်လည်း ကိုယ့်အခြေအနေကိုယ် နားလည် သွားရပါတယ်"

● မျိုးကိုမျိုး


ဆူပရာနို
တရားအစ်မများ
ဥပုသ်သွားတော့

# တရားအစ်မများ ဥပုသ်သွားတော့

ဥပုသ်နေ့မို့ မိဘများ ဘုရားအကြောင်း တရားအကြောင်း ဆွေးနွေးနေစဉ် မိဘများအား ဥပုသ်အကြောင်းပြ၍ လိုက်လာကြသော မောင်ချစ်ဆွေနှင့်လှဲလှဲဆွေတို့ ဘုရားစောင်းတန်းတစ်နေရာတွင် ချိန်းတွေ့ရင်း လူငယ်ဘာဝ ကြည်နူးနေကြသည်။

"ဆွေ့မေမေက ဆွေ့ကို ကိုယ်နဲ့သဘောမတူဘူးဆို "

"ဆွေ့မေမေက သဘောကောင်းပါတယ်၊ စိတ်လည်း တအားကောင်း၊ ဆွေ ခေါင်းနဲ့တစ်ချက်ဝှေ့လိုက်ရင်ရတယ်ကိုဆွေရဲ့"

"ဒါနဲ့ပဲ ဆွေ့ကို ရန်ကုန်ကသူဌေးသားတစ်ယောက်နဲ့ ပေးစားတော့မှာမို့ ရန်ကုန်ကိုသွားရတော့မှာဆို"

"အလကားပါ ကိုဆွေရယ် ဆွေက ရန်ကုန်မှာအဝေးသင်သွားဖြေမှာ ဘာသူဌေးသားနဲ့မှမဆိုင်ဘူး"

"ဒါပေမယ့် ကိုယ်ချစ်တဲ့သူကို ဘယ်နည်းနဲ့မှစိတ်မချနိုင်ဘူးလေ ဆွေရန်ကုန်သွားရင် ကိုယ်လည်းလိုက်မယ်၊ ဆွေကြုံလာမယ့် အန္တရာယ်တွေကို ဆွေ့ကိုယ်စား ဆွေအရှေ့က မားမားမတ်မတ် ရင်ဆိုင်ဖြေရှင်းချင်တယ်"

"ကိုဆွေချစ်တဲ့ဆွေက ကိုဆွေအတွက်ပဲဖြစ်ရမယ်. . စိတ်ချ "

xxxx

နယ်မြို့လေး၏ ထုံးစံအတိုင်း ဥပုသ်နေ့တွင် ဆရာရင်း ဒကာရင်းများဖြစ်ကြသဖြင့် ကြားနေကျ ဟောနေကျ တရားကို ငိုက်မြည်းစွာနာကြားပြီးသည့်နောက် ဥပုသ်သည်တချို့က ဆန္ဒအလျောက်ပြန်ချင်ပြန်၊ အချို့ကလည်း အရိပ်ကောင်းသော ဘုန်းကြီးကျောင်း၏ ချောင်တစ်ချောင်၌ ဝင်ခိုလိုခို၊ အချို့ကလည်း ဇရပ်ပျက်၌ တုံးလုံးပက်လက် လှဲလိုလှဲ၊ အချို့လည်း သင့်တော်



ရာလူနှင့် တစ်တွဲတွဲကာ တရားဆွေးနွေးလျက် ရှိကြကုန်သည်။

ဒေါ်ခင်ဆွေဆွေနှင့် မကြီးတစ်တို့ ဘုရားဆောင်းတန်းရှိ ဇရပ်တစ်ဆောင်တွင် လက်ဖက်စားရင်း တရားအကြောင်း ဆွေးနွေးနေကြသည်။

"အင်း. . လောဘဒေါသအပူတွေကြား ကျင်လည်နေရတာ ဘုရားရိပ်တရားရိပ်ရောက်မှ အေးချမ်းမှုကိုရတော့တာပဲ ခင်ဆွေဆွေရယ်"

"ဒါပေမယ့်. . ကျောင်းအစ်မရယ် တရားရှာ ကိုယ်မှာတွေ့တယ်မဟုတ်လား၊ စိတ်ထဲမှာဘုရားတရားမြဲရင် ဘယ်နေရာမှာမဆို အေးချမ်းမှုရှာတွေ့နိုင်ပါတယ်"

ဒေါ်ခင်ဆွေဆွေက ပိုင်ပိုင်ကြီးပြောချလိုက်ပြီး လက်ဖက်ခွက်ထဲမှ ပုစွန်ခြောက်ကြီးကြီးနှစ်ကောင်ကိုရွေးရှာပြီး တစ်ဇွန်းစား၏။

"တရားဆိုတာကတော့ ကျွန်မတို့အတွက်က အထူးတလည်လုပ်နေရတာမဟုတ်ပါဘူး၊ အထူးဖျစ်ညှစ်လုပ်ပါမှ တရားဖြစ်မယ်ဆို ဘယ်တရားစစ်ပါတော့မလဲ ဟုတ်ဖူးလား၊ တရားဆိုတာ ရင်ထဲမှာ အမြဲရှိရတယ် "

မကြီးတစ်ကလည်း အချိတ်ကလေးနှင့် ထွင်ပြန်၏။

"ရင်ထဲမှာပဲသိမ်းမထားနဲ့လေ လက်တွေ့လုပ်ရတယ် လက်တွေ့လုပ်မှ ကိုယ့်အတွက်အကျိုးရှိတာ ကိုယ်မလုပ်ရင်ကိုယ်မရဘူး၊ ကျွန်မတို့ဆိုကြည့် အမြဲတမ်း ဘုရားတရားကို စိတ်ထဲမှာလည်း နှလုံးသွင်းတယ်၊ လူကိုယ်တိုင်လည်း နေ့စဉ် ဆီမီး၊ ပန်း၊ ရေချမ်း၊ ကွမ်းကအစ ဆည်းကပ်ကိုးကွယ်တာ "

မကြီးတစ်က ဒေါ်ခင်ခင်ဆွေအား မျက်စောင်းကြိတ်ထိုးရင်း အားကျမခံလေသံနှင့်. .

"ကျွန်မလည်း အလုပ်လုပ်ရင်း အမြဲမပြတ်တော့ ဘုရားစာတွေ နှုတ်တိုက်ရွတ်ဆိုပါတယ် ကျောင်းအမရဲ့၊ အဟင်းဟင်း. . . "

ဒေါ်ခင်ဆွေက သက်ပျင်းဖွဖွချရင်း

"နှုတ်ကရွတ်နေလို့မပြီးသေးဘူးလေ၊ ပါးစပ်က ဘုရားဘုရား လက်ကကားရားကားရားလုပ်နေရင် ပိုမဆိုးလား "

မကြီးတစ် အောင့်သက်သက်ဖြင့် မျက်နှာပျက်သွားသည်။

"ကျွန်မတို့ ဘုရားတရား အချိန်ပြည့်မလုပ်နိုင်တာကတော့ သမျှ

ဝမ်းတစ်ထွာအတွက် လုံးပန်းနေရသေးတယ်လေ"

"လောဘတွေပေါ့၊ အဲဒါတွေကို သတိနဲ့ဆင်ခြင်ရမယ်၊ တစ်ချိန်လုံး ငွေနောက်လိုက်နေပြီး အားမှဘုရားဖက်အယောင်ပြလှည့်တယ်ဆိုတာမျိုးက တော့ ဘုရားအတွက်လည်းမကောင်း။ ကိုယ့်အတွက်လည်းမပါ။ သာသနာ အတွက်လည်း အကျိုးမရှိဘူး သံသရာမှာလည်း ကိုယ်ပဲထိမှာနော် ဆင်ခြင် . . ဆင်ခြင်"

ဒေါ်ခင်ဆွေဆွေက အပိုင်ဖွဲ၏။

"အေးပေါ့လေ ကိုယ်က သူများတွေလို ရပ်ကွက်ပတ်ချေး အတိုး လည်းမပေး အရင်းလည်းမလျော့ပဲ မျက်နှာပြောင်တိုက်နေပြီး ဘုရားတရား ချည်း ဇန်းပြနေတဲ့လူမှ မဟုတ်တာရှင်"

"ဘာရှင့် . . ရှင်ဘယ်သူ့ကို စောင်းပြောနေတာလဲ "

"ဩော် . . ကိုယ့်ကိုတောင်ဒဲ့ပြောနေတာ ကျုပ်ကဘယ်သူ့စောင်း ပြောရမှာလဲ ရှင့်ကိုဒဲ့ပြောနေတာ . . ဒဲ့ပြောနေတာ၊ အို . . ရှင်းရှင်းပဲမေးလိုက် မယ်၊ ကျုပ်အကြွေး ဘယ်တော့ဆပ်မှာလဲဆိုတာပြော "

"ဟဲ့ကောင်မရဲ့ ငါ့သမီးလင်ရရင် နင့်အကြွေးအကုန်ဆပ်ခိုင်းမယ် လို့ ပြောခဲ့ပြီးပြီလေ၊ ခု ငါ့သမီးလင်ရသေးလို့လား ပေးတုန်းကတော့ လာဘ် မျှော်ပြီး ပြုံးပြုံးပြုံးပြုံးနဲ့ပေးခဲ့ပြီးတော့ အခုတောင်းမှ အချောင်အမှန်းမခံပါနဲ့ မယ်တစ်ရယ်"

"နင့်သမီးလင်ရတော့ကော အဲဒီကောင်က ဆပ်နိုင်မှာတဲ့လား နင့် သမီးကောင်ရဲ့ အမေကလည်း ငါ့အကြွေးတွေမနည်းဘူး"

"အဲဒီကောင်နဲ့ ငါမပေးစားဘူးလို့ပြောပြီးသား ငါတို့အဆင့်အတန်း နဲ့ ဒီမြို့ကလူတွေနဲ့ မတန်ဘူး၊ ငါ့သမီးကို ရန်ကုန်ကသူဌေးသားနဲ့ပေးစားဖို့ ငါစီစဉ်ထားပါတယ်"

"ရပါလိမ့်မယ်အားကြီးကြီး နင့်သမီးကိုကြိုက်ရင်တောင် နင့်လို လူမျိုး ယောက္ခမ,မတော်ချင်လို့ ယူမှာမဟုတ်ဘူး၊ အကြွေးကလည်းထူသေး၊ အပြောကလည်းကြီးသေး၊ အဝတ်အစားကလည်း လော်မာချင်သေး အလကား အဆံမပါတဲ့ သကြီးအမြှောက်"



"နင့်အကြွေးလေး ခြောက်သိန်းခွဲလောက်နဲ့ ငါ့ကိုဒီလောက်ပြော စရာမလိုဘူး၊ ငါ့သမီးလင်မရရင် ငါ့အိမ်ဝိုင်းရောင်းပြီးပေးမယ် မိခင်ဆွေတဲ့ဟာ ဘယ်သူ့အကျောမှမခံဘူး ဟင်း"

"အေး . . အကြွေးဆပ်နိုင်တဲ့တစ်နေ့ ဟောဒီတန်ဆောင်းကို တရား ဆွေးနွေးဖို့လာခဲ့ ဇရပ်အစ်မ,မကြီးတစ် ဒီတန်ဆောင်းမှာဥပုသ်နေ့တိုင်း အမြဲ စောင့်နေမယ်"

ဒေါ်ခင်ဆွေဆွေ စိတ်ဆိုးမာန်ဆိုးနှင့် လက်ဖက်တစ်ဇွန်းကို မောက် မောက်ခပ်ပြီး ပါးစပ်ထဲထည့်လိုက်စဉ် မကြီးတစ်က . .

"ကဲ . . လောဘက အတောမသတ်နိုင်သေးဘူးလား၊ ဖြေးဖြေးမြို နင်လည်းနင်နေဦးမယ်"

"ဟဲ့ . . ငါက အစားမက်လို့မဟုတ်ဘူး၊ ဘုရားအောက်က ဝတ်နေ တဲ့ခွေးလေးဝါးကျွေးမလို့ဟဲ့ . . ဒီလောက်မှ သဒ္ဒါတရားမရှိရင်လည်း ဘုရား လာမနေနဲ့ ဘုရားအားနာဖို့ကောင်းတယ် ငါးစိမ်းရောင်းပြီး ကြီးပွားလာတာ သိပ်သိသာတာပဲ၊ ကဲသွားမယ် . . "

"ကြွကြွ . . ခွေးကျွေးမယ်ဆိုရင်လည်း ကျွေးဖြစ်အောင်ကျွေးလိုက် ဦး၊ မြိုချလိုက်ရင် ကိုယ်ဘာကောင်ဖြစ်သွားမလဲစဉ်းစား ကျုပ်ဆင်းရင် ခွေးကို မေးကြည့်မှာနော်"

ဒေါ်ခင်ဆွေဆွေ စိတ်ဆိုးမာန်ဆိုးဖြင့်ဆင်းလာရာ ဘုရားစောင်း တန်းတစ်နေရာတွင် သမီးဖြစ်သူလဲ့လဲ့ဆွေနှင့် သူ့ရည်းစားမောင်ချစ်ဆွေကို တွေ့သဖြင့် ဒေါသပိုဖြစ်သွားပြီး . .

"ဟဲ့ကောင်မ နင်က မိဘကိုညာပြီး ဒီမှာခွေးကျင့်ခွေးကြံ့ကြံ့နေ တာပေါ့လေ၊ နင့်ကို ဘယ်လိုမိဘမျိုးကမွေးထားသလဲ မစဉ်းစားမိဘူးလား၊ ဟင်း . . နင့်အော်ရတာနဲ့ ဟိုလက်ဖက်တောင် ယောင်မြိုချလိုက်မိပြီ၊ လာစမ်း ကောင်မ . . အိမ်လိုက်ခဲ့"

● ဆူပရာနီ

| |
|---|
| နိုင်ငံရေးကို ဝေဖန်နေကြတဲ့လူတွေဟာ မော်တော်ကားနဲ့တူ တယ်။ ညံ့လေလေ . . အသံတွေထွက်လေလေပဲ။ |


အဂ္ဂသုရာစည်သူပါမွှား
ကြုတ်တွင်းသွင်းကာ
ငုံထားပါလည်း

## ကြုတ်တွင်းသွင်းကာ ငုံထားပါလည်း

သည်တစ်လ စာပဟောဇာတ်ကို ဘယ်အကြောင်းအရာနဲ့ ဝါယော ထပ်ရမလည်းတွေးလိုက်တော့ စာပဟောဝါယောတို့နဲ့ ကာရန်တူ တာနေ့ခဆို သဟာကြီးက အာရုံမှာထင်လာသဗျ။ တာနေ့ခလို့ဆိုလိုက်တာနဲ့ သူ့ရဲ့အာခံ တွင်းမှာငုံထားပါတဲ့ ကြင်နာမငြီးချစ်ဇနီး လှသမုခသိင်္ဂီဆိုတဲ့ရွှေကြုတ်မယ် လေးကိုလည်း ပြေးမြင်မိတော့သပေါ့ဗျာ။

သူတို့နှစ်ဦး အထူးဆုံတွေ့ခဲ့ကြပုံ ဇာတ်ကြောင်းလေးကို ထပ်လောင်း ရေးပြရမယ်ဆိုရင်တော့ ဟောဒီလိုပရိသတ်။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းစိုးစံစဉ်ကာလ ကျုပ်တို့ဗုဒ္ဓလောင်းလျာဟာ ဒိဗ္ဗစက္ခုအမြင်ရဈာန်ရရသေ့



အဖြစ် ဟိမဝန္တာမှာသီတင်းသုံးနေထိုင်လေရဲ့။ သူနဲ့ မနီးမဝေးမှာ တာနေ့ခကျွ ဆိုတဲ့ လူပျိုသိုးဘီလူးကြီးလည်း သူ့စည်းကိုယ့်စည်းခြားလို့ ဂူနီးနားချင်းများ အဖြစ် ချစ်ကြည်ရင်းနှီးစွာနေထိုင်ပါသတဲ့ဗျာ။

တစ်ခါသားကျတော့ ကညာတစ်ပါးဟာ မျက်စိလည်လမ်းမှားလို့ ထိုအနားသို့ရောက်အလာ လှပတဲ့ရုပကာ၊ ပျူငှာတဲ့အပြုံး ကြည်သာချိုမက် စရာကိုယ်လုံးလေးကလည်း ဂျနီဖာလိုပက်လို မှုန်းမပြေနိုင်စရာဆိုတော့ ဘယ်

**● ကညာတစ်ပါးဟာ**
**မျက်စိလည်လမ်းမှားလို့**
**ထိုအနားသို့ရောက်အလာ**
**လှပတဲ့ရုပကာ၊**
**ပျူငှာတဲ့အပြုံး ကြည်သာချိုမက်စရာ**
**ကိုယ်လုံးလေးကလည်း ဂျနီဖာလိုပက်လို**
**မှုန်းမပြေနိုင်စရာဆိုတော့**

ပြောကောင်းမလဲ။ ကျုပ်တို့ဇာတ်လိုက် အူတိုမျိုးလူပျိုသိုးတာနေ့ခကျွလည်း တဏှာကြောတွေတက်ကြွ လာပြောမနေနဲ့ ဖက်သကွဆိုပြီး ဇွတ်အတင်းဆွဲ သူ့နေတဲ့ဂူအတွင်း သွတ်သွင်းလို့လှဲတော့တာပေါ့ဗျာ။

မိန်းမပျိုလေးကို ဖွဲ့လမ်းလွန်းသဟာကြောင့် သူသွားလေရာ ပစ်မထား ရက် ချစ်မယားရမ္မက်ကလေးကို ရွှေကြုတ်ထဲသွင်း အာခံတွင်းမှာငုံ တပိုတပါး သွားချင်ရင်တောင်မှ အစ်ကိုစားပုံမယ်ဆိုရလောက်အောင် အဖြစ်သည်း အချစ် ကဲနေလိုက်တာများ မြင်နေရတဲ့ရသေ့တောင် အချစ်ရူးဘီလူးငယ်ထိပ်တုံးတောင် နဲ့ထောင်းပြီးကြိတ်ချင်စိတ်ပေါ်မိသတဲ့ ပရိသတ်။

မတော်မတရား ပျော်ပါးချင်မှ အပြင်ထုတ်။ ကျန်တဲ့အချိန် ရွှေကြုတ် ထဲဝင်. . ဟင်. . ဒါကြောင့်လည်း ဒီကောင်မလေးရဲ့အမည်သညာ သမုခသိင်္ဂီ လို့တွင်ခဲ့ပေတာပေါ့ဗျာ။ အာခံတွင်းထဲငုံထားလို့ရတဲ့ မဒီကညာနဲ့ ဒီတဏှာ

ကြူမဟာဘီလူးကြီး ဘယ်လိုပလူးပလဲလှိမ့်ဖြစ်မှာတုန်းဆိုပြီး စကားကပ်ပြီးမမေးနဲ့ပရိသတ်။ အတိတ်ဇာတ်က ဒီအတိုင်းကိုဆိုထားသဗျ။

တိုတိုပြောရရင်တော့ တစ်နေ့သားမှာ တာနောယက္ခဟာ အထွေထွေအထူးထူးမဟုတ်ပါဘဲ ရေကူးချင်စိတ်ဖြစ်လာသတဲ့။ ဒါနဲ့ မြစ်ဆိပ်ကိုသွားရွှေကြုတ်မယ်လေးကိုလည်း သနားစိတ်ဝင်လို့. . ငါရေကူးစဉ် နင်အပြင်မှာလေကောင်းလေသန့်ရှူ နေပူစာလှုံနိုင်သကွဲ့ဆိုပြီး ကြုတ်ကလေးထဲက ထုတ်ပေးခဲ့သတဲ့။

တဲ. . အဲဒီမှာ စတွေ့တာပါပဲ ပရိသတ်။ ဘီလူးကြီးပြုးပြီးကူးနေတုန်း ရွှေကြုတ်မယ်လေးလည်း ပက်လက်လှဲနေပူစာလှုံနေခိုက် ဟိုက်ရှားဘားကောင်းကင်ထက်ငှက်မဟုတ်ဘဲသွားနေတဲ့ ဝိဇ္ဇာမိုရ်တစ်ယောက် ဖြုန်းဆိုရောက်လာ။ ဘာပြောကောင်းမလဲပရိသတ်။

'အို နှမငယ် လှတယ်ဆိုတာထက်ပိုလွန်ချော။ အွန်စောလိုပါပဲလား။ လှချက်တကမ်းကုန် လှပုံကအပြစ်ကင်း ချစ်တင်းနှောလိုက်ချင်ပါဘိ'

အဲသလို သိက္ခာမလိုတဲ့ ဝိဇ္ဇာမိုရ်က ကျိတ်ကာဆိုလိုက်တော့. .

'လှပုံသန့်လို့ ချူမုံလိုခန့်တဲ့မောင်ကြီးရယ်။ ဂူထဲကအိပ်ရာထဲ ပြိတ္တာသရဲနဲ့တူတဲ့ဘီလူးကြီးနဲ့ ပလူးပြီးနေရ။ တစ်နေ့ကမှမပျော်ရွှင် အဖော်မင်နေတဲ့နှမလေးကို ခဏလေးမြင်တာနဲ့ ကြင်နာမယ်ဆိုတာ တမင်တကာပလီလိုက်တာများလား'

'အို. . အလှပဂေး နှမလေးရယ် ခဏလေးမြင်ရုံနဲ့ ကိုကိုမိုရ်ရင်တွေဘယ်ကလောက်ခုန်တယ်ဆိုတာ မယုံရင်စမ်းကြည့် တန်းသိနိုင်ပါတယ်ကွယ်'

ကိုင်း. . ပရိသတ် ဒီလောက်ဆိုရင်တော့ စိတ်အဆာပိုနေတဲ့ ဆံမြိတ်ကညာပျို့နဲ့ ဝိဇ္ဇာမိုရ် ဘယ်လိုခရီးဆက်ကြမယ့်အကြောင်း သိကောင်းလောက်ပြီထင်ပါရဲ့။ နှစ်ဦးသား မိုးမမြင်လေမမြင် အပျော်ကြူနေလိုက်ကြတာ ရေကူးပြီးပြန်လာတဲ့ လင်ဘီလူးခြေသံကြားမှ ဝိဇ္ဇာမိုရ်လည်း ရွှေကြုတ်ထဲလွှားခနဲဝင်သူ့လင်မမြင်အောင် ရှောင်ပုန်းရတော့တာပေါ့။

'ကြုတ်မယ်လေးရယ်။ မေဘီလူးရေကူးတာကြာနေလို့များ ပျင်းနေရှာသလား'



သို့ကလို ဘီလူးဆိုတော့ မူပိုပိုမျက်လုံးနဲ့ ခပ်ပြုံးပြုံးကြည့်ပြီး. .

'နှမလေးလေ ရွှေကြုတ်ထဲမှာသာ အနေကြာလို့ အပြင်မှာမပျော်ပါဘူးရှင်ရယ်။ သဟာကြောင့် ကြုတ်ထဲသာ အမြန်သွင်းပြီး အာခံတွင်းထဲအမြန်ငုံထားပါတော့။ မောင်တော့်ကြာပဒုံခံတွင်းနဲ့သင်းပျံ့တာလေးခံချင်လို့'

ဒီလိုလည်းပြောလိုက်ရော။ ယက္ခတာနော ဘောတော်ကျလို့ဝင်စေဗျာ. . ငုံမယ်ဗျာ'ဟားဟားဟီးဟီးသွားကြီးဖြီးဖြီးသကာလ သူ့မယားလေးကို

● **<u>ဘီလူးကြီးပြုးပြီးကူးနေတုန်း ရွှေကြုတ်မယ်လေးလည်း ပက်လက်လှဲနေပူစာလှုံနေခိုက် ဟိုက်ရှားဘား ကောင်းကင်ထက် ငှက်မဟုတ်ဘဲသွားနေတဲ့ ဝိဇ္ဇာမိုရ်တစ်ယောက် ဖြုန်းဆိုရောက်လာ</u>**

ကြုတ်ထဲထည့် ပါးစပ်ပုပ်ကြီးထဲသွင်း အူမြူးခြင်းတွေနဲ့ကခုန် မှုံနေတာပဲတဲ့ဗျာ။ သနားစရာကောင်းလွန်းလှပါဘိ။ ကြုတ်ထဲမှာ ဘာတွေဖြစ်နေမလဲသရုပ်ခွဲကာကြည့်လိုက်တော့ အွန်စောနဲ့ဂျူမုံ လေဟုန်စီးလို့ မြေကြီးတုန်နေကြပြန်ပေါ့ဗျာ။

ဒီလိုနဲ့ ကခုန်ပြီးပြန်အလာ လမ်းမှာရသေ့နဲ့တွေ့ပါရောလား။ ရသေ့က ဒိဗ္ဗစက္ခုရထားသူဆိုတော့ အားလုံးကိုမြင်တွေ့နေရသဗျ။ ဒါနဲ့. .

'သင်တို့လင်မယားသုံးယောက် ဘယ်က ပြန်လာကြသလဲ'

ဆိုပြီး မေးတော့တာပေါ့။ ရသေ့စကားတစ်မူဆန်းပြားနေတာကြောင့် ဘီလူးလည်း အံ့အားသင့်သွားသတဲ့။

'အရှင်ရသေ့ ကျွန်ုပ်တစ်ဦးတည်းကိုမြင်ပါလျက် ဘယ့်နှယ်လင်မယားသုံးယောက်လို့ပြောရပါသလဲ'

ဒီတော့ ရှင်ရသေ့က ပြုံးတော်မူတယ်။

'ကာမဂုဏ်အာရုံကြူးပါတဲ့ မောင်ဘီလူးတာနော။ ကျွန်ုပ်ဘာသဘော နဲ့ပြောသလဲဆိုတော့ သင်အချစ်ကြီးစွာနဲ့မြှူထားတဲ့ရွှေကြုတ်ထဲ သင့်မယားနဲ့ ဝိဇ္ဇာမိုရ်ကဲနေကြတာကို နည်းနည်းလေးမှ မသိရှာသလား'

ဒီလိုပြောင်ဖွင့်ပြောလိုက်မှ ဘီလူးလည်း မျက်လုံးမျက်ဆန်ပြူးပြီး ကြုတ်ဗူးကိုထွေးထုတ်လိုက်တာ အဖုံးပါပွင့်သွားလေသတဲ့။ သည်တော့ ဝိဇ္ဇာမိုရ်လည်း ဣဒ္ဓိတန်ခိုးနဲ့ ကောင်းကင်ပေါ်ကိုးတော့တာပေါ့။ မလုံမလဲဖြစ် နေတဲ့ ရွှေကြုတ်မယ်ကိုကြည့်ပြီး အချစ်ကြောင့် ချက်ချင်းအသည်းအက်သွား တဲ့ဘီလူးကြီးလည်း ရွဲပျက်နေတဲ့ အသံကြီးနဲ့ အဆိုတော်အဲလက်စ်ရဲ့ ငါမင်း ကိုသတ်ချင်တယ်ဆိုတဲ့သီချင်းကို ဆိုပါလေရောလား။

သည်တော့မှ ရှင်ရသေ့က တမင်အရှေ့ကြားဝင်ရပ်ပြီး 'မသတ်ချင် နဲ့ မောင်တာနော။ မိန်းမတို့ရဲ့ အထာသဘောသည်ကား ဤသို့ပင်တည်း'အစ ချီပြီး သကာလ ပုံပမာထုံးဟောင်းများကို လှစ်ဟမြွက်ဖော် ဒိဋ္ဌစကျွဉာဏ်ရှိ သမျှ အပြစ်ပြအချက်ပေါ် ဆုံးမတော်မူလေသတဲ့။


ဘီလူးဖြစ်သော်လည်း ဉာဏ်ရည်မနည်းတဲ့ တာနောဟာ ရှင်ရသေ့ ညွှန်ပြ တရားဓမ္မတွေစီးဝင်လို့ ဇနီးကိုနှင်ထုတ် လောကီဇာတ်ရှုပ်ကိုရှင်းပြီး သကာလ၊ ကာမဂုဏ်ကိုခဝါချနိုင်သူ အာဂဘီလူးအဖြစ်နေသွားခဲ့ကြောင်း နဝကနိပါတ်လာသမုဂ္ဂဇာတ်ကို အထုပ်ဖြတ်ပေါင်းလိုက်ရကြောင်းပါခင်ဗျာ။

● အဂ္ဂသူရာစည်သူပါမွှား



မိန်းမတိုင်း
ကွန်ပျူတာရိုက်တတ်ဖို့လိုနေပြီ။
ဒါဟာ မိန်းမတိုင်းအတွက်ရင်သားပြီးရင်
အဓိကလိုအပ်ချက်ပဲ။





အ ဖ တ် သ င် စာ မျ က် နှာ



# ဟာသတစ်ခွက်

မေမြန်မာ

ယဉ်ကျေးမှုတဏ္ဍသိုက်




**ငွေရှာနည်း**

သူတောင်းစား-ကျွန်တော်က စာရေးဆရာပါဗျာ။
'အကျိုးဖြစ်ငွေရှာနည်းများ'စာအုပ်ကို ကျွန်တော်ရေးခဲ့ပါတယ်။
လုပ်ငန်းရှင်-ဒါဆို ဘာလို့တောင်းစားနေရတာလဲ။
သူတောင်းစား-ဒါလည်းငွေရှာနည်းတစ်ခုပဲလေ။



အ ဖ တ် သ င် စာ မျ က် နှာ



**ဝိညာဉ်များလားဟင်**

အလုပ်ရှင်-နောက်ဘဝ ရှိတယ်ဆိုတာ မင်းယုံလား

လုပ်သား-ယုံပါတယ်။ ဘာဖြစ်လို့လဲဗျာ

အလုပ်ရှင်-မင်းအဘွား ဈာပနအတွက် မနေ့က မင်းခွင့်ယူသွားတယ်လေ။

လုပ်သား-ဟုတ်ကဲ့ပါဗျာ

အလုပ်ရှင်-မင်းဈာပနာ မှာရှိနေတုန်း မင်းအဘွားက ရုံးကိုရောက်လာတယ်။ မင်းနဲ့တွေ့ချင်လို့တဲ့။

**ရေများတူးတတ်ရင်**



'ငါစိတ်ဓာတ်ကျတဲ့အခါ ရေထဲခုန်ချပြီး သေပစ်လိုက်ချင်တာပဲကွာ'

'ဘာဖြစ်လို့ အဲလိုမလုပ်ဖြစ်တာလဲ'

'ရေမကူးတတ်လို့'

အ ဖ တ် သ င် စာ မျ က် နှာ



**မေမေတယ်ပေလို့**

"ဖေဖေ သားဟိုဘက်လမ်းက ကေသီနဲ့လက်ထပ်တော့မလို့"

"ဘုရား ဘုရား အဲဒီကောင်မလေးဆို မင်းယူလို့မရဘူး သားနဲ့ ကေသီနဲ့က ဖအေတူမအေကွဲမောင်နှမတွေကွ"

တစ်လခန့်ကြာသွားသည်။

"ဖေဖေ သားအနောက်လမ်းက နေခြည်နဲ့ယူတော့မယ်"

"အောင်မလေး ဘုရား ဘုရား မဖြစ်ဘူး မဖြစ်ဘူး နေခြည်နဲ့သားဟာ ဖအေတူ မအေကွဲတော်တယ်ကွ"

တစ်လခန့်ကြာသွားပြန်သည်။

"ဖေဖေ သားမြောက်ဖက်လမ်းက ဒေစီနဲ့ အိမ်ထောင်ပြုတော့မယ်"

"အမလေး မလုပ်လိုက်ပါနဲ့ မိုးကြိုးတွေပစ်ကုန်လိမ့်မယ် မင်းနဲ့ဒေစီနဲ့က ဖအေတူ မအေကွဲမောင်နှမအရင်းကြီးတွေကွ"

သားက စိတ်ညစ်ပြီး အမေ့ကိုတိုင်ပြောသည်။

"သားဘယ်လိုလုပ်ရမလဲ မေမေ ကေသီတို့ နေခြည်တို့ဒေစီတို့ တစ်ယောက်ယောက်နဲ့ လက်ထပ်မယ်ကြံတိုင်း ဖေဖေက ဖအေတူမအေကွဲ မောင်နှမတွေမို့ မယူရဘူးလို့ပြောနေတယ်"

အမေက ဟန်ပါပါပြုံး၍

"ငါ့သား ဘာမှစိတ်မကောင်းမဖြစ်နဲ့ အဲဒီကေသီရော နေခြည်ရော ဒေစီရော သားကြိုက်တဲ့မိန်းမကိုယူလို့ရတယ် ဟင်းဟင်းဟင်း သူက မင်း အဖေအရင်းမှမဟုတ်တာ "



အ ဖ တ် သ င် စာ မျ က် နှာ



**မပေးဘဲနဲ့များ**

'ငါ့မိန်းမ ပိုက်ဆံအမြဲတောင်းနေလို့ သိပ်စိတ်ညစ်ဖို့ကောင်းတယ်ကွာ၊ အရင်တစ်ပတ်က၅၀၀၀၀တောင်းတယ်၊ မနေ့က ၂၀၀၀၀တောင်းပြန်တယ်၊ ဒီနေ့ကျတော့ ငါးထောင်ပေးတဲ့'

'ဒါတော့မကောင်းဘူးကွာ၊ နေပါဦး အဲဒီပိုက်ဆံတွေကို မင်းမိန်းမက ဘာလုပ်ပစ်လိုက်လဲ'

'ဒါတော့မသိဘူးလေ၊ ငါက သူတောင်းတိုင်းတစ်ခါမှ မပေးခဲ့တာ'




**သမီးပဲယူမှာ**

'ဦးသမီးကို ကျွန်တော်လက်ထပ်ပါရစေခင်ဗျာ'

'ဒီကိစ္စမျိုးက ငါ့မိန်းမနဲ့အရင်တွေ့ဖို့လိုတယ်'

'ဟုတ်ကဲ့ တွေ့ဖူးပါပြီခင်ဗျာ၊ သိပ်တော့မဆိုးပါဘူး။ ဒါပေမယ့် ကျွန်တော် ဦးသမီးကိုပဲ ကြိုက်လို့ပါ' ■

အဖတ်သင်စာမျက်နှာ






## အများနှင့်သက်ဆိုင်သောသူ

ဟိုးရှေးရှေးတုန်းက ယာသမားအိမ်တစ်အိမ်မှာ နွားရယ် ဝက်ရယ်၊ ကြက်ရယ်၊ ကြွက်တစ်ကောင်ရယ်က ခင်ခင်မင်မင်ပဲ နေကြပါတယ်။

နွား၊ ဝက်၊ ကြက်တို့ကို ယာသမားကမွေးထားတာဆိုတော့ ကြည်ကြည်ဖြူဖြူပဲ အစာချကျွေးပေမယ့် သူတို့မွေးမထားတဲ့ကြွက်ကိုတော့ မသထာကြဘူး။ ဒီတော့ကြွက်က သူ့ဝမ်းပူစာမနေသာပဲ ဖောက်ရ၊ ခိုးစားရတာပေါ့။

တစ်နေ့မှာ စပါးကျီကြီးဖောက်မိလို့ ယာသမားလင်မယား စိတ်ဆိုးကြတယ်။ ဒါနဲ့ လင်မယားနှစ်ယောက်တိုင်ပင်ပြီး ကြွက်ထောင်ချောက်တစ်ခု ဝယ်လာကြတယ်။ ယာသမားလင်မယား ကြွက်

ထောင်ချောက်ဝယ်လာတာကို ထုတ်တန်းပေါ် မှာရှိနေတဲ့ကြွက်ကတွေ့သွားပြီး အကြီးအကျယ် တုန်လှုပ်သွားတယ်။

ဒါနဲ့ သူငယ်ချင်းတွေကို သတိပေးဖို့ အရေးတကြီး ထွက်လာတယ်။ ကြက်ကိုတွေ့တော့ ပြောပြတယ်။

"သူငယ်ချင်းကြက်. . ယာသမားလင်မယား ကြွက်ထောင်ချောက် တစ်ခုဝယ်လာတယ်၊ သူငယ်ချင်းသတိထားပြီးနေပါတော့"

ကြက်ကရယ်တယ်။

"ဟား ဟား ဟား ဟား. . ကြွက်ထောင်ချောက်ဝယ်တာနဲ့ ငါနဲ့ ဘာများပတ်သက်လို့လဲကွာ၊ မဆီလေးရယ်မှ အိုမဆိုင်ဘဲ အေး. . မင်းအတွက် တော့စိတ်မကောင်းပါဘူး သတိနဲ့နေ သတိနဲ့စားပေါ့ကွာ"

ကြွက်က စိုးရိမ်တကြီးနဲ့ပြေးထွက်သွားပြန်တယ်၊ ဒီအကြောင်းကို သူငယ်ချင်းတွေကို သတိပေးရမယ်လေ၊ ဒီလိုနဲ့ အစာခွက်ပေါ် ငိုက်မြည်းနေတဲ့ ဝက်နဲ့တွေ့တယ်။

"ဗျို့ ကိုဝက်ကြီး. . သတိနဲ့နေတော့ဗျို့. . ယာသမားလင်မယား ကြွက်ထောင်ချောက်ဝယ်ထားပြီဗျ"

ဝက်က မျက်မှောင်ကြီးကြုတ်ပြီး ပြန်ပြောတယ်။

"ဟ. . ကြွက်ရ. . ကြွက်ထောင်ချောက်နဲ့ ဝက်တယ်ဒင်းနဲ့မှ ဆက်စပ် လို့မရပါလား၊ အေး အေး. . မင်းကိုတော့ငါသနား လှသကွာ၊ ဘုရားတရား အာရုံပြုနေပေါ့ကွာ သေလွန်ပြီး ဟိုဖက်မှာကောင်းရာသုဂတိရောက်ရအောင် နော့. ."

ဒီလိုပဲ နှစ်သိမ့်လိုက်ပါတယ်။

ကြွက်က ထပ်ပြီးပြေးထွက်သွားတယ်။ မိတ်ဆွေဦးနွားကြီးကို သတိပေးရဦးမယ်လေ။

"ဦးနွားကြီး ဦးနွားကြီး. . ယာသမားလင်မယားက ကြွက်ထောင် ချောက်ဝယ်လာပြီဗျ. . သတိနဲ့နေတော့"



"အဟားဟား. . ကြွက်ထောင်ချောက်က ငါ့အတွက်အန္တရာယ်မှ မဟုတ်တာပဲကွာ၊ မတော်လို့ ငါနင်းမိရင်လည်း ထောင်ချောက်က ငါ့ခြေ သည်းအဖျားကိုတောင်ညှပ်နိုင်မှာမဟုတ်ဘူး။ တစစီကျိုးပဲ့သွားမှာပါကွာ၊ မင်း ကိုတော့ ဦးနွားကြီးက သနားတယ်ကွာ. . သနားတယ်. . ဦးနွားကြီးဘာဖြစ် နေလည်းသိလား ဟား. . ဟား ဦးနွားကြီး နွားလိုနေလို့နွားဖြစ်နေတာ စိတ် ကိုစိတ်နဲ့မြင်အောင်ကြည့် ဟားဟား ဦးနွားကြီးကသနားတယ်. . သနားတယ်"

ဒီလိုနဲ့ပေါ့ဗျာ၊ ညဖက်ကိုရောက်လာတယ်။ ညဖက်တိတ်ဆိတ်ချိန် မှာ ဖြောင်းဆိုတဲ့ကြွက်ထောင်ချောက်မိသံ ကြားရတယ်။

နွား၊ ဝက်နဲ့ကြက်တို့ကတော့ ကြွက်ကလေး ကောင်းရာမွန်ရာဘုံဌာန ကိုရောက်ပါစေကြောင်း ဆုတောင်းပေးနေကြတယ်။

ကြွက်ထောင်ချောက်မိသံကြားတော့ ယာသမားမိန်းမက ဝမ်းသာ အားရနဲ့ ညကြီးမင်းကြီးမမြင်မစမ်းသွားဖြုတ်တယ်။ ထောင်ချောက်မှာမိနေတာ ကြွက်မဟုတ်ဘဲ မြွေဆိုးတစ်ကောင်ဖြစ်နေတယ်။ မြွေဆိုးက ယာသမားမိန်းမ ရဲ့လက်ကိုကိုက်တော့ မြွေဆိပ်သင့်ပြီးလဲပါတော့တယ်။

ယာသမားလည်း မိန်းမအတွက် ထိတ်ထိတ်ပျာပျာနဲ့ မြွေကုဆရာ ပင့်ရတော့တာပေါ့။ မြွေကုဆရာက သင့်ရာဆေးပေးပြီး လူနာအားရှိအောင်လည်း ကြက်စွတ်ပြုတ်ကလေးတိုက်ဖို့အကြံပေးတယ်။

ဒါနဲ့ ကြွက်ထောင်ချောက်နဲ့ မဆီလေးရယ်မှအိုမဆိုင်တဲ့ကြက်၊ လူမမာစတ်စာ ကြက်စွတ်ပြုတ်ဖြစ်ရတော့တာပေါ့။ ယာသမားရဲ့မိန်းမ မြွေ ကိုက်ခံရတဲ့သတင်းကြားတော့ ရပ်ဝေးရပ်နီးက ဆွေမျိုးသင်္ဂဟတွေက လူမမာ မေးလာကြတယ်။ မိတ်ဆွေများကို မျက်နှာမပျက်၊ ချစ်ခင်မပျက်ရအောင် ယာသမားကြီးက လူမမာမေးသူမိတ်သင်္ဂဟများကို ဝက်သားဟင်းနဲ့ဧည့်ခံရ တာပေါ့။ အဲဒီမှာ သေလွန်ပြီး ဟိုဖက်ဘဝမှာ ကောင်းရာသုဂတိရောက်အောင် ကြွက်ကလေးကို ဆုတောင်းခိုင်းခဲ့တဲ့ဝက်လည်း ဧည့်တည်တဲ့ဟင်းအိုး ရောက်ရပြန်တယ်။

လူမမာကို ဆရာများနဲ့ကြပ်ကြပ်မတ်မတ်ကု၊ ဆွေမျိုးသင်္ဂဟများ

## အ ဖ တ် သ င် စာ မျ က် နှာ

ဘယ်လိုပဲခေတ်စာကျွေးအားပေးကြသော်ငြား သူ့ကိုကိုက်တဲ့မြွေက အဆိပ်ပြင်းလွန်းတာကြောင့် သုံးရက်မြောက်တဲ့နေ့မှာ ယာသမားမိန်းမသေရှာပါလေရော၊ ဒီတော့ ယာသမားလည်း ရက်လည်ဆွမ်းသွတ်ဖို့ နွားကိုပေါ်ရတာပေါ့၊ ကြွက်ကလေးကိုသနားခဲ့တဲ့ ဦးနွားကြီးလည်း သူ့ကိုယ်သူပြန်မသနားနိုင်ခင်မှာပဲ ကားကားကြီးသေပွဲဝင်ရပြန်တယ်။

ဒီပုံပြင်လေးကိုကြည့်ပြီး အသေးအဖွဲလေးကအစ ဒီကိစ္စဟာ အများနဲ့သက်ဆိုင်နိုင်တယ်၊ အများနဲ့ဆိုင်ရင် ငါနဲ့လည်းဆိုင်နိုင်တယ်ဆိုတာ သတိချပ်ကြပါ။

● လင်းမော်လင်း

အဖတ်သင်များ အ တွက် အိမ်စာဖြစ်ပါသည်။

ယခုလ အဖတ်သင် စာမျက်နှာကို ဆရာအုပ်လှကြီး၏ ဘယ်သူအမိုက်ဆုံးလဲ ပုံပြင်နှင့် နှတ်ဆက်ပါတော့မည်၊ ၎င်းပုံပြင်ကို စေ့ငုသေချာစွာ ဖတ်ရှုပြီးပါက ဟားခလုတ် အယ်ဒီတာအဖွဲ့မှ စာဖတ်သူ၏အမြင်ကို သိလိုလှပါသည်။

(၁)ဘယ်သူအမိုက်ဆုံးလဲ။
(၂)-ဘာ့ကြောင့်လဲ။

-စာဖတ်သူများ၏ အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးပို့စေလိုသည်။

-ဟားခလုတ် အယ်ဒီတာအဖွဲ့လိပ်စာကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

-အဖြေမှန်သူများ၏ အဖြေများကို ဟားခလုတ်(၅)တွင် ဖေါ်ပြပေးပါမည်။



# ဘယ်သူအမိုက်ဆုံးလဲ

## အုပ်လှကြီး



## ဘယ်သူအမိုက်ဆုံးလဲ

တစ်ခါက ညီအစ်ကိုလေးယောက်ဟာ အလွန်အစွမ်းထက်တဲ့ မှော်ဆရာကြီးတစ်ဦးထံမှာ တပည့်ခံကြသတဲ့၊ မှော်ဆရာကြီးက သူတို့ကို ပညာရပ်တစ်ခုသင်ကြားပေးပါတယ်။ ဒီပညာက သေလွန် တာကြာပြီဖြစ်လို့ အရိုးမြေကျဖြစ်နေတဲ့ကျားသေကို အသက်သွင်းတဲ့ ပညာပါ။

သင်ပုံသင်နည်းကလည်း အဆန်းပါပဲ။ တစ်ယောက်စီကို တစ်မျိုးစီစွမ်းအောင် သင်ပေးလိုက်ပါတာ။ ကိုကြီးကို အရိုးဆက်တဲ့ ပညာ၊ ကိုလတ်ကို အသားသွင်းတဲ့ပညာ၊ ကိုငယ်ကို သားရေအုပ်တဲ့ ပညာ၊ ညီထွေးလေးကိုကျတော့ အစ်ကိုသုံးယောက် အကောင်အထည် ဖော်လိုက်တဲ့ကျားသေကြီးကို အသက်သွင်းတဲ့ပညာဆိုပြီး သင်ပေးလိုက်တာပါ။

မှော်ဆရာဆီကပြန်လာခဲ့တဲ့တောလမ်းခရီးမှာပဲ ပြန့်ကျဲနေတဲ့ ကျားအရိုးစုကိုတွေ့လိုက်ရတော့ အားလုံးဝမ်းသာသွားကြသတဲ့။ သူတို့ရဲ့ပညာကို



လက်တွေ့စမ်းသပ်လို့ရပြီပေါ့။

ပထမဆုံး ကိုကြီးက အရိုးတွေကောက်ပြီးလက်စွမ်းပြပါတော့ တယ်။ သူပြီးတော့ ကိုလတ်က တောင့်တင်းကြံ့ခိုင်တဲ့အသားမျှင်တွေကိုဖြည့်၊ ပြီးတော့ ကိုငယ်က အဝါအနက်ကျားသရေနဲ့ အလှဆင်လိုက်တော့ ကျားသေ ကြီး ရုပ်လုံးပေါ်လာတော့တာပေါ့။

သူတို့သုံးယောက်ပြီးတော့ ညီထွေးက မန္တာန်မှုတ်လိုက်တာ ဝုန်းဆို ကျားကြီးခုန်ထလာတော့တယ်။ သူတို့ရဲ့အစွမ်းကို ဝမ်းသာတဲ့အချိန်တောင် မရလိုက်ပါဘူး။ ကျားကြီးက အသက်ဝင်လာတာနဲ့ လေးဦးလုံးကို တိုက်ခိုက် သတ်ပုတ်ပြီး တကျွတ်ကျွတ်ဝါးစားတာကို ခံလိုက်ရတော့တယ်။ တကယ် တော့ ဖြစ်လာမယ့်အကျိုးဆက်ကို မစဉ်းစားမဆင်ခြင်ဘဲမိုက်မဲကြလို့ ဒီလို အသက်ဆုံးရှုံးခဲ့ကြရတာပါ။

မေးချင်တာကတော့ ဒီဇာတ်လမ်းလေးမှာပါဝင်တဲ့သူတို့အားလုံးမှာ အမိုက်မဲဆုံးသူဟာ ဘယ်သူဆိုတာကိုပါပဲ။

● အုပ်လှကြီး

ဟားခလုတ်အမှတ်စဉ်(၃) 'ဘယ်သူအဖြူစင်ဆုံးလဲ' အဖြေ မှန်ကို ဖော်ပြပေးလိုက်ပါသည်။

စာဖတ်သူတို့၏အမြင်များကို ပေးပို့ကြသည့်အတွက် များစွာ အားရကျေနပ်မိပါသည်။

ဘဝပျော်ရွှင်မှုရဖို့ဆိုတာ
ခင်ဗျားတစ်ခုခုကို ဝယ်နိုင်ဖို့ မလိုပါဘူး. .
ခင်ဗျားရဲ့ပြိုင်ဘက်က
တစ်ခုခုပျောက်သွားရင်လည်း
ခင်ဗျားအနေနဲ့ ပျော်စရာဖြစ်နိုင်ပါတယ်။

## အ ဖ တ် သ င် စာ မျ က် နှာ

ယခုလတွင်လည်း စိတ်ပါဝင်စားစွာ ပေးပို့ကြလိမ့်မည်ဟု မျှော်လင့်နေပါသည်။

အမှတ်စဉ်(၃)အတွက် ရင်ခုန်ပေးပို့ကြသူများအနက်မှ အယ်ဒီတာအဖွဲ့၏ သဘောနှင့် တိုက်ဆိုင်သောအဖြေပေးပို့နိုင်သူများ စွာရှိခဲ့ပါသည်။ ၎င်းတို့အထဲမှ အပြည့်စုံဆုံးအဖြေပေးနိုင်သူကို အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

**ကေသီမျိုးအောင်**

**အမှတ် ၀၀၄၊ တိုက်(၁၂)၊ ၂လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊**

အဖြေ။ ။ သူနဲ့လုံးဝပတ်သက်ခြင်းမရှိတဲ့ မိန်းကလေးအပေါ် လွယ်ကူစွာလုယက်ဖျက်ဆီးနိုင်ပါလျက် ကိုယ်ကျိုးအတွက်မကြည့်ဘဲ ဂရုဏာစိတ်ထားနဲ့ ကူညီလွှတ်ပေးခဲ့တဲ့သူခိုးဟာ ဒီဇာတ်လမ်းမှာ အဖြူစင်ဆုံးပါပဲ။

ကေသီမျိုးအောင်အတွက် ဟားခလုတ်(၃) စာအုပ်လက်ဆောင်ကို စာတိုက်မှတ်ဆင့် ပေးပို့လိုက်ပြီဖြစ်သည်။


**အဖတ်သင်အိမ်စာများ ပေးပို့လိုလျှင်ဖြင့်**

**အဖတ်သင်ကဏ္ဍ**

**ဟားခလုတ်အယ်ဒီတာအဖွဲ့**

အမှတ်(၁၁၃)၊ ကန်သာယာလမ်း၊ ၂၆ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
သို့ လိပ်မူ၍ပေးပို့နိုင်ပါသည်။